ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့

The Republic of the Union of Myanmar

The Central Body for Suppression of Trafficking in Persons

Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်

# National Standard Operating Procedures on Return/Repatriation, Reintegration and Rehabilitation of Victims of Trafficking in Persons

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ

June 2020

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့

**The Republic of the Union of Myanmar**

**The Central Body for Suppression of Trafficking in Persons**

**Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်

# National Standard Operating Procedures on Return/Repatriation, Reintegration and Rehabilitation of Victims of Trafficking in Persons

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ

June 2020

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးမှုတိုက်ဖျက်ခြင်းနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့နေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်စပ်အစိုးရဌာနများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုံခြုံပြီးဂုဏ်သိက္ခာရှိသည့် ပြန်လည်လက်ခံရေးနှင့် အောင်မြင်သော လူမှုစီးပွားရေးဆိုင်ရာ ပြန်လည်ဝင်ဆံ့ပေါင်းစည်းမှုကို ရရှိစေရန်အတွက် ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း လုပ်ဆောင်နေကြသူများအကြား ထိရောက်သည့်အစီအစဉ်များ ရေးဆွဲပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် ဝန်ဆောင်မှုပေးသူများအနေဖြင့် လူကုန်ကူးခံရသူများနှင့် ထိတွေ့ဆက်ဆံရာတွင် ကျင့်ဝတ်ဆိုင်ရာလိုက်နာမှုနှင့် စောင့်ရှောက်ကူညီသည့် လုပ်ငန်းစဉ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှုရှိရန်လည်း အရေးကြီးပါသည်။ သို့ဖြစ်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) မြန်မာ၏ပံ့ပိုးမှုဖြင့် သက်ဆိုင်ရာအစိုးရဌာနများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပါဝင်လျက် ဤစံလုပ်ငန်းအစီအစဉ်ကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။ ယခုအတည်ပြုရေးဆွဲထားသော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်းအစီအစဉ်၌ လူကုန်ကူးခံရသူဟု ယူဆရသူ (သို့မဟုတ်) လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ထားသူများအား အကူအညီပေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း လုပ်ငန်းစဉ်တစ်လျှောက် ဝန်ဆောင်မှုပေးသူများ သိရှိဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ အသုံးပြုနိုင်သည့်ပုံစံများကို ရှင်းလင်းစွာဖော်ပြထားရာ နယ်ပယ်အသီးသီးမှ ဝန်ဆောင်မှုပေးနေသူများအားလုံးအတွက် များစွာအထောက်အကူ ဖြစ်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် ဤစံလုပ်ငန်းအစီအစဉ်ကို ရေးဆွဲရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**
**လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်**
**ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့**

## Acknowledgement

The Government of Myanmar has designated combating the trafficking in persons and providing assistance to its victims as a national cause. The Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims led by the Ministry of Social Welfare, Relief and Resettlement has been cooperating with relevant government agencies, United Nation agencies and non–governmental organizations for the process of receipt, return/repatriation, and reintegration of victims of trafficking in persons. In doing so, the relevant departments and organizations should aim to ensure safe and dignified manner of return/repatriation and successful socio–economic reintegration. To do so, it is important that effective planning and coordination be ensured among the actors who have been working for the protection of victims of trafficking in persons. In addition, it is important for service providers to follow the code of conduct and standard operating procedures on protection of and provision of assistance in dealing with the victims of trafficking in persons. Hence, these standard operating procedures have been developed by the leadership of Department of Rehabilitation, with the support of International Organization for Migration (IOM) and the participation of relevant government departments, United Nations agencies and non–governmental organizations. Since this National Standard Operating Procedures for the Return/Repatriation, Reintegration and Rehabilitation of Victims of Trafficking in Persons describes clearly the roles and responsibilities of service providers and the forms to be used in the process of providing assistance, return/repatriation and reintegration of presumed or identified victims of trafficking in persons, it is believed that this will benefit all service providers working in the various fields. We thank all the respective government departments and organizations for their contributions throughout the process of developing these Standard Operating Procedures. Your contribution is greatly appreciated.

**Chairperson**
**Working Group on Repatriation,**
**Reintegration and Rehabilitation of Trafficked Victims**

# မာတိကာ


၁။ နိဒါန်း ၁

၂။ ယေဘုယျဦးတည်ချက် ၂

၃။ လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် ၂

၄။ အခြေခံမူများနှင့် အထွေထွေလမ်းညွှန်ချက်များ ၃

၅။ စံလုပ်ငန်းအစီအစဉ် ဖွဲ့စည်းမှု ၆

၆။ အပိုင်း(၁)– မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးမူဘောင် လူကုန်ကူးမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ ဖွဲ့စည်းမှု ၇

၇။ အပိုင်း(၂)– စံလုပ်ငန်းအစီအစဉ်များ လူကုန်ကူးခံရသူများအား ပြန်လည် လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ် အဆင့်ဆင့် ၈

စံလုပ်ငန်းအစီအစဉ် (၁) – လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း ၉

စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလကာကွယ်စောင့်ရှောက်ခြင်း ၂၁

စံလုပ်ငန်းအစီအစဉ် (၃) – ပြန်လည်ပို့ဆောင်ခြင်း ၄၁

စံလုပ်ငန်းအစီအစဉ် (၄) – ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ၄၅

၈။ စောင့်ကြည့်လေ့လာခြင်းနှင့်သုံးသပ်ခြင်း ၅၁

၉။ နိဂုံး ၅၁

၁၀။ လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် ပြည်တွင်း/ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ တာဝန်များ ၅၂

၁၁။ လူကုန်ကူးခံရသူများအတွက် ပံ့ပိုးပေးသင့်သော ဝန်ဆောင်မှုများ၊ ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်သူများနှင့် ဝန်ဆောင်မှုပေးသူများ ၅၅

၁၂။ လုပ်ငန်းသုံးဝေါဟာရများ ၅၇

၁၃။ အသုံးပြုနည်းအညွှန်းများ

အခြေခံစာရင်းသွင်းပုံစံ ၆၁

လူကုန်ကူးခံရသူဟုယူဆရသူအား လိုအပ်သည်များကို အသိပေး၍ သဘောတူညီချက် ရယူခြင်းပုံစံ ၆၂

အသက်စိစစ်မှုအစီရင်ခံစာပုံစံ ၆၃

လူကုန်ကူးခံရသူ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ၆၄

ကနဦးအန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာပုံစံ ၆၅

သတင်းအချက်အလက်များရရှိမှု မှန်ကန်ကြောင်းနှင့် အကူအညီများရယူလိုသည့် ဆန္ဒမရှိကြောင်း အတည်ပြုပုံစံ ၆၆


# Contents


1. Introduction 1
2. Overall Aim 2
3. Definition of Trafficking in Persons 2
4. Fundamental Principles and General Guidelines 3
5. Organization of SOPs 6
6. Part 1: Myanmar Anti–Trafficking Framework Establishment of Anti–trafficking Organizations 7
7. Part 2: Standard Operating Procedures: The Procedures of Return, Reintegration and Rehabilitation of Victims of Trafficking in Persons 8
   - SOPs (1): Identification of Victims of Trafficking in Persons 9
   - SOPs (2): Interim Care 21
   - SOPs (3): Repatriation 41
   - SOPs (4): Reintegration and Rehabilitation 45
8. Monitoring and Evaluation 51
9. Conclusion 51
10. Roles of the Ministries and NGOs/INGOs working in the anti–trafficking field 52
11. Services provided for the victims of trafficking, professionals and service providers 55
12. Working Terminology 57
13. Tools
   - Basic Registration Form 61
   - Form for Receiving informed consent after providing necessary information 62
   - Age Verification Form 63
   - Information on the Rights of the Victims of Trafficking in Persons 64
   - Initial Risk Assessment Report Form 65
   - Form for Confirmation on Refusal and Receiving Information 66

ညွှန်းပို့မှုပုံစံ ၆၇
လွှဲပြောင်းညွှန်းပို့ခြင်းအတွက်နားလည်သဘောတူညီမှုပုံစံ ၆၈
လူကုန်ကူးခံရသူဟုယူဆရသူအား လိုအပ်သည်များကို အသိပေး၍ သဘောတူညီချက်ရယူခြင်းပုံစံ ၆၉
လူကုန်ကူးခံရသူ ဟုတ်/မဟုတ် စိစစ်သတ်မှတ်ချက်ပုံစံ ၇၀
ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာဝင်ခွင့်ပုံစံ ၇၅
ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မေးမြန်းခြင်းမှတ်တမ်း ၇၆
ဂေဟာတွင်မိမိသဘောဆန္ဒအရနေထိုင်ခြင်းဆိုင်ရာသဘောတူညီချက် ၈၄
စိတ်ကျန်းမာရေးအပါအဝင် ကျန်းမာရေးနှင့် လုံခြုံမှုအခြေအနေအတွက် လိုအပ်ချက် အကဲဖြတ်ချက်ပုံစံ ၈၅
လူကုန်ကူးခံရသူ၏ပစ္စည်းများ မှတ်တမ်းတင်ခြင်းပုံစံ ၈၆
ကနဦးကူညီပံ့ပိုးမှုအစီအစဉ်ပုံစံ ၈၇
ကနဦးကူညီပံ့ပိုးမှုအစီအစဉ်သဘောတူညီမှုပုံစံ ၈၈
ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုများအပေါ် မကျေနပ်ပါက အသိပေးရန်စာပုံစံ ၈၉
မိသားစု အခြေအနေဆန်းစစ်လေ့လာမှုပုံစံ ၉၀
အန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာ ၉၇
ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အကူအညီတောင်းခံသည့်ပုံစံ ၉၉
ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အကူအညီလက်ခံခြင်းပုံစံ ၁၀၀
လွှဲပြောင်းမှုပုံစံ ၁၀၁
ခရီးသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက် ၁၀၂
တော်စပ်ပုံ(သို့မဟုတ်)အုပ်ထိန်းသူဖြစ်ကြောင်း တရားဝင်အထောက်အထားပုံစံ ၁၀၃
ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကဲဖြတ်ပုံစံ ၁၀၄

Referral Form 67
Consent Form on Referral 68
Form for Receiving informed consent after providing necessary information 69
Victim Identification Form 70
Shelter Intake Form 75
Department of Rehabilitation, Case Interview Report 76
Consent on Voluntary Stay in Shelter 84
Health Including Psychological and Security Needs Assessment Form 85
Personal Belongings of the Beneficiary Registration Form 86
Initial Assistance Plan Form 87
Consent Form for Initial Assistance Plan 88
Complaint Form 89
Family Assessment Form 90
Risks Assessment Report 97
Reintegration Assistance Request Form (Prior to return) 99
Reintegration Assistance Acceptance Form (Prior to return) 100
Referral Form 101
Information Related to Travel 102
Official Documentation Form to Prove Relationship (or) Legal Guardianship 103
Department of Rehabilitation, Reintegration Assessment Form 104

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် လူကုန်ကူးခံရသူများ၏ မူရင်းနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံမှ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများသည် အိမ်နီးချင်းနိုင်ငံများ အာရှဒေသတွင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ အဓမ္မခိုင်းစေရန်နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရခြင်းများကြုံတွေ့နေရပါသည်။ လူကုန်ကူးခံရသူအမျိုးသားများအနေဖြင့် အဓိကအားဖြင့် ရေလုပ်ငန်း၊ ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်း များတွင်လည်းကောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် အဓမ္မထိမ်းမြားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းခွင် များ၊ အိမ်အကူလုပ်ငန်း၊ ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများတွင်လည်းကောင်းအဓမ္မခိုင်းစေခြင်းခံနေကြရပါသည်။ကလေးသူငယ်များကိုလည်းအဓမ္မတောင်းရမ်းခိုင်းစေခြင်းနှင့် အဓမ္မမွေးစားခြင်း တို့အတွက် လူကုန်ကူးခံရလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်း၌လည်း အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများသည် လိင်ပိုင်းဆိုင်ရာ လုပ်ငန်းခွင်များ၊ အိမ်အကူလုပ်ငန်းနှင့် ရေလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် အတွက် လူကုန်ကူးခံရခြင်းများ ကြုံတွေ့နေရပါသည်။

၂။ မြန်မာနိုင်ငံအစိုးရသည် လူကုန်ကူးခြင်းအား ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုအဖြစ် မှတ်ယူပြီး လူကုန်ကူးမှုတိုက်ဖျက်ခြင်းနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ၎င်း၏နောက်ဆက်တွဲစာချုပ်တစ်ခုဖြစ်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့နှင့် အဆင့်ဆင့်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ နှစ်စဉ်လုပ်ငန်း စီမံချက်များရေးဆွဲ၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့” ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်အစိုးရဌာနအဖွဲ့အစည်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။



## Introduction

1. Myanmar is primarily a source country for victims of trafficking in persons. Men, women, and children from Myanmar have been trafficked to neighboring countries, other countries in Asia, and the Middle East and are often subjected to forced labor or sex trafficking. Men are primarily subjected to forced labour in the sectors such as fisheries, manufacturing, agriculture and construction while women and girls are predominantly subjected to forced marriage, forced labour in sex industries, domestic servitude, forced labour in seafood processing industries, and garment factories. Children are often subjected to forced begging and adoption. In addition, men, women, and children are subjected to trafficking to work in sex industries, domestic work and fishing industries in the country as well.

2. The Government of Myanmar considers trafficking in persons to be a serious violation of human rights, and has designated combating this crime and providing assistance to its victims as a national duty. To this end, Myanmar acceded to the UN Convention against on Transnational Organized Crime and its Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children in 2014; enacted Anti–trafficking in Persons Law in 2005; established the Central Body for Suppression of Trafficking in Persons, three working groups and different levels of Body for Suppression of Trafficking in Persons in 2006; and developed Annual Work Plans to implement anti–trafficking in persons activities in accordance with international standards.

3. The return and reintegration activities are carried out by the relevant government organizations, UN, INGOs and NGOs under the leadership of the Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims which is chaired by the Ministry of Social Welfare, Relief and Resettlement and established under 2005 Anti–trafficking in Persons Law.

၄။ ထိုသို့ဆောင်ရွက်ရာတွင် “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့”မှ ဦးဆောင်၍ ၂၀၁၂ခုနှစ်၊ စက်တင်ဘာလတွင် “လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသား လုပ်ငန်းလမ်းညွှန်”ကို ရေးဆွဲခဲ့ပါသည်။ ဖော်ပြပါ လုပ်ငန်းလမ်းညွှန်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ အနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာ သိရှိရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ “လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်”ကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဤစံလုပ်ငန်းအစီအစဉ်ကိုရေးဆွဲရာတွင် လူမှုဝန်ထမ်း ဦးစီးဌာနမှဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များပါဝင်သော နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ ရေးဆွဲခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၃၀) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်တွင် ပြန်လည် ထူထောင်ရေးဦးစီးဌာနကို အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် လူကုန်ကူးခံရသူ များအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူး တာဝန်ကို လူမှုဝန်ထမ်းဦးစီးဌာနထံမှ လွှဲပြောင်းလက်ခံထမ်းဆောင်ခဲ့ပါသည်။ သို့ဖြစ်၍ ပြန်လည်ထူထောင်ရေးဦးစီး ဌာနက ဆက်လက်ဦးဆောင်ကာ မူကြမ်းအပေါ် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်၍ အတည်ပြုသတ်မှတ် ခဲ့ပါသည်။

## ယေဘုယျဦးတည်ချက်

၅။ ဤစံလုပ်ငန်းအစီအစဉ်၏ ဦးတည်ချက်မှာ လူကုန်ကူးခံရသူဟု ယူဆရသူ (သို့မဟုတ်) လူကုန်ကူးခံရသူအဖြစ် ကနဦးသတ်မှတ်ထားသူများအား လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ် သတ်မှတ်ခြင်း၊ လူကုန်ကူးခံရသူများအား အကူအညီပေးခြင်း၊ ပြန်လည်ပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင် ပေးခြင်းလုပ်ငန်းစဉ် တလျှောက်လုံးတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ဝန်ဆောင်မှု ပေးနေသူများသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းစွာသိရှိနားလည်ပြီး လူကုန်ကူးခံရ သူများအား အကာအကွယ်ပေးခြင်းနှင့် ကူညီထောက်ပံ့ခြင်းလုပ်ငန်းများကို ပိုမိုစနစ်ကျနစွာ ဆောင်ရွက်နိုင်ခြင်း အားဖြင့် လူကုန်ကူးခံရသူများ၏အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်ဖြစ်သည်။

## လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်

၆။ လူကုန်ကူးမှုဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းပြုရန်အလို့ငှာ အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြုပြီး လူ များကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ သို့မဟုတ် လက်ခံခြင်းကိုဆိုသည်–

(က) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့မဟုတ်) အခြားနည်းဖြင့် အနိုင်အထက်ပြုခြြင်း၊

(ခ) သွေးဆောင်ခေါ်ယူခြင်း၊



4. Under the leadership of the Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims, the National Guidelines on Return/Repatriation and Reintegration of Trafficked Victims were adopted in September 2012. In order to effectively implement the said Guidelines, it is necessary for relevant service providers to clearly understand their roles and responsibilities. Thus, National Standard Operating Procedures (SOPs) for the Return and Reintegration of Trafficked Persons have been developed. The Department of Social Welfare initiated a process to develop the national SOPs by organizing a Technical Working Group comprising of the representatives from relevant government organizations and non–governmental organizations. On January 31, 2018, the Department of Rehabilitation was established under the Ministry of Social Welfare, Relief and Resettlement and it took over the role of secretary of the Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims from Department of Social Welfare. Therefore, the draft SOPs was adopted through a national consultative process under the leadership of Department of Rehabilitation.

## Overall Aim

5. The Objective of the SOPs is to ensure support is provided to trafficked victims through systematic protection and assistance. The SOPs will allow anti–trafficking stakeholders and service providers to fully understand their roles and responsibilities ensuring systematic processes of identification, referral, assistance, return and reintegration of presumed or preliminarily identified trafficked persons.

## Definition of Trafficking in Persons

6. Trafficking in Persons means the recruitment, transportation, transfer, sale, purchase, lending, hiring, harboring or receipt of persons, for the purpose of exploitation of a person with or without his or her consent by any of the following means:

(a) threat, use of force or other form of coercion,

(b) abduction,

(ဂ) လိမ်လည်ခြင်း၊

(ဃ) လှည့်ဖြားခြင်း၊

(င) အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း (သို့မဟုတ်) ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊

(စ) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး၊ ပစ္စည်း (သို့မဟုတ်) အကျိုးအမြတ်ကိုပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်း၊

## အခြေခံမူများနှင့် အထွေထွေလမ်းညွှန်ချက်များ

၇။ ဤစံလုပ်ငန်းအစီအစဉ်အား ၂၀၁၂ ခုနှစ်၊ "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသား လုပ်ငန်းလမ်းညွှန်"နှင့် မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အခြေခံသည့် အောက်ပါအခြေခံမူများအပေါ် မူတည်၍ ရေးဆွဲသတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ထားသူများအတွက်ပြန်လည်လက်ခံရေး၊မိဘရပ်ထံပြန်လည်အပ်နှံရေး၊မိသားစုနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ၎င်းအခြေခံမူများနှင့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ ယင်းသို့အခြေခံမူများနှင့် လမ်းညွှန်ချက်များအား အပြည့်အဝနှင့် တပြေးညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးခံရသူများအား အရည်အသွေး ပြည့်ဝသော အကူအညီများ ပံ့ပိုးပေးနိုင်ပြီး ထပ်မံလူကုန်ကူးခံရစေမည့် အန္တရာယ်များမှလည်း ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

## အခြေခံမူများ

၈။ အခြေခံမူများမှာ အောက်ပါတိုင်းဖြစ်ပါသည်–

(က) လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ လူကုန်ကူးခံရသူ၏ အခွင့်အရေးကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးထားသည့် နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် အသိအမှတ်ပြုထားသော အခွင့်အရေးနှင့် တာဝန်များကို သင့်လျော်စွာ ထည့်သွင်းစဉ်းစားရမည်။

(ခ) လူကုန်ကူးခံရသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များသည် အခွင့်အရေး အခြေပြု၊ လူကုန်ကူးခံရသူဗဟိုပြုချဉ်းကပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူကုန်ကူးခံရသူမှ အပြည့်အဝနားလည် သဘောပေါက်စွာဖြင့် လက်ခံသည့် သဘောတူညီချက်ရယူရန် လိုအပ်ပါသည်။



(c) fraud,

(d) deception,

(e) abuse of power or of position taking advantage of the vulnerability of a person, and

(f) giving or receiving, knowingly that it was done for the purpose of exploitation, money, goods or any benefit to obtain the consent of the person having control over another person.

## Fundamental Principles and General Guidelines

7. The SOPs are developed based on the following basic principles stated in 2012 National Guidelines on Return/Repatriation and Reintegration of Trafficked Victims and the provisions in UN Convention related to anti–trafficking ratified by Myanmar. The following are the main principles that all anti–trafficking stakeholders and service providers in Myanmar are to employ during all steps of the process of identification, referral, assistance and return and reintegration of presumed or identified trafficked persons. Their full and consistent implementation in accordance with these basic principles and guidelines will ensure the provision of quality services to the victims of trafficking and mitigate any risk of re–victimization of the assisted trafficked persons.

## Fundamental Principles

8. Fundamental Principles are as follows:

(a) All anti–trafficking stakeholders shall place the human rights of the trafficked person recognized under the international standards ratified by Myanmar at the center of any activity and measure they carry out.

(b) The actions taken in relation to victims shall be guided by a rights–based and victim–centered approach, and victims' full and informed consent.

(ဂ) လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခံရသူမည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်ဖြစ်ပြီး ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရပါမည်။ လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခံရသူ မည်သူ့ကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမပြုဘဲ လူကုန်ကူးခံရသူ အဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုးခြင်း လုပ်ငန်းများအား ခံစားခွင့်ရှိစေရမည်ဖြစ်သည်။

(ဃ) လူကုန်ကူးခံရသည်ဟု သံသယရှိသော ကလေးသူငယ်များအား အထူးဦးစားပေး ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့် အရေးများဆိုင်ရာဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ရမည်။

## အထွေထွေလမ်းညွှန်ချက်များ

၉။ အထွေထွေလမ်းညွှန်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းများ အပါအဝင် ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာလုပ်ငန်းများအား ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ညှိနှိုင်းပေးသည့် အဖွဲ့အစည်းဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနမှအသိအမှတ်ပြုထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းပါဝင်မှုဖြင့် စံလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ တာဝန်ရှိသူများသည် လူကုန်ကူးခံရသူဟု ယူဆရသူအား တွေ့ရှိသည်နှင့် တပြိုင်နက် လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ရန်နှင့် လွှဲပြောင်းရန်အတွက် ချက်ချင်းဆောင်ရွက်ရမည်ဖြစ်သည်။

(ဃ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တွင် လူကုန်ကူးခံရဖွယ်ရှိသည်ဟူသော လက္ခဏာရပ် အနည်းငယ်ကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်များမှ ၎င်းပုဂ္ဂိုလ်အား လူကုန်ကူးခံ ရသူ ဟုယူဆရသူတစ်ဦးအဖြစ် ဆက်ဆံရမည်ဖြစ်သည်။ ထိုနည်းတူစွာ သူ/သူမမှ လူကုန်ကူးမှုနှင့်ဆက်နွယ်နေသည့် ခေါင်းပုံဖြတ်ခြင်း ခံရသည်ဟု အခိုင်အမာပြောကြားနေပါက ၎င်းပုဂ္ဂိုလ်အား လူကုန်ကူးခံရသူဟု ယူဆရသူတစ်ဦးအဖြစ် အကျိုးခံစားခွင့်ပေးရမည်ဖြစ်သည်။

(င) လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ ညွှန်းပို့ခြင်း၊ ကူညီပံ့ပိုးခြင်း၊ တရားမမှုနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များ၊ အခွင့်အရေးနှင့် ရပိုင်ခွင့်များနှင့်ကြုံတွေ့နိုင်ဖွယ်ရှိသည့် အန္တရာယ်များနှင့် ပတ်သက်၍ရှင်းလင်းလွယ်ကူသော အသေးစိတ်သတင်းအချက်အလက်များကို လူကုန်ကူးခံရသူများအနေဖြင့် လျင်မြန်စွာနှင့် ပြည့်ပြည့်စုံစုံ ပုံမှန်လက်ခံရရှိနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။



(c) All presumed and identified trafficked persons shall receive equal legal rights and protection. Without any discrimination on any ground such as race, place of origin, religion, status, culture, gender and/or property, they should enjoy the right to access the process of identification, protection and protection assistance.

(d) Children who are suspected to be trafficked must be given priority. To do so, their best interests shall be considered in full compliance with the 2019 Child Rights Law and the provisions under UN Convention on Child Rights.

## General Guidelines

9. General Guidelines are as follows:

(a) The Department of Rehabilitation shall be a coordination body to implement and coordinate for the process of return and reintegration in line with the SOPs.

(b) The SOPs related matters shall be implemented with the full coordination of accredited non–governmental organizations, civil society organizations, international organizations and relevant government and local organizations.

(c) The competent actors shall promptly initiate identification and referral of presumed trafficked persons as soon as a person is found.

(d) As soon as the competent authorities have the slightest indication that a person has been subjected to the crime of trafficking, they shall treat such a person as a presumed victim. Similarly, any person is given the benefit of the presumed trafficked person as soon as she/he claims to have been subjected to exploitation that may relate to trafficking.

(e) Trafficked persons shall promptly, fully and regularly receive detailed and clear information about all procedures, measures, rights and entitlements related to their identification, referral, assistance and participation in criminal and civil proceedings as well as any possible risks they may face.

(စ) လူကုန်ကူးခံရသူဟု ယူဆရသူသည် အကယ်၍ဒေသသုံး ဘာသာစကား (သို့မဟုတ်) အများသုံးဘာသာစကားတစ်ခုခုအား ပြောဆိုနိုင်ခြင်းမရှိပါက ကျွမ်းကျင်သည့် စကားပြန်တစ်ဦးအား ခေါ်ယူရမည်။

(ဆ) လူကုန်ကူးခံရသူ၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အလေးထား၍ လူကုန်ကူးခံရသူနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်နှင့် အဆက်အသွယ်အားလုံးကို လျှို့ဝှက်ထားရှိရမည်ဖြစ်ပါသည်။ လူကုန်ကူးခံရသူနှင့် ၎င်းတို့၏ မိသားစုများအား မည်သူမည်ဝါဖြစ်ကြောင်းကို လူသိထင်ရှား ထုတ်ဖော်ခြင်း မပြုရပါ။ အမှုရင်ဆိုင်နေစဉ်ကာလအတွင်း လူကုန်ကူးမှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို မီဒီယာများတွင် ထည့်သွင်းဖော်ပြမှုမပြုရန်အတွက် အထူးအလေးထားဆောင်ရွက်ရမည် ဖြစ်သည်။

(ဇ) လူကုန်ကူးခံရသူအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အစီအမံများ အားလုံးသည် တစ်ဦးချင်းစီ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်ဖြစ်ပြီး ၎င်းအတွက် ရေတို၊ ရေရှည် ဘေးကင်းလုံခြုံမှုကို ရေရာသေချာစေရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို အပြည့်အဝ လေးစားရမည်ဖြစ်ပါသည်။

(ဈ) လူကုန်ကူးခံရသူဟု ယူဆရသူနှင့် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ထားသူတို့အား ရဲတပ်ဖွဲ့နှင့် တရားစွဲဆိုရေးကဏ္ဍတွင် ပူးပေါင်းပါဝင်သည်ဖြစ်စေ/ မပါဝင်သည်ဖြစ်စေ ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးရပါမည်။

(ည) လူကုန်ကူးခံရသူများအား မြန်မာနိုင်ငံတွင် တရားမဝင် ဝင်ရောက်နေထိုင်မှု၊ ထွက်ခွာမှုဖြင့်လည်းကောင်း၊ လူကုန်ကူးမှုမှ တိုက်ရိုက်အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာသော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍လည်းကောင်း တရားစွဲဆိုခြင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဉ်အဆင့်တိုင်းတွင် လူကုန်ကူးခံရသူအား အချုပ်တွင် ထားရှိခြင်း မပြုသင့်ပါ။

(ဋ) ပြန်လည်လက်မခံမီ အကြိုကာလ၊ ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်း ပေးခြင်းနှင့် ပြန်လည် ထူထောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ဝန်ဆောင်မှုပေးသူများ အားလုံးသည် လူကုန်ကူးခံရသူအား အရည်အသွေးမြင့်မားသည့် ကူညီပံ့ပိုးမှုများရရှိစေရေး၊ ထပ်မံလူကုန်ကူးမခံရစေရေးနှင့် ၎င်း၏အကောင်းဆုံး အကျိုးစီးပွားတို့ကို ဦးတည်ဆောင်ရွက်ရပါမည်။

(ဌ) လူကုန်ကူးခံရသူများအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုနှင့် ကာကွယ် စောင့်ရှောက်ပေးမှုအခြေအနေကို လူကုန်ကူးခံရသူများမှ ၎င်းတို့၏အမည် မဖော်ပြဘဲ အကြံပြုအကဲဖြတ်ပြောကြားနိုင်သည့် အခွင့်အရေးပေးရန်ဖြစ်ပြီး ထိုသတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးသူများ၏ အရည်အသွေးတိုးတက်ရေးအတွက် အခြေခံအချက်အဖြစ် အသုံးပြုရန်ဖြစ်သည်။

(ဍ) လူကုန်ကူးခံရသူဟု ယူဆရသည့် ကလေးသူငယ်များ၏ကိစ္စများတွင် ကလေးသူငယ်၏ ဖွံ့ဖြိုးမှုအရည်အသွေးနှင့် သင့်လျော်သည့် ဘာသာစကား၊ သိမ်မွေ့သည့်အပြုအမူ နှင့် ကလေးသူငယ်အတွက် သင့်လျော်မည့်ပတ်ဝန်းကျင်၌ ဆောင်ရွက်ရန်ဖြစ်သည်။



(f) If a presumed trafficked person does not speak any dialect or common language, a skilled interpreter is convened.

(g) The information and associated persons concerning the trafficked victims shall be confidential with due respect to their privacy. The identity of the trafficked victims and their family members shall not be disclosed. The information related to trafficking shall not be disclosed to the media throughout the legal proceedings.

(h) All measures to be implemented shall respond to the specific needs of each trafficked person (tailor–made approach) with due respect to her/his psychological and physical integrity to ensure her/his short–and long–term safety and security.

(i) Presumed and identified trafficked persons shall be granted assistance whether they co–operate or not in the police and prosecution process.

(j) Proceedings on trafficked victims for irregular migration, illegal stay, or any criminal act which is the direct consequence of human trafficking, shall be in compliance with the 2005 Anti–trafficking Law. Trafficked person shall not be held in any form of custody premises at any stage of their identification, referral and assistance process.

(k) In carrying out the preparation, return, reintegration and rehabilitation activities, service providers are to aim to ensure quality service to trafficked persons, prevent risk of re–trafficking and ensure their best interests are considered.

(l) Trafficked persons shall have a right to evaluate the services and care provided to them at any stages and make suggestions anonymously. These suggestions will be used as basic considerations to improve the services.

(m) In case of presumed trafficked children, service providers shall adapt their language, behavior and the environment appropriately to the children's capacity and development.

## စံလုပ်ငန်းအစီအစဉ်ဖွဲ့စည်းမှု

၁၀။ ယခုစံလုပ်ငန်းအစီအစဉ်တွင် အောက်ဖော်ပြပါ အပိုင်း(၂)ပိုင်းနှင့် နောက်ဆက်တွဲများ ပါဝင်ပါသည်–

(က) အပိုင်း (၁)– မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးမူဘောင်

(ခ) အပိုင်း (၂)– စံလုပ်ငန်းအစီအစဉ်များ

၁၁။ အပိုင်း(၁)–မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးမူဘောင်တွင် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လက်ရှိဖွဲ့စည်းပုံနှင့် ယင်းဖွဲ့စည်းပုံတွင် ပါဝင်သည့် ဌာနအသီးသီး၏ အခန်းကဏ္ဍများ ပါဝင်ပြီး အပိုင်း(၂)–စံလုပ်ငန်း အစီအစဉ်များ၌ လူကုန်ကူးခံရသူများအတွက် သင့်လျော်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရာတွင် အဓိကကျသော စံလုပ်ငန်းအစီအစဉ်များကို အောက်ပါအတိုင်းအပိုင်း(၄)ပိုင်းခွဲ၍ ဖော်ပြထားပါသည်–

(က) စံလုပ်ငန်းအစီအစဉ် (၁) – လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း

(ခ) စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

(ဂ) စံလုပ်ငန်းအစီအစဉ် (၃) – ပြန်လည်ပို့ဆောင်ခြင်း

(ဃ) စံလုပ်ငန်းအစီအစဉ် (၄) – ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း

၁၂။ စံလုပ်ငန်းအစီအစဉ်တစ်ခုစီတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဆောင်ရွက်ရမည့်အချိန်၊ ဆောင်ရွက်ရမည့်သူနှင့် ဆောင်ရွက်ရမည့်နည်းလမ်းတို့ကို အသေးစိတ်ဖော်ပြထားပါသည်။ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသုံးပြုရန် လိုအပ်သည့် အသုံးပြုနည်းအညွှန်းများကို ဤစာအုပ်၏အဆုံးပိုင်းတွင် ဖော်ပြထားပါသည်။

၁၃။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ စံလုပ်ငန်း အစီအစဉ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ယေဘူယျအခြေခံ စံလုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းနယ်ပယ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖော်ပြထားပါသည်။ စံလုပ်ငန်းအစီအစဉ် အသေးစိတ်ကို သက် ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးနှင့် ပြန်လည်လက်ခံသည့် နိုင်ငံအလိုက် လိုအပ်သလို ရေးဆွဲဖော်ထုတ်ရမည် ဖြစ်ပါသည်။

၁၄။ လူကုန်ကူးခံရသည့် ပြည်ပနိုင်ငံသားများ မြန်မာနိုင်ငံသို့ရောက်ရှိနေပါက မူရင်းနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်များနှင့် တရားဝင်ဆက်သွယ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြားဆက်စပ် ဌာနများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်။

၁၅။ ခရီးဆုံးနိုင်ငံများမှ ၎င်းတို့နိုင်ငံ၏ တည်ဆဲဥပဒေအရ သတ်မှတ်ပြီးသည့် လူကုန်ကူးခံရသူများနှင့် နှစ်နိုင်ငံ လက်ရှိသဘောတူညီထားသည့် လုပ်ငန်းစဉ်များအရ သတ်မှတ်ထားသည့် လူကုန်ကူးခံရသူများအား ပြန်လည် လွှဲပြောင်းလက်ခံပြီးနောက် တိုက်ရိုက်ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးရမည်ဖြစ်ပြီး ၎င်းတို့၏ထိခိုက်ခံစားရမှု အတိုင်းအတာပေါ် မူတည်၍ ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ရရှိခံစားနိုင်ရန်အတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။



## Organization of SOPs

10. The SOPs Framework is organized in two parts and annexes:

(a) Part I: Myanmar Anti–trafficking in Persons Framework

(b) Part II: Standard Operating Procedures

11. Part I: Myanmar Anti–trafficking framework includes the present organizational structure of protection measures of trafficked victims and the roles of the departments concerned. Part 2: Standard Operating Procedures include the procedures to provide appropriate assistance to trafficked victims, which have four sections as follows:

(a) Standard Operating Procedure (1) – Identification of victims of trafficking

(b) Standard Operating Procedure (2) – Interim Care

(c) Standard Operating Procedure (3) – Repatriation

(d) Standard Operating Procedure (4) – Reintegration and Rehabilitation

12. Each Standard Operating Procedure includes detailed information about definitions, time frame, responsible actors, and methods. Tools necessary for each procedure can be found at the end of the book.

13. The Standard Operating Procedure (4) for Repatriation and Reintegration includes general Standard Operating Procedures for anti–trafficking actors to adopt and the activities to carry out in specific sectors. Detailed specifications of Standard Operating Procedures need to be laid down in alignment with concerned sectors and nations which receive trafficked victims.

14. When trafficked persons from foreign countries are identified in Myanmar, Ministry of Home Affairs, Ministry of Foreign Affairs, and other related departments shall coordinate with the concerned authorities of the country of origin.

15. After the repatriation of trafficked persons, identified in accordance with existing law in destination countries and repatriated according to the agreed procedures between two countries (Myanmar and the destination country), the victims should be granted direct assistance and rehabilitation support depending on the degree of loss they have suffered.

## အပိုင်း (၁)
## မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးမူဘောင်
## လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှု

၁၆။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၂၀၀၅ ခုနှစ်မှစ၍ မူဘောင်ချမှတ် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ဖွဲ့စည်းမှုနှင့် လုပ်ငန်းယန္တရားများအပြင် ဥပဒေပြုခြင်း၊ မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာမူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၁၇။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်ပါသည်။ ဗဟိုအဖွဲ့သည် လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ကြီးကြပ် ဆောင်ရွက်ပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသား အဆင့် လုပ်ငန်းစီမံကိန်းများကို နှစ်အလိုက်ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ(၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲချုပ်က နိုင်ငံအဆင့်လုပ်ငန်းအဖွဲ့၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် နိုင်ငံအဆင့်လုပ်ငန်းယန္တရားကို အထောက်အကူပြုသည့် အတွင်းရေးမှူးရုံးအဖွဲ့ဖြစ်ပါသည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ကြီးကြပ်မှုအောက်တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲ/တပ်ဖွဲ့စု/တပ်ဖွဲ့စိတ်များကို ဖွဲ့စည်းထားရှိပါသည်။

၁၈။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် အောက်ပါလုပ်ငန်းအဖွဲ့ (၃)ဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်–

(က) လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအဖွဲ့

(ခ) ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့

(ဂ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့

၁၉။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် ပြည်တွင်း/ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တာဝန်များကို နောက်ဆက်တွဲ “က” ဖြင့် ဖော်ပြထားပါသည်။



## Part 1
## Myanmar Anti–Trafficking Framework
## Establishment of Anti–trafficking Organizations

16. Since 2005, a framework in combating trafficking in persons has been established in Myanmar. Progress has been made in legislation, strategic planning and implementation in addition to coordination structures and mechanism. The Myanmar government has also formed working groups to develop policies on combating trafficking in persons.

17. The Central Body for Suppression of Trafficking in Persons (CBTIP) is composed of relevant ministries and is chaired by the Union Minister, Ministry of Home Affairs. The Central Body lays down Anti–trafficking policies and provides supervision on the implementation of the National Strategy to combat trafficking in persons. The National Plan of Action is laid down on an annual basis to implement anti–trafficking measures and the Chief of Police, Myanmar Police Force is the Chair of the working group at national level with the task to implement Myanmar's Five–Year National Plan of Action to Combat Trafficking in persons. The Anti– trafficking in Persons Division (ATIPD), established in 2013, is the secretariat department with the task to support National Mechanism. Sub–division/Anti–Trafficking Task Force(ATTF)/Sub–ATTF have been formed under the supervision of ATIPD.

18. There are three working groups under the CBTIP which are as follows:

(1) Working Group on Prevention of Trafficking in Persons and Protection of Trafficked Victims

(2) Working Group on Legal Framework and Prosecuting Measures

(3) Working Group on Repatriation, Reintegration and Rehabilitation of Trafficked Victims

19. In carrying out anti–trafficking measures, the Myanmar Government is closely collaborating with local NGOs, INGOs, and civil society organizations.

20. The responsibilities of Ministries, Local/ International NGOs are stated in Annex–A.

## အပိုင်း (၂)
## စံလုပ်ငန်းအစီအစဉ်များ
## လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်

၂၁။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် အောက်ပါအဆင့်(၆)ဆင့် ပါဝင်ပါသည်-






## Part 2
## Standard Operating Procedures on Return/Repatriation, Reintegration and Rehabilitation of Victims of Trafficking in Persons

21. The full process of return/repatriation, reintegration and rehabilitation involves the following 6 steps:



### စံလုပ်ငန်းအစီအစဉ် (၁)

## လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း

လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းသည် လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား သင့်လျော်သည့် ကူညီပံ့ပိုးမှုနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများရရှိစေရေးနှင့် လူကုန်ကူးခံရသူအဖြစ် တရားဝင် သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပါသည်။



### SOP (1)

## Identification of Victims of Trafficking in Persons

Identification allows presumed trafficked persons to access proper assistance and protection and eventually to be formally identified as victims of trafficking in persons.

## စံလုပ်ငန်းအစီအစဉ်(၁)- လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း

| လုပ်ငန်းစဉ်(၁) | ➡ | လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ပဏာမစိစစ်ခြင်း |
|---|---|---|

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| လူကုန်ကူးခံရသူဟု ယူဆရသူအား ပဏာမစိစစ်ခြင်း | လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ရုံး/ နယ်မြေရဲစခန်း/ ယာယီစောင့်ရှောက်ရေး ဂေဟာသို့ လူကုန်ကူး ခံရသူဟု ယူဆရသူ ရောက်ရှိလာပြီးနောက် ဆောင်ရွက်ရန် | လုံခြုံစိတ်ချရပြီး သက်တောင့်သက်သာ ရှိသည့် သီးသန့်နေရာ | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု/စိတ် (သို့) နယ်မြေခံရဲတပ်ဖွဲ့မှတာဝန်ရှိသူ (ကလေးသူငယ်ဖြစ်ပါက ပြန်လည် ထူထောင်ရေး ဦးစီးဌာန (သို့) လူမှုဝန်ထမ်း ဦးစီးဌာန၊ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ပူးပေါင်းဆောင်ရွက်ရန်) |

**ဆောင်ရွက်ရမည့်အဆင့်များ**

- ပို့ဆောင်သူတစ်ဦးမှ လွှဲပြောင်းပေးခြင်း (သို့မဟုတ်) လူကုန်ကူးခံရသူဟု ယူဆရသူမှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေရဲစခန်းသို့ လာရောက်သည်နှင့် တပြိုင်နက် စာရင်းသွင်းရန်
- လူကုန်ကူးခံရသူဟုယူဆရသူအား အရေးပေါ်လိုအပ်ချက်နှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်
- လူကုန်ကူးခံရသူဟုယူဆရသူ၏ သဘောတူညီချက်ရယူ၍ ကနဦးစစ်ဆေးမေးမြန်းခြင်းဖြင့် အချက်အလက်များ ရယူရန်
- ကနဦးအန္တရာယ်အကဲဖြတ်ခြင်းအစီရင်ခံစာပြုစုပြီး ဂေဟာသို့ ကြိုတင်ပေးပို့ခြင်း ဆောင်ရွက်ရန်
- မေးခွန်းများဖြေဆိုခြင်း၊ ကူညီထောက်ပံ့မှုရယူခြင်းကို ငြင်းဆန်ပါက နောင်ကူညီမှုများရရှိလိုပါက ဆယ်သွယ်နိုင်မည့် လိပ်စာ၊ ဝန်ဆောင်မှုစသည့်အချက်အလက်များကို ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပံ့ပိုးပေးရန်နှင့် အတည်ပြုပုံစံတွင် လက်မှတ်ရေးထိုးရန်



## SOP (1): Identification of Victims of Trafficking

| Procedure 1 | ➡ | Initial Screening |
|---|---|---|

| What | When | Where | Who |
|---|---|---|---|
| Initial Screening of the presumed trafficked victim | After the presumed trafficked victim arrives at the ATTF office/ local police station/ shelter | In a safe, comfortable private room | Officer of ATIPD/ATTF or Local Police (in case of a child, in collaboration with the case Manager from Department of Rehabilitation or Department of Social Welfare |

**How**

- Register the presumed victim upon referral or self-referral to ATIPD/ATTF office
- Provide the presumed victim with basic needs and information
- Collect information by interviewing the presumed victim after receiving consent from her/him
- Carry out an early risk assessment and send a copy of the report to the concerned/relevant shelter
- The police officer together with the Department of Rehabilitation or Department of Social Welfare shall provide the victim with information and contact details so that she or he can seek assistance in the future if she or he refuses to answer the interview questions and request her or him to sign the verification form of refusal and receiving information.

## လုပ်ငန်းစဉ်(၁)။ လူကုန်ကူးခံရသူ ဟုတ်/မဟုတ် ပဏာမစိစစ်ခြင်း

၂၂။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား ပဏာမစိစစ်ခြင်းကို လူကုန်ကူးခံရသူ ဟုတ်/မဟုတ် စိစစ်သတ်မှတ်ချက်ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၃။ **ဆောင်ရွက်ရမည့်အချိန်။** လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား တွေ့ရှိပြီး ၎င်းမှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များသို့ ညွှန်းပို့မှုအား သဘောတူသဖြင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံးများသို့ ရောက်ရှိလာပြီးနောက် ဆောင်ရွက်ရပါမည်။ နယ်မြေခံရဲစခန်းသည် လူကုန်ကူးခံရမှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန်အတွက် အမှုလက်ခံရရှိပါက ယင်းအရေးယူဆောင်ရွက်မှုကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့်အညီ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ အကြောင်းကြားရမည်ဖြစ်သည်။

၂၄။ **ဆောင်ရွက်ရမည့်နေရာ။** လုံခြုံစိတ်ချရပြီး သက်တောင့်သက်သာရှိသည့် သီးသန့်နေရာတွင် ဆောင်ရွက်ရမည်ဖြစ်သည်။ မသက်ဆိုင်သူများအား နားထောင်ခွင့် မပြုရပါ။

၂၅။ **ဆောင်ရွက်ရမည့်သူ။** လူကုန်ကူးခံရသူအဖြစ် ကနဦးယူဆရသူအား တွေ့ဆုံမေးမြန်းခြင်းကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များ (သို့မဟုတ်) နယ်မြေခံ ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူက ဆောင်ရွက်ရမည်ဖြစ်သည်။ လူကုန်ကူးခံရသူအဖြစ် ကနဦးယူဆရသူသည် ကလေးသူငယ်ဖြစ်ပါက ပြန်လည်ထူထောင်ရေး ဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။

၂၆။ **ဆောင်ရွက်ရမည့်နည်းလမ်း။** လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား လွှဲပြောင်းပို့ဆောင်သူ တစ်ဦးဦးမှ လွှဲပြောင်းပေးခြင်း (သို့မဟုတ်) ၎င်းကိုယ်တိုင် သက်ဆိုင်ရာဒေသရှိ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့များသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ကျရဲတပ်ဖွဲ့ဝင်သည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်–

(က) လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား ညွှန်းပို့မှုကို အခြေခံပုံစံအသုံးပြု၍ စာရင်းရေးသွင်းရမည်။

(ခ) လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား မေးခွန်းများမမေးမြန်းမီ သူ/သူမ၏ စိုးရိမ် ပူပန်မှုများ လျော့နည်းရေးအတွက် အရေးပေါ်အခြေခံလိုအပ်ချက်များ (ရေ၊ အစား အစာ၊ ဆေးဝါးစသဖြင့်) နှင့် ပြည့်စုံသော သတင်းအချက်အလက်များ ပံ့ပိုးပေးရပါမည်။ ယခုအဆင့်မှာ လူကုန်ကူးခံရသူဟု ယူဆရသူနှင့် ယုံကြည်မှုတည်ဆောက်ရန်အတွက် အရေးကြီးဆုံးအဆင့်များအနက်တစ်ခု ဖြစ်ပါသည်။

(ဂ) ရဲတပ်ဖွဲ့ဝင်သည် လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား မေးမြန်းခြင်းမစတင်မီ အောက်ပါတို့ကို အသိပေးပြောကြားရမည်–

(၁) စကားပြန်/ လက်သင်္ကေတဘာသာစကားပြန် ပါဝင်ပါက ၎င်း၏အခန်းကဏ္ဍ၊ အခန်းအတွင်းရှိ လူပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရား

(၂) လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်များ

(၃) သတင်းအချက်အလက်များအား လုံခြုံစွာ ထိန်းသိမ်းထားရှိမှုဆိုင်ရာ အခြေခံမူနှင့် အခြားသော လုံခြုံရေးဆိုင်ရာအချက်အလက်များ



## Procedure 1: Initial screening to identify if the person is a trafficked victim or not

22. **WHAT:** Preliminary assessment with presumed trafficked person should be carried out in accordance with the screening guidelines on identification of trafficking in persons.

23. **WHEN:** As soon as a presumed trafficked person is found, her/his consent is gained to be referred to the ATIPD/ATTF. On receiving a trafficking case, to take appropriate measures, the local police station is to inform the ATIPD/ATTF in accordance with the guidance for coordination between the ATIPD/ATTF and the local police station.

24. **WHERE:** The preliminary assessment must be done in a private room which is safe and comfortable. Those who are not authorized must not be allowed to listen to the interview.

25. **WHO:** A responsible person of ATIPD/ATTF or local police or a member of a Civil society Organization shall make the interview with the presumed trafficked victim. If the presumed trafficked victim is a child, the person needs to cooperate with Department of Rehabilitation or a case worker from Department of Social Welfare.

26. **HOW:** As soon as the presumed trafficked victim is referred by another person, or the victim comes to ATIPD/ ATTF or local police station by himself or herself, the police officer of the Anti–Trafficking Task Force or local police station will take the following measures:

(a) Registration is to be done for the referral of victims using the Basic Registration Form.

(b) Prior to the interview, the police official on duty provides the presumed trafficked victim with basic needs (water, food, clothing, medicine, etc.) and comprehensive information so as to decrease her/his anxiety. This is an important stage to build trust between the trafficked victim and the police officer.

(c) The police on duty shall provide the victim with the following information before conducting the interview:

(1) Role of an interpreter/sign language interpreter, if present, and the roles and responsibilities of the actors in the room,

(2) Identification of the victim of trafficking and the interview process,

(3) The basic policy concerning information privacy of the victim and other information about personal security,

(၄) မေးမြန်းမည့် မေးခွန်းများအား လူကုန်ကူးခံရသူမှ မည်သည့်အချိန်တွင်မဆို ငြင်းဆိုခွင့်ရှိမှု အပါအဝင် မေးခွန်းများ မေးမြန်းခံရစဉ်အတွင်း အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

(၅) ကနဦးကူညီထောက်ပံ့မှုကာလအတွင်း ရရှိနိုင်သည့်ဝန်ဆောင်မှုများ

(ဃ) အဖော်မပါဘဲ တွေ့ရှိရသည့် လူကုန်ကူးခံရသူဟုယူဆရသူ၏ အသက်အရွယ်အား အတိအကျမသိရှိသောအခါတွင်လည်းကောင်း၊ သူ/သူမမှ အသက်(၁၈)နှစ်အောက် ဖြစ်သည်ဟု အခိုင်အမာပြောဆိုနေခြင်း (သို့မဟုတ်)သူ/သူမသည် အသက်(၁၈)နှစ်အောက်ဖြစ်သည်ဟူသော ယုံကြည်ရသည့် အကြောင်းအရင်းများရှိသည့်အခါ အသက်အရွယ်အား စိစစ်ပြီးသည့်အချိန်ထိ ၎င်းအား အရွယ်မရောက်သေးသူအဖြစ်သာ ဆက်ဆံရမည်ဖြစ်ပြီး လူကုန်ကူးခံရသည့် ကလေးသူငယ်အဖြစ် အပြည့်အဝ ကာကွယ်စောင့်ရှောက်မှုပေးရမည်။ အသက်အရွယ်စိစစ်သည့် နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်ပါသည်–

(၁) ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်နှင့် ရင့်ကျက်မှုအား လေ့လာသုံးသပ်ခြင်း၊

(၂) လူကုန်ကူးခံရသူနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ၎င်း၏ပြောကြားချက်များ

(၃) ညွှန်းပို့လာသည့် အဖွဲ့အစည်းမှ စုဆောင်းရရှိသည့် သတင်းအချက်အလက်များနှင့် တစ်ဦးချင်းတွင်ပါရှိသည့် (သို့မဟုတ်) မူရင်းနိုင်ငံမှ ရရှိနိုင်သည့် စာရွက်စာတမ်း အထောက်အထား (ခရီးသွားလာခြင်းနှင့် မှတ်ပုံတင်၊ မွေးစာရင်း၊ ဗီဇာလျှောက်ထားခြင်း အထောက်အထားများ)

(၄) မိဘ/ဆွေမျိုး (သို့မဟုတ်) ထင်ရှားသည့်ပတ်သက်မှုရှိသူများထံမှရရှိသည့် အချက်အလက်များ

(၅) ဆေးစစ်ခြင်းအား လိုအပ်ပါက ဆောင်ရွက်နိုင်ပါသည်။ ထိုသို့စစ်ဆေးရာတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့မဟုတ်) ဥပဒေအရအုပ်ထိန်းခွင့်ရှိသူထံမှ သဘောတူ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်ဖြစ်သည်။ အသက်အရွယ်စိစစ်ရာတွင် လိုအပ်ပါက အခြေအနေတစ်ခုချင်းအပေါ်မူတည်၍ အစိုးရကျန်းမာရေးဌာန၊ စောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်)အခြား ဆက်စပ်အဖွဲ့အစည်း စသည်တို့မှ ကျွမ်းကျင်ပညာရှင်များ (ဥပမာ– စိတ်ရောဂါကုပညာရှင် (သို့မဟုတ်) စိတ်ရောဂါ အထူးကုဆရာဝန်၊ ကလေးအထူးကု ဆရာဝန် (သို့မဟုတ်) အထွေထွေရောဂါကု ဆရာဝန်၊ သွားဆရာဝန်၊ ဓါတ်မှန်ဆရာဝန်တို့ဖြင့် ဖွဲ့စည်းထားသည့် ကဏ္ဍစုံပါဝင်သည့် အဖွဲ့ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။ လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများထံ အချက်အလက် များပေးပို့၍ ရရှိလာသော ရလဒ်အပေါ်မူတည်၍ ဆောင်ရွက်ရမည်။



(4) The rights and responsibilities of the trafficked victim during the interview, including the right to refuse to answer questions at each stage of the interview, and

(5) The services provided to the victim during initial assistance.

(d) When the age of unaccompanied presumed victims is uncertain, or when he/she claims himself/herself to be under 18 or when there are strong reasons to assume that the victim is under 18, she or he shall be treated as a child and full protection shall be provided to him/her as a child. The age determination techniques include the following;

(1) Examining physical appearance and maturity,

(2) Interviewing the trafficked victim and collecting information from him / her,

(3) Information received from the referral actors and documents held by the victim or document available from source country (such as travel documents, National Registration Card, Birth Certificate, Visa documents etc.),

(4) Information collected from parents/relatives or notably concerned persons, and

(5) Medical Examination shall be taken if needed. To conduct medical examination, consent is to be taken from Department of Rehabilitation or the case manager of the Department of Social Welfare or legal guardian. To determine age, if necessary, based on the situation of the individual case, a multi–disciplinary team shall be formed with specialists (for example, a clinical psychologist or psychiatrist, paediatrician or general practitioner, dentist, and radiologist) from Department of Health, shelter or other associated organization. If necessary, information should be sent to specialists for their technical judgement and action should be taken according to the results from medical examination.

(င) လူကုန်ကူးခံရသူဟုယူဆရသူအား အခြေခံလိုအပ်ချက်များနှင့် သတင်းအချက်အလက် အသေးစိတ်ကို ပံ့ပိုးပြီးနောက် ကနဦးစုံစမ်းမေးမြန်းမည့် မေးခွန်းများကို လူကုန်ကူးခံရသူဟု ယူဆရသူနှင့် ဖြေကြားရန် ညှိနှိုင်းမှုရယူပြီးချိန်တွင် ကနဦး စစ်ဆေးမေးမြန်းခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုလုပ်ငန်းစဉ်ကို လူကုန်ကူးခံရသူဟု ယူဆရသူအနေဖြင့် ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းပို့ဆောင်ပေးပြီးနောက် (သို့မဟုတ်) ပြန်လည်ထူထောင်ရန် အချိန်အနည်းငယ်လိုအပ်သူများအတွက် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိပြီးနောက်ပိုင်းတွင်မှ ဆောင်ရွက်ရပါမည်။ ကနဦးတွေ့ဆုံမေးမြန်းခြင်းတွင် လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ရန်အတွက် ကိုယ်ရေးအချက်အလက်များ၊ နေထိုင်မှုအခြေအနေ၊ အလုပ်အကိုင်အခြေအနေနှင့် လူကုန်ကူးမှုဖြစ်စဉ်စသည်တို့နှင့် စပ်လျဉ်းသည့် မေးခွန်းများကို အခြေခံ၍ မေးမြန်းရမည်ဖြစ်သည်။

(စ) လူကုန်ကူးခံရသူဟုယူဆရသူအား အခြေခံလိုအပ်ချက်များ၊ ရပိုင်ခွင့်များ၊ ရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ရှင်းလင်းပြောကြားပြီးနောက် ကနဦးတွေ့ဆုံမေးမြန်းနေစဉ်အတွင်း လူကုန်ကူးခံရသူ၏အပြုအမူနှင့် အသွင်အပြင်အား လေ့လာသုံးသပ်ခြင်း၊ ညွှန်းပို့သူထံမှရရှိသည့် သတင်းအချက်အလက်နှင့် အထောက်အထားများ၊ မေးခွန်းများမေးမြန်းရာမှရရှိသော အချက်အလက်များ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ သတင်းအချက်အလက်များ စသည်တို့အပေါ် မူတည်၍ ကနဦးအန္တရာယ်အကဲဖြတ်ခြင်းကို ဆောင်ရွက်ရပါမည်။ ကနဦးအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ်မှ အရာရှိ (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ အရာရှိကပြုစုပြီး လူကုန်ကူးခံရသူဟု ယူဆရသူအား သတ်မှတ်ဂေဟာသို့ မပို့ဆောင်မီ ဂေဟာသို့ ကြိုတင်ပေးပို့ရပါမည်။

(ဆ) လူကုန်ကူးခံရသူဟု ယူဆရသူသည် အောက်ပါအခြေအနေများရှိပါက ကနဦးတွေ့ဆုံမေးမြန်း စစ်ဆေးမှုအား ရွှေ့ဆိုင်းရမည်(သို့မဟုတ်) ရပ်ဆိုင်းရမည်–

(၁) အရေးပေါ်ကျန်းမာရေး အကူအညီလိုအပ်ခြင်း၊

(၂) မေးခွန်းများဖြေကြားခြင်းကို ရွှေ့ဆိုင်းလိုခြင်း (သို့မဟုတ်) ဖြေကြားလိုမှုမရှိခြင်း၊

(၃) စိတ်ပိုင်းဆိုင်ရာအခြေအနေ တည်ငြိမ်မှုမရှိခြင်း၊

(၄) ကလေးသူငယ်အတွက်ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်)လူမှုဝန်ထမ်းဦးစီးဌာန လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ / တရားဝင်အုပ်ထိန်းသူ မလာရောက်နိုင်ခြင်း၊

(၅) လိုအပ်သည့် စကားပြန်/လက်သင်္ကေတဘာသာစကားပြန် မလာရောက်နိုင်ခြင်း၊

(၆) လူကုန်ကူးခံရသူဟုယူဆရသူသည် ကလေးသူငယ်ဖြစ်ပြီး ၎င်း၏ဘေးကင်းမှုနှင့် စိတ်ပိုင်း/ ရုပ်ပိုင်းလုံခြုံစိတ်ချရမှုကို ထိခိုက်နိုင်သည်ဟူသော ခိုင်လုံသည့် အကြောင်းအရင်းများရှိခြင်း၊



(e) Initial screening shall start after providing basic needs and detailed information to the presumed trafficked victim on the questions in the screening form. This could take place right after the person has been referred to the Police or in the following days, if the person needs some time to recover. The initial screening is based on questions on personal data, living conditions, working conditions, and the trafficking process to determine if the person has been trafficked or not.

(f) After detailed information on basic needs, rights, available services and interview processes has been given to the presumed victim of trafficking, while carrying out the initial screening, an evaluation is to be done through observation of the presumed trafficked person (behavior and appearance) and an initial risk assessment is to be done based on the information and documents already gathered from the referral, information gathered from asking questions, and information related to her/his health and safety conditions. Prior to sending the presumed trafficked victim to the shelter, a report on the initial risk assessment is to be drafted and sent by the ATIPD/ATTF officer or officer from Local Police to the shelter.

(g) The screening should be postponed or stopped if the presumed trafficked person is in the following situation:

(1) When she/he requires urgent medical aid;

(2) When she/he asks to postpone or decline the questions;

(3) When her/his psychological condition is unstable;

(4) When Department of Rehabilitation or the case manager of Department of Social Welfare/legal guardian cannot be present for the child;

(5) When the required interpreter/sign language interpreter cannot be present; and

(6) If the presumed victim of trafficking is a minor, and there are strong reasons for possible damages to her/his physical or mental security.

(ဇ) အကယ်၍ လူကုန်ကူးခံရသူဟု ကနဦးယူဆရသူမှ မေးခွန်းများဖြေဆိုခြင်းနှင့် ကူညီထောက်ပံ့မှု ရယူခြင်းကို ငြင်းဆန်ပါက ၎င်းအား အနာဂတ်တွင် ကူညီမှုများ လိုအပ်လျှင် ဆက်သွယ်ဆောင်ရွက်နိုင်မည့်လိပ်စာများ၊ ရရှိနိုင်သည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ရဲအရာရှိက ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပံ့ပိုးပေး၍ ၎င်း၏ငြင်းဆန်မှုနှင့် သတင်းအချက်အလက်များရရှိမှု မှန်ကန်ကြောင်း အတည်ပြုပုံစံတွင် လူကုန်ကူးခံရသူဟု ကနဦးယူဆရသူအား လက်မှတ်ရေးထိုးစေရမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | အခြေခံစာရင်းသွင်းပုံစံ |
| အသုံးပြုနည်းအညွှန်း | နားလည်သဘောတူညီမှုပုံစံ |
| အသုံးပြုနည်းအညွှန်း | အသက်စိစစ်မှုအစီရင်ခံစာပုံစံ |
| အသုံးပြုနည်းအညွှန်း | လူကုန်ကူးခံရသူ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ |
| အသုံးပြုနည်းအညွှန်း | ကနဦးအန္တရာယ် အကဲဖြတ်ချက် အစီရင်ခံစာပုံစံ |
| အသုံးပြုနည်းအညွှန်း | ငြင်းဆန်မှုနှင့် သတင်းအချက်အလက်များ ရရှိမှု မှန်ကန်ကြောင်း အတည်ပြုပုံစံ |



(h) If the presumed trafficked person refuses to be questioned and to receive assistance, the police officer together with Department of Rehabilitation or Department of Social Welfare is to provide information and contact details of the existing services in case he or she decides to seek assistance in the future and she or he is to be given a form to sign for her or his confirmation of refusal and that the information has been provided.

| | |
|---|---|
| Tool | Basic Registration Form |
| Tool | Agreement Form |
| Tool | Age Verification Form |
| Tool | Information on the rights of trafficked victims |
| Tool | Initial Risk Assessment Report Form |
| Tool | Form for Confirmation on Refusal and Receiving Information |

## စံလုပ်ငန်းအစီအစဉ်(၁)– လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း

| လုပ်ငန်းစဉ်(၂) ➡ | ဝန်ဆောင်မှုများသို့ ညွှန်းပို့ခြင်း |
|---|---|

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| ယာယီစောင့်ရှောက်ရေးဂေဟာသို့ လူကုန်ကူးခံရသူဟု ကနဦး စိစစ်သတ်မှတ်ခံရသူအား လုံခြုံစွာ လွှဲပြောင်းပေးခြင်း | ကနဦးစစ်ဆေးခြင်းနှင့် အန္တရာယ် အကဲဖြတ်ချက်အား ဆောင်ရွက်ပြီး ယာယီစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ရန် သဘောတူညီချက်ရရှိပြီးနောက်ဆောင်ရွက်ရန် | ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီစောင့်ရှောက်ရေးဂေဟာ (သို့) အခြားယာယီစောင့်ရှောက်ရေးဂေဟာ (သို့) အခြားယာယီ လက်ခံစောင့်ရှောက်မည့်နေရာ | ဆောင်ရွက်ရမည့်သူ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့) နယ်မြေခံရဲတပ်ဖွဲ့က တိုင်းဒေသကြီး/ ပြည်နယ်ပြန်လည်ထူထောင်ရေးရုံး(သို့) လူမှုဝန်ထမ်းရုံးနှင့် အထွေထွေအုပ်ချုပ်ရေးရုံးများနှင့် ပူးပေါင်းဆောင်ရွက်ရန် |

### ဆောင်ရွက်ရမည့်အဆင့်များ

- တာဝန်ကျရဲအရာရှိသည် ပြန်လည်ထူထောင်ရေးဦးစီးဌာနဂေဟာသို့ တရားဝင်စာနှင့်အတူ လွှဲပြောင်းပေးရန်၊
- ဂေဟာမရှိသည့်နေရာများတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူသည် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်းရုံးများမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများနှင့် ညှိနှိုင်းပြီး ယာယီလက်ခံနိုင်မည့်နေရာကို ဖော်ထုတ်ရန်
- ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာနှင့် ရရှိမည့်ဝန်ဆောင်မှုများကို အသိပေးပြောကြားရန်
- အခြားယာယီလက်ခံစောင့်ရှောက်မည့်နေရာသို့ပို့ဆောင်ပါက ပို့ဆောင်မည့်ကိစ္စနှင့်ပတ်သက်သည့် အချက်အလက်များကို လက်ခံစောင့်ရှောက်မည့်နေရာနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ တိကျစွာ အကြောင်းကြားရန်
- လူကုန်ကူးခံရသူ၏ အန္တရာယ်အကဲဖြတ်ချက်၊ လုံခြုံရေးအစီအမံစသည့် သတင်းအချက်အလက်များအား ဂေဟာသို့ မျှဝေရန်
- လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ယူနီဖောင်းဝတ်ဆင်ခြင်း မပြုရန်နှင့် ဖြစ်နိုင်ပါက ရဲအမှတ်တံဆိပ်များပါသည့် မော်တော်ယာဉ်ကို လည်းအသုံးမပြုရန်
- ညွှန်းပို့ရာတွင် ကနဦးတွေ့ဆုံမေးမြန်းရာမှ ရရှိသော အချက်အလက်များနှင့် လူကုန်ကူးခံရသူနှင့်အတူ ပါရှိလာသောပစ္စည်းများကို စာရင်းပြုစု၍ ညွှန်းပို့ပုံစံတွင် ဖြည့်သွင်းလျက် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာသို့ လွှဲ ပြောင်းပေးရန်



## SOP (1): Identification of Victims of Trafficking

| Procedure 2 ➡ | Referral for Services |
|---|---|

| What | When | Where | Who |
|---|---|---|---|
| Safe transfer of the initially screened victim to a shelter | After initial screening, initial risk assessment and receiving consent to refer the presumed victim to the shelter | The shelter of the Department of Rehabilitation or other shelters or other temporary accommodation | ATIPD/ ATTF or Local police cooperate with offices of the Department of Rehabilitation or Department of Social Welfare and Department of General Administration in the related states/regions |

### How

- The police officer refers the case with necessary documents to the shelter of the Department of Rehabilitation.
- In regions where there is no shelter, the police officer in collaboration with the contact person of the Department of Rehabilitation or Social Welfare consult the focal contact person of the Department of General Administration to identify a place for sheltering.
- Information on the shelter and the available services is to be provided to the presumed victim.
- When transferring the victim, the shelter and the Department of Rehabilitation shall be informed about the appropriate and accurate information in relation to the transfer.
- The initial risk assessment and security plan information shall be shared with the shelter.
- When transfering the victim to the shelter, ATFF police officer or Local police shall not wear a police uniform, nor use an indetfiable police car.
- When referring, the initial screening information and a list of personnel possessions the victim carries with her or him, are to be included in the referral form which shall then be transferred to the shelter.

## လုပ်ငန်းစဉ်(၂)။ ဝန်ဆောင်မှုများသို့ ညွှန်းပို့ခြင်း

၂၇။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူအား ကနဦး ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ဆောင်ရွက်ပေးမည့် ယာယီစောင့်ရှောက်ရေးဂေဟာသို့ လုံခြုံရေးကို ဂရုပြု လျက်လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။

၂၈။ **ဆောင်ရွက်ရမည့်အချိန်။** ကနဦးစိစစ်ခြင်းနှင့် အန္တရာယ်အကဲဖြတ်ချက်အား ဆောင်ရွက်ပြီး လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူမှ စောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ရန် သဘောတူညီချက်ပေးသည့် အချိန်တွင် စောင့်ရှောက်ရေးဂေဟာသို့ ညွှန်းပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်သည်။

၂၉။ **ဆောင်ရွက်ရမည့်နေရာ။** လိုအပ်သည့်လုံခြုံရေးအစီအမံများအား ထည့်သွင်းစဉ်းစားလျက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြား သင့်လျော်သော ယာယီစောင့်ရှောက်ရေးဂေဟာသို့ ပို့ဆောင်ရပါမည်။

၃၀။ **ဆောင်ရွက်ရမည့်သူ။** လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ ရဲအရာရှိသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။

၃၁။ **ဆောင်ရွက်ရမည့်နည်းလမ်း။** ကနဦး တွေ့ဆုံမေးမြန်းခြင်းနှင့် အန္တရာယ်အကဲဖြတ်ချက်တို့အား ဆောင်ရွက် စဉ်အတွင်း ရရှိသည့်အချက်အလက်များ၊ လူကုန်ကူးခံရသူဟု ကနဦးစိစစ် သတ်မှတ်ခံရသူ၏အမြင်သဘောထားတို့ အပေါ်အခြေခံ၍ အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-

(က) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံရဲ တပ်ဖွဲ့မှ တာဝန်ကျ ရဲအရာရှိသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြား ယာယီစောင့်ရှောက်ရေးဂေဟာရှိ တာဝန်ရှိသူနှင့် ညှိနှိုင်းပြီးနောက် လူကုန်ကူးခံရသူဟု ကနဦးစိစစ် သတ်မှတ်ခံရသူအား ယာယီလက်ခံ စောင့်ရှောက်နိုင်ရေးအတွက် တရားဝင်အကြောင်းကြားစာနှင့် အတူ လွှဲပြောင်းပေးပို့ရမည်။

(ခ) ဂေဟာမရှိသည့်နေရာများတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ ပြန်လည်ထူထောင် ရေးဦးစီးဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးများမှ တာဝန်ရှိသူနှင့်ပူးပေါင်း၍ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိ သူနှင့်ညှိနှိုင်းပြီး ပို့ဆောင်နိုင်မည့် ယာယီလက်ခံစောင့် ရှောက်မည့်နေရာအား ဖော်ထုတ်သတ်မှတ်ရမည်။

(ဂ) ညွှန်းပို့ခြင်းမဆောင်ရွက်မီ လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူအား ယာယီစောင့်ရှောက် ရေးဂေဟာနှင့် ရရှိမည့်ဝန်ဆောင်မှုများကို ပြည့်စုံစွာအသိပေး ပြောကြားရမည်။

(ဃ) တချိန်တည်းတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု/ တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံ ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်မှ လူကုန်ကူးခံရသူအား ပို့ဆောင်မည့်ကိစ္စနှင့် စပ်လျဉ်းသည့်အချက်အလက်များ (ညွှန်းပို့မည့်ပုဂ္ဂိုလ်အမည်၊ ရောက်ရှိချိန်၊ လိုက်ပါပို့ဆောင်မည့်သူများ) အား ဂေဟာသို့ တိကျစွာ အကြောင်းကြားရမည်ဖြစ်သည်။



## Procedure 2: Referral for Services

27. **WHAT**: Referral to the shelter where initial assistance and protection is provided, should be carried out in a manner which ensures the presumed vicitim's security.

28. **WHEN**: As soon as the initial screening and the early risk assessment are completed, and the presumed victim gives her/his consent to be referred to the shelter.

29. **WHERE**: Taking full consideration of the security plan, the victim shall be transferred to the shelter of the Department of Rehabilitation or Department of Social Welfare or other shelters.

30. **WHO**: Police officer of ATIPD/ATTF or Local police should collabroate with responsible persons from the Department of Rehabilitation or Department of Social Welfare and Department of General Administration in the related states/regions.

31. **HOW**: Based on the information collected from the initial screening and the early risk assessment and the consent of the presumed trafficked victim, the following measures shall be taken;

(a) The police officer of ATIPD/ATTF or Local police, in collaboration with the contact person from the shelter of the Department of Rehabilitation or other shelter, transfers the presumed trafficked victim to the shelter with official notification.

(b) In the region where there is no shelter, the police officer of ATIPD/ATTF, or Local police in collaboration with the contact person from the office of the Department of Rehabilitation or Department of Social Welfare, consults the contact person of the Department of the General Administration to identify the shelter for the victim.

(c) Before the referral takes place, the presumed trafficked victim is informed about the available shelter and the available services in detail.

(d) The police from ATIPD/ ATTF or Local police reports the necessary information about the referral (the referred victim, arrival time, the officer who accompanies her/him) in detail to the shelter.

(င) ပြန်လည်ထူထောင်ရေးဦးစီးဌာနဂေဟာ မဟုတ်သော အခြားယာယီလက်ခံစောင့် ရှောက်မည့်နေရာသို့ပို့ဆောင်ပါကပို့ဆောင်မည့်ကိစ္စနှင့်စပ်လျဉ်းသည့်အချက်အလက်များကိုလက်ခံစောင့်ရှောက်မည့်နေရာနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံးများ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံးများသို့ တိကျစွာ အကြောင်းကြားရမည်။

(စ) လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူ၏ ကျန်းမာရေးအခြေအနေ၊ ကနဦးအန္တရာယ် အကဲဖြတ်ချက်၊ တစ်ဦးချင်းလုံခြုံမှု အစီအစဉ်စသည့် သတင်းအချက်အလက်များအား ယာယီစောင့်ရှောက်ရေးဂေဟာသို့ မျှဝေရန်ဖြစ်သည်။

(ဆ) လိုအပ်သည့် လုံခြုံရေးအစီအမံများအား ထည့်သွင်းစဉ်းစားလျက် ပြန်လည်ထူထောင်ရေး ဦးစီးဌာနယာယီစောင့်ရှောက်ရေးဂေဟာသို့ ပို့ဆောင်သည့်ကိစ္စရပ်တွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့မဟုတ်)နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ရမည်ဖြစ်ပြီး အခြားယာယီလက်ခံစောင့်ရှောက်မည့် နေရာသို့ ပို့ဆောင်ပါက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (သို့မဟုတ်) နယ်မြေခံ ရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန (သို့မဟုတ်) ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ လိုက်ပါလျက် လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူအား သတ်မှတ်ထားသည့်စောင့်ရှောက်ရေးဂေဟာ အဆောက်အဦသို့ ပို့ဆောင်ရမည်ဖြစ်သည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(သို့မဟုတ်) နယ်မြေခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ယူနီဖောင်းဝတ်ဆင်ခြင်းမပြုရန်နှင့် ဖြစ်နိုင်ပါက ရဲအမှတ်တံဆိပ်များပါသည့် မော်တော်ယာဉ်ကိုလည်း အသုံးမပြုရပါ။

(ဇ) လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူအား ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာသို့ ညွှန်းပို့ရာတွင် ကနဦးတွေ့ဆုံမေးမြန်းရာမှ ရရှိသောအချက်အလက်များနှင့် လူကုန်ကူးခံရသူနှင့်အတူပါရှိလာသောပစ္စည်းများကိုစာရင်းပြုစု၍ညွှန်းပို့ပုံစံတွင်ဖြည့်သွင်းလျက် ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာသို့ လွှဲပြောင်းပေးရမည်။

(ဈ) လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူသည် ကလေးသူငယ်ဖြစ်ပါက ၎င်း၏ဥပဒေအရအုပ်ထိန်းခွင့်ရှိသူအား ကလေးသူငယ်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား တိုင်ပင်ဆွေးနွေးရန်နှင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သဘောတူညီမှု ရယူရန်လိုအပ်သည်။ ကလေးသူငယ်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သည့်အခါ ကလေးသူငယ်၏ အမြင်နှင့်ဆန္ဒတို့အား ရယူဆောင်ရွက်ရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာန(သို့မဟုတ်) လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ (သို့မဟုတ်) လူမှုရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုလသမဂ္ဂ/ နိုင်ငံတကာအဖွဲ့အစည်းမှ ကလေးသူငယ်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ဥပဒေအရ အုပ်ထိန်းခွင့်ရှိသူတို့မှ လိုအပ်သည့် အစီအမံများအားလုံးကို ဆောင်ရွက်ရမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | ညွှန်းပို့ပုံစံ |
| အသုံးပြုနည်းအညွှန်း | သဘောတူညီချက်ပုံစံ |



(e) If the victim is referred to other shelters instead of the shelters run by the Department of Rehabilitation, the police officer shoud send the detailed information about the referral case to the concerned shelter and the offices of the Department of Social Welfare or the Department of Rehabilitation in the related states/regions.

(f) Information about the early risk assessment on the health and safety and security plan of the presumed trafficked victim shall be shared with the concerned shelter.

(g) The police officer of ATIPD/ATTF or Local police, while ensuring full consideration of necessary security measures, accompanies the presumed trafficked person when transferring her or him to the shelter of the Department of Rehabilitation. If the victim is to be transferred to another shelter, ATTF, Local police or staff from the Department of Rehabilitation shall accompany her/him. The police officer of ATTF or Local police, during the process of referral, neither wears the uniform nor if possible uses a clearly identifiable police car.

(h) When referring the presumed trafficked victim to the shelter, a copy of the initial screening information and the referral form including a list of the possessions the victim is carrying with her or him, shall be transferred to the shelter.

(i) In case of a presumed child victim, her/his legal guardian should be consulted on all matters and consent for any action shall be received. The case manager of the Department of Rehabilitation or Social Welfare, the professional social worker of UN or INGOs, and the legal guardian for trafficked children should take all necessary measures to ensure that the child's views and wishes are explicitly taken into consideration when the decision is made.

| | |
|---|---|
| Tool | Referral Form |
| Tool | Consent Form |

## စံလုပ်ငန်းအစီအစဉ်(၁)– လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း

**လုပ်ငန်းစဉ်(၃)** ➡ လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| လူကုန်ကူးခံရသူဖြစ်ကြောင်း (သို့မဟုတ်) လူကုန်ကူးခံရသည့် ဖြစ်စဉ်တွင် ပါရှိခဲ့ကြောင်း အတည်ပြုသည့် လုပ်ငန်းစဉ် | တွေ့ဆုံမေးမြန်းမှု လုပ်ငန်းစဉ်နှင့်အသေးစိတ် အချက်အလက်များ ရှင်းလင်းပြီးနောက် လူကုန်ကူးခံရသူဟု ကနဦးစီစစ်သတ်မှတ် ခံရသူ၏သဘောတူညီမှု ရရှိချိန်တွင် လုပ်ငန်းစဉ် စတင်ရန် | ပြန်လည်ထူထောင်ရေး ဦးစီးဌာန ယာယီစောင့်ရှောက်ရေး ဂေဟာ (သို့မဟုတ်) အခြား ယာယီစောင့်ရှောက်ရေး ဂေဟာ (သို့မဟုတ်) အခြားယာယီလက်ခံ စောင့်ရှောက်မည့်နေရာ | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်/ နယ်မြေခံရဲ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ပြင်ပကိစ္စတွင် ဆိုက်ရောက်နိုင်ငံရှိ မြန်မာသံရုံး/အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံး |

### ဆောင်ရွက်ရမည့်အဆင့်များ

- ရဲအရာရှိနှင့် ကနဦးစိစစ်သတ်မှတ်ခံရသူတို့အကြား တစ်ကြိမ်(သို့) တစ်ကြိမ်ထက်ပိုသော အပြန်အလှန် တွေ့ဆုံမေးမြန်းမှု ဆောင်ရွက်ရန်
- ကနဦးစိစစ်သတ်မှတ်ပေးသည့် အချက်များအား ခွဲခြားစိစစ်ဖော်ထုတ်နိုင်ရန်နှင့် မှန်ကန်မှုကို စစ်ဆေးနိုင်ရန်အတွက် သက်သေအထောက်အထားများအား စုဆောင်းရန်၊ အကဲဖြတ်ရန်နှင့် ရရှိနိုင်သည့် ခိုင်မာသော ရုပ်ဝတ္ထုအထောက်အထားများအား ဆန်းစစ်ရန်
- လူကုန်ကူးခံရသူအဖြစ်ဖော်ထုတ်သတ်မှတ်ရန်အတွက် အညွှန်းကိန်းများအား အသုံးပြုရန်
- လုပ်ငန်းစဉ်ပြီးဆုံးပါက ရဲအရာရှိသည် တရားဝင်ဖော်ထုတ် သတ်မှတ်ခြင်းအစီရင်ခံစာအား ပြုစု ရမည်ဖြစ်ပြီး လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူမှတစ်ဆင့် လူကုန်ကူးခံရသူထံ ရလဒ်များအား အသိပေးရန်
- လူကုန်ကူးခံရသူဖြစ်ပါက သက်သေစုဆောင်းခြင်း၊ သက်သေခံခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းစဉ်အား ရှင်းလင်းရန်
- လူကုန်ကူးခံရသူမဟုတ်ပါက လိုအပ်လျှင် အခြားသင့်လျော်သည့် ဝန်ဆောင်မှုပေးနိုင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန်



## SOP (1): Identification of Victims of Trafficking in Persons

**Procedure 3** ➡ Formal Identification of Victims of Trafficking in Persons

| What | When | Where | Who |
|---|---|---|---|
| A procedure to identify whether the person is a victim of trafficking or was a victim of a trafficking process | With the consent of the initially screened victim, and after explanations about the interview process and detailed information. | In a private room in the building of ATIPD/ATTF, a shelter at the Department of Rehabilitation, other shelter or in a temporary accomodation | ATIPD/ATTF/Local Police, Department of Rehabilitation, Department of Social Welfare, and Myanmar Embassy/ Permanent Mission/Consulate of the host country (in case of the victim identified outside Myanmar) |

### How

- Conduct the interview (one or more times) between the police officer and the initially screened victim.
- Gather and evaluate evidence to assess and check whether the initially screened facts are correct and assess available corroborative material.
- Employ indicators to identify trafficked victims.
- After identification, the police official shall write a formal identification report and inform the victim of the results through the case manager.
- Explain to the identified victim about the process of evidence gathering, witnessing and protection.
- If necessary, refer the person who is found not to be a trafficked victim to appropriate organizations which can provide appropriate support.

## လုပ်ငန်းစဉ် (၃)။ လူကုန်ကူးခံရသူအဖြစ် တရားဝင် ဖော်ထုတ်သတ်မှတ်ခြင်း

၃၂။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** ကနဦးစိစစ်ခြင်းနှင့် စုံစမ်းခြင်းတို့မှရရှိသည့် သက်သေအထောက်အထား၊ တွေ့ရှိချက်များအရ လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူအား လူကုန်ကူးခံရသူဖြစ်ကြောင်း (သို့မဟုတ်) လူကုန်ကူးခံရသည့်ဖြစ်စဉ်တွင် ပါရှိခဲ့ကြောင်းကို အတည်ပြုသည့် တရားဝင်လုပ်ငန်းစဉ်ဖြစ်ပါသည်။ လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်တွင် လူကုန်ကူးခံရသူဟုယူဆရသူနှင့် တွေ့ဆုံမေးမြန်း၍ ဖော်ထုတ်သတ်မှတ်ခြင်း၊ စုဆောင်းအကဲဖြတ်ရရှိသည့်သက်သေ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။

၃၃။ **ဆောင်ရွက်ရမည့်အချိန်။** လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ပြီး ဝန်ဆောင်မှုများသို့ ညွှန်းပို့ပြီးနောက် ၎င်း၏ သဘောတူညီမှုဖြင့် လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ် သတ်မှတ်ရန် တွေ့ဆုံမေးမြန်းမှုကို ဆောင်ရွက်ရမည်။

၃၄။ **ဆောင်ရွက်ရမည့်နေရာ။** လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ အဆောက်အဦ (သို့မဟုတ်) ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားယာယီလက်ခံ စောင့်ရှောက်မည့်နေရာ (သို့မဟုတ်) အခြားယာယီလက်ခံစောင့်ရှောက်ရေးဂေဟာအတွင်း လုံခြုံ၍ သက်တောင့်သက်သာရှိသည့် သီးသန့်အခန်းတွင် တာဝန်ရှိသူများဖြင့်သာ ဆောင်ရွက်ရမည်။

၃၅။ **ဆောင်ရွက်ရမည့်သူ။** လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု/တပ်ဖွဲ့စိတ် (သို့မဟုတ်) နယ်မြေခံရပ်တပ်ဖွဲ့ရှိ ရဲအရာရှိများမှ ဆောင်ရွက်ရမည်ဖြစ်သည်။ အကယ်၍ လူကုန်ကူးခံရသူသည် တွေ့ဆုံမေးမြန်းသူ အသုံးပြုသည့် ဘာသာစကားအား နားလည်နိုင်ခြင်းမရှိပါက စကားပြန်/လက်သင်္ကေတ ဘာသာစကားပြန်နှင့် ကလေးသူငယ် လူကုန်ကူးမှုကိစ္စများတွင် ကလေးသူငယ်အတွက် တာဝန်ပေးအပ်ထားသော လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူတို့သည် တွေ့ဆုံမေးမြန်းမှုသို့ တက်ရောက်ရမည်ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုပြီးဆုံးပါက လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူ (သို့မဟုတ်) ကလေးသူငယ် လူကုန်ကူးမှုကိစ္စများတွင် ကလေးသူငယ်အတွက် တာဝန်ပေးအပ်ထားသော လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူတို့က လူကုန်ကူးခံရသူအား မေးခွန်းများ မေးမြန်းရန် ခွင့်ပြုပေးရပါမည်။

၃၆။ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံပြင်ပတွင် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်သည့် ကိစ္စများတွင် ဆိုက်ရောက်ရာနိုင်ငံရှိမြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန် ရှိသူများမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ဆောင်ရွက်ရမည်ဖြစ်သည်။ လိုအပ်ပါက ဆိုက်ရောက်ရာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (ဥပမာ–ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း–အိုင်အိုအမ်)မှ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

၃၇။ **ဆောင်ရွက်ရမည့်နည်းလမ်း။** လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်–

(က) လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်၏ ရှုပ်ထွေးမှု သဘာဝကြောင့်လည်းကောင်း၊ သတင်းအချက်အလက်စုဆောင်းရန် လိုအပ်သည့် အချိန်ကြောင့်လည်းကောင်း၊ လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူသည် မကြာခဏကြောက်ရွံ့ခြင်း (သို့မဟုတ်) အဖြစ်အပျက် အသေးစိတ် (သို့မဟုတ်) ဖြစ်စဉ်အကျဉ်းကို မမှတ်မိသည့်အတွက်ကြောင့်လည်းကောင်း လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်တွင် မေးခွန်းမေးမြန်းခြင်းကို တစ်ကြိမ်ထက်ပို၍ လုပ်ဆောင်ရန် လိုအပ်ပါသည်။ အကယ်၍ လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူသည် စိတ်ဖိစီးမှု လက္ခဏာပြသခြင်း (သို့မဟုတ်) တွေ့ဆုံမေးမြန်းခြင်းအား ရွှေ့ဆိုင်းရန် တောင်းဆိုခြင်းရှိလာပါက တွေ့ဆုံမေးမြန်းမှုအား ရွှေ့ဆိုင်းရန်ဖြစ်ပါသည်။



## Procedure 3: Formal Identification of Victims of Trafficking in Persons

32. **WHAT:** This is the formal procedure to establish if the presumed trafficked person has been a victim of trafficking or was in the process of being trafficked, after the initial screening and the initial investigation clearly indicate evidence of trafficking. The formal identification procedure includes: identification interview(s) with the presumed victim, evidence gathering and analysis/assesment, cooperation with relevant stakeholders.

33. **WHEN:** The formal Identification interview shall be conducted with the consent of the presumed trafficked person after an initial screening and referral to services have been done.

34. **WHERE:** With responsible actors only in a safe and comfortable private room in the building of ATIPD/ATTF, a shelter at the Department of Rehabilitation, other shelter or a temporary accommodation.

35. **WHO:** Police officers of the ATIPD/ATTF or Local Police shall carry out the formal identification interview. An interpreter/sign language interpreter should be present in case the victim cannot understand the language of the interviewer and the child's social worker should be present in case a child victim is present at the interview. At the end of the interview, the case manager or the child's social worker, in the case of a child victim, will be allowed to pose questions to the victim.

36. In cases where Myanmar Nationals are outside of Myanmar, the identification process will be carried out by the Myanmar Embassy/Consular officials in the host country, in close coordination with ATIPD. If necessary, international organizations (for example, the International Organization for Migration – IOM) in the host country may also participate.

37. **How:** The formal identification of a trafficked victim shall be conducted as follows:

(a) The formal identification process may require more than one interview session due to its complexity, the time needed for information gathering, and the reluctance to answer questions by presumed trafficked persons who are often fearful, do not recall all details or the precise order of the events. The interview should be rescheduled if the presumed trafficked persons show signs of distress or ask to postpone the interview.

(ခ) လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်မှလွဲ၍တွေ့ဆုံမေးမြန်းမှုအကြိမ်ကြိမ် ဆောင်ရွက်ခြင်းမပြုလုပ်ရပါ။ တွေ့ဆုံမေးမြန်းမှုကြာချိန်နှင့် မေးမြန်းမည့် နယ်ပယ်တို့အား ကန့်သတ်ထားရပါမည်။ ကလေးသူငယ်များ ပါဝင်ပတ်သက်နေသည့် အမှုကိစ္စများတွင် တွေ့ဆုံမေးမြန်းမှုအား အများဆုံးနှစ်ကြိမ်သာ ဆောင်ရွက်သင့်ပါသည်။

(ဂ) လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူမှပေးသည့် အချက်အလက်များအား ခွဲခြားဖော်ထုတ်နိုင်ရန်နှင့် မှန်ကန်မှုကို စစ်ဆေးနိုင်ရန်အတွက် အခြားသက်သေ အထောက်အထားများအား စုဆောင်းခြင်း၊ အကဲဖြတ်ခြင်းနှင့် ရရှိနိုင်သည့် ခိုင်မာသော ရုပ်ဝတ္ထုအထောက်အထားများအား ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ဃ) တွေ့ဆုံမေးမြန်းမှု မစတင်မီ တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များနှင့် အကျိုးဆက်များ၊ သူ/သူမ၏အခွင့်အရေးများ၊ တာဝန်ရှိမှုများနှင့် အချက်အလက်များအား လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတိကျသည့် သတင်းအချက်အလက်များကို တွေ့ဆုံမေးမြန်းခံရသူအား ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

(င) လူကုန်ကူးခံရသူဟု ကနဦးစိစစ်သတ်မှတ်ခံရသူမှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ရန် ဆုံးဖြတ်ပါက တရားဝင်တွေ့ဆုံမေးမြန်းမှုနှင့် အချက်အလက် သိမ်းဆည်းမှုတို့အတွက် နားလည်သဘောတူညီကြောင်းကို လက်မှတ်ရေးထိုးရပါမည်။ ၎င်း၏ ကိုယ်ရေးအချက်အလက်များနှင့် ပတ်သက်၍ မည်သည့်အချိန်တွင်မဆို သက်ဆိုင်ခွင့်၊ ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့် (သို့မဟုတ်) ရုတ်သိမ်းခွင့်ရှိရပါမည်။

(စ) လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ရန်အတွက် တွေ့ဆုံမေးမြန်းခြင်းအား လူကုန်ကူးခံရသူဖြစ်ခြင်း (သို့မဟုတ်) လူကုန်ကူးခံရသူတစ်ဦး ဖြစ်လာသည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့ခြင်းရှိ/မရှိကို ဆုံးဖြတ်နိုင်ရန် သက်သေစုဆောင်းသည့် မေးခွန်းများအပေါ်တွင်အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းမည့်သူသည်လူကုန်ကူးခံရသူအဖြစ်ဖော်ထုတ်သတ်မှတ်ရန်အတွက်အညွှန်းကိန်းများကို အသုံးပြုရပါမည်။

(ဆ) လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်သည့် လုပ်ငန်းစဉ်ပြီးဆုံးသည်နှင့် တပြိုင်နက် ရဲအရာရှိသည် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်း အစီရင်ခံစာအား ပြုစုရမည်ဖြစ်ပြီး လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူမှတဆင့် လူကုန်ကူးခံရသူထံသို့ ရလဒ်များအား အသိပေးရမည်ဖြစ်သည်။

(ဇ) အကယ်၍လူကုန်ကူးခံရသူတစ်ဦးအဖြစ် တရားဝင်သတ်မှတ်ပါက ပူးပေါင်းဆောင်ရွက်ရန်အတွက် ၎င်း၏သဘောတူညီမှု ရယူရပါမည်။ ဆက်လက်၍ သက်သေစုဆောင်းခြင်း၊ သက်သေခံခြင်းလုပ်ငန်းစဉ်များနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ရွေးချယ်မှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ၎င်းအား ရှင်းလင်းပြောကြားရမည်။

(ဈ) လူကုန်ကူးခံရခြင်းမဟုတ်ဘဲ အခြားသောပြစ်မှုများ ကျူးလွန်ခံရသူ(သို့မဟုတ်)ကူညီ ထောက်ပံ့မှုလိုအပ်သူများအား သင့်လျော်သည့် ဝန်ဆောင်မှုပေးနိုင်သော သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ လူကုန်ကူးခံရသူမှ သဘောတူညီချက်ပုံစံနှင့် လွှဲပြောင်းပုံစံတို့ကို ဖြည့်စွက်၍ လွှဲပြောင်းပေးရပါမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | သဘောတူညီချက်ပုံစံ |
| အသုံးပြုနည်းအညွှန်း | လူကုန်ကူးခံရသူအဖြစ် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်း မေးခွန်းလွှာ |
| အသုံးပြုနည်းအညွှန်း | လူကုန်ကူးခံရသူအဖြစ် တရားဝင်သတ်မှတ်ဖော်ထုတ်သည့် အစီရင်ခံစာ |



(b) In the case of a child victim, repeated interviews should not be allowed, until and unless the situation necessitates it. The duration and scope of the interview should be limited. A maximum of two interviews should be carried out with a child victim.

(c) It is necessary to gather and access other evidence and available corroborative material to identify the facts and check the information provided by the presumed trafficked person.

(d) Before starting an interview, clear and accurate information should be given to the interviewee on the aims and consequences of the procedure, on her/his rights and obligations, and on data protection policy.

(e) If the presumed trafficked person decides to be interviewed, she/he will sign the informed consent for formal interview and data storage. She/he is entitled to obtain, amend, eliminate, or withdraw her/his personal data at any moment.

(f) The identification interview is based on a set of questions to collect evidence in order to determine whether a person has been a victim of trafficking or was in the process of becoming a victim of trafficking. The interviewer shall use a list of indicators to identify a victim of trafficking.

(g) Once the identification process is completed, the police officer writes the formal identification report; whereas the case manager informs the person about the outcome.

(h) If the person is officially identified as a victim of trafficking and gives her/his written consent to cooperate, she/he shall be provided with more detailed information on the evidence gathering, witness procedures, and protection options.

(i) If the person is not a victim of trafficking but a victim of other crimes or a person in need of assistance, she/he shall be transferred to relevant ministry or non-governmental organizations to receive appropriate services by using the Referral and Consent Forms.

| | |
|---|---|
| Tool | Consent Form |
| Tool | Formal Identification of Trafficked Persons |
| Tool | Formal Identification Report |

## စံလုပ်ငန်းအစီအစဉ်(၂)

# ကြားကာလကာကွယ်စောင့်ရှောက်ခြင်း

လူကုန်ကူးခံရသူဟု သတ်မှတ်ခံရသူအား အနာဂတ်တွင် ရရှိနိုင်သည့် ကူညီပံ့ပိုးမှုများအတွက် ရွေးချယ်မှုများကို ရှင်းလင်းပြောကြားပြီးနောက် သူ/သူမအနေဖြင့် နားလည်သဘောပေါက်မှု အပြည့်ဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အတွက် ကူညီပံ့ပိုးပေးနေစဉ်တွင် ၎င်း၏ လတ်တလောလိုအပ်ချက်များအား ဖြည့်ဆည်းရန် အတတ်နိုင်ဆုံး ပံ့ပိုးပေးသည့် အရေးပေါ်ကူညီပံ့ပိုးမှုဖြစ်သည်။



## SOP (2)

# Interim Care

Interim Care provides presumed trafficked persons with the most urgent support measures to respond to their immediate needs while helping them to consider available options and make fully informed decisions for their future.

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

လုပ်ငန်းစဉ် (၁) ➡ နေရာထိုင်ခင်းနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ သတင်းအချက် အလက်ပံ့ပိုးပေးခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် လိုအပ်ချက်များဆိုင်ရာ အကဲဖြတ်ခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| ယာယီစောင့်ရှောက်ရေး ဂေဟာ/အခြားနေရာတွင် နေရာချပေးခြင်းနှင့်လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးရန်၊ မှတ်ပုံတင်ရန် နှင့် လူမှုရေး၊ ဆေးကုသမှု၊ ဥပဒေဆိုင်ရာနှင့် လုံခြုံရေး ဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ရန် ဆောင်ရွက်ရမည့်အချိန် | လူကုန်ကူးခံရသူ ရောက်ရှိပြီး ဂေဟာတွင် နေရာချထားပြီးနောက် ဆောင်ရွက်ရန် | ပြန်လည်ထူထောင်ရေး ဦးစီးဌာန ယာယီ စောင့်ရှောက်ရေးဂေဟာ / သက်ဆိုင်ရာ ပြန်လည် ထူထောင်ရေးဦးစီးဌာနရုံး (သို့) လူမှုဝန်ထမ်း ဦးစီးဌာနရုံး | ယာယီစောင့်ရှောက်ရေး ဂေဟာ/ ပြန်လည် ထူထောင်ရေးဦးစီး ဌာန(သို့) လူမှုဝန်ထမ်း ဦးစီးဌာန တာဝန်ကျဝန်ထမ်း |

### ဆောင်ရွက်ရမည့်အဆင့်များ

- လူကုန်ကူးခံရသူအား ရရှိနိုင်သော ဝန်ဆောင်မှုများ၊ အခွင့်အရေးနှင့် တာဝန်ရှိမှုများ၊ လိုက်နာရမည့် အချက်များ (သို့မဟုတ်) သဘောတူညီချက်များကို မလိုက်နာပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ စသည်တို့နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို ပံ့ပိုးပေးရန်
- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှပေးပို့လာသည့် ကနဦးလိုအပ်ချက်နှင့် အန္တရာယ်အကဲဖြတ်ချက်များ အပါအဝင် ညွှန်းပို့မှုပုံစံကို သုံးသပ်ရန်
- ဝင်ခွင့်ပုံစံတွင် ဖြည့်စွက်ရန်
- အချက်အလက်နှင့် အထောက်အထားများအားလုံးကို မှတ်တမ်းတင်ရန်အတွက် ဖိုင်ဖွင့်ရန်နှင့် ယင်းဖိုင်အား လုံခြုံ စိတ်ချရသည့်နေရာတွင် သိမ်းဆည်းထားရန်
- စာရင်းသွင်းလက်ခံခြင်းလုပ်ငန်းစဉ်အား ရှင်းလင်းပြောကြားရန်
- အချက်အလက်များအား အကဲဖြတ်ချက်ပုံစံပါအတိုင်းမေးမြန်း၍ အချက်အလက်များအား ဖြန့်ဝေခြင်း မပြုကြောင်း၊ မေးသည့်မေးခွန်းအား ဖြေဆိုရန်ငြင်းဆန်နိုင်ကြောင်း ရှင်းလင်းပြောကြားရန်
- အဓိကတွေ့ရှိချက်များကို လူကုန်ကူးခံရသူအား အသိပေးရန်
- ပေးမည့်ဝန်ဆောင်မှု၊ လိုက်နာရမည့်စည်းကမ်းနှင့် ကူညီထောက်ပံ့မည့် အချိန်ကာလတို့အား ရှင်းလင်းပြောကြားရန်
- ဝန်ဆောင်မှုများအား ရယူလိုခြင်း ရှိ/မရှိ ဆုံးဖြတ်နိုင်ရန်အတွက် သင့်လျော်သော အချိန်ပေးရန်
- ဆုံးဖြတ်ပြီးပါက သက်ဆိုင်သည့် ဝန်ခံကတိတွင် လက်မှတ်ရေးထိုးစေရန်



## SOP (2): Interim Care

Procedure 1 ➡ Providing Accommodation and Information on Assistance, Registration and Needs Assessment

| What | When | Where | Who |
|---|---|---|---|
| Accommodation in a shelter or other accommodation, providing necessary information, registering and reviewing social, medical, legal and security needs | Upon arrival of the trafficked person at the shelter after she/he is referred. | The shelter of the Department of Rehabilitation/ relevant office of Department of Rehabilitation or Department of Social Welfare | The person on duty at the shelter/Department of Rehabilitation or Department of Social Welfare |

### How

- Provide the victim with detailed information on the available services, the attached rights and responsibilities or possible consequences for breaking rules or agreements;
- Review the referral form, including the first needs and risk assessment by the ATIPD/ATTF;
- Fill in the admission sheet;
- Open the beneficiary file where all information and documentation of the case will be recorded and stored in a protected location;
- Explain the intake procedure;
- Explain that the questions will be asked according to the assessment form; the information will not be shared with others and the victim has the right to decline answering questions;
- Inform the trafficked person about the main findings of the assessment form;
- Explain to the victim the services that can be provided, the rules to be followed and the assistance period;
- Give the trafficked person a period of time to decide upon the service she or he is offered and to be agreed upon;
- Ask the victim to sign the relevant statement once he or she has decided.

**လုပ်ငန်းစဉ် (၁)– နေရာထိုင်ခင်းနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက် ပံ့ပိုးပေးခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် လိုအပ်ချက်များဆိုင်ရာ အကဲဖြတ်ခြင်း**

၃၈။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** လူကုန်ကူးခံရသူဟု သတ်မှတ်ခံရသူအား သတ်မှတ်ထားသည့် ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားနေရာတွင် နေရာချထားပေးရာတွင် လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးရန်၊ မှတ်ပုံတင်ရန်နှင့် လူကုန်ကူးခံရသူ၏ လူမှုရေး၊ ဆေးကုသမှု၊ ဥပဒေဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ရန်အတွက် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

၃၉။ **ဆောင်ရွက်ရမည့်အချိန်။** လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားစောင့်ရှောက်ရာ နေရာသို့ရောက်ရှိပြီး နေရာချထားပြီးမှသာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၄၀။ **ဆောင်ရွက်ရမည့်နေရာ။** ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးအတွင်းရှိ သက်တောင့်သက်သာရှိသည့် သီးသန့်အခန်းတွင် ဆောင်ရွက်ရပါမည်။ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ စသည့်ထိခိုက်လွယ်သော လူကုန်ကူးခံရသူများအတွက် လိုက်လျောညီထွေရှိသည့် ပတ်ဝန်းကျင်ဖြစ်စေရေး လိုအပ်သည့် အထူးအစီအမံများ ထည့်သွင်းဆောင်ရွက်ရပါမည်။

၄၁။ **ဆောင်ရွက်ရမည့်သူ။** ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူ/ လက်ခံစောင့်ရှောက်ရေးဂေဟာ မရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးတို့မှ ဝန်ထမ်းနှင့်ကလေးသူငယ်ဖြစ်ပါက ၎င်းကလေးသူငယ်အတွက် တာဝန်ပေးအပ်ထားသော လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဥပဒေအရ အုပ်ထိန်းခွင့်ရှိသူတို့နှင့်အတူ ဆောင်ရွက်ရမည်။

၄၂။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်–

(က) လူကုန်ကူးခံရသူအား ၎င်းရရှိနိုင်သည့် အခြေခံဝန်ဆောင်မှုများ၊ အခွင့်အရေးနှင့်တာဝန်ရှိမှုများ၊ လိုက်နာရမည့်အချက်များ (သို့မဟုတ်)သဘောတူညီချက်များကိုမလိုက်နာပါက ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်များစသည်တို့နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကိုအောက်ပါအတိုင်းအသိပေးရပါမည်–

(၁) နှုတ်ဖြင့်ပြောကြားခြင်း (သို့မဟုတ်) စာဖြင့် ရေးသားထားခြင်း (သို့မဟုတ်) လက်သင်္ကေတဖြင့်ပြခြင်း

(၂) လူကုန်ကူးခံရသူ၏ ခံစားမှုအပေါ် စာနာမှုထားရှိ မေးမြန်းခြင်း

(၃) မေးခွန်းများအားနားမလည်ပါက ပြန်လည်မေးမြန်းနိုင်ကြောင်း ပြောကြားခြင်း

(၄) ရရှိနိုင်သောရွေးချယ်မှုများအား အသိပေးပြောကြားခြင်းနှင့် ရွေးချယ်မှုပြုလုပ်နိုင်ရေးအတွက် အကူအညီပေးခြင်း

(၅) လူကုန်ကူးခံရသူသည် ရှင်းလင်းပြောကြားမှုများအား နားလည်သဘောပေါက်မှု ရှိ/မရှိ အမြဲလေ့လာခြင်း

(ခ) ရရှိနိုင်သည့် ဝန်ဆောင်မှုများ၊ ဥပဒေပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေများ၊ လက်ခံရရှိမည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများ (သို့မဟုတ်) သတ်မှတ်ချက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား လူကုန်ကူးခံရသူအား ရှင်းလင်းပြောကြားပြီးနောက် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်–

(၁) လုပ်ငန်းစဉ်မစတင်မီ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု/တပ်ဖွဲ့စိတ်များမှ ပေးပို့လာသည့် ကနဦးလိုအပ်ချက်နှင့် အန္တရာယ်အကဲဖြတ်ချက်အပါအဝင် ညွှန်းပို့မှုပုံစံကို သုံးသပ်ရန်



## Procedure 1: Accommodation and Support Information, Registration and Needs Assessment

38. **What:** To provide the presumed trafficked person with information on accommodation in an accredited shelter or oppropriate temporary accommodation, to register her/him and assess her/his social, medical, legal, and security needs.

39. **When:** As soon as the presumed trafficked person arrives at the shelter or other care providing place.

40. **Where:** In a comfortable and private room in the premises of the shelter or in an office of the Department of Rehabilitation or Department of Social Welfare in the relevant states/regions. For vulnerable victims of trafficking such as children, persons with disabilities, pregnant women, and elderly persons, special measures which are necessary to create a comfortable/friendly environment must be ensured.

41. **Who:** The shelter staff from the Department of Rehabilitation. If there is no shelter available the relevant staff member from the Department of Rehabilitation or Department of Social Welfare in the state/region; In case of a child victim, the assigned case manager for the child, and legal guardian should be coordinated.

42. **How:** Facilitate as follows:

(a) Detailed information on the basic services, the rights and responsibilities and related consequences for breaking rules or agreements must be provided as follows:

(1) Orally, in writing or in sign language;

(2) Pose questions about the feelings of the trafficked person in a sympathetic manner;

(3) Encourage the trafficked person to pose clarifying questions;

(4) Help to re–orient and assess the available options;

(5) Check whether the trafficked person has understood all the information given.

(b) After providing the trafficked person with detailed information on available services, legal consequences, the right and obligations attached to services, initiate the following:

(1) Before starting the procedure, review the referral form including the type of requested assitance and initial risk assessment sent by the ATIPD/ATTF;

(၂) ဝင်ခွင့်ပုံစံတွင် ဖြည့်စွက်ရန်

(၃) လူကုန်ကူးခံရသူ၏ သတင်းအချက်အလက်နှင့် အထောက်အထားများ အားလုံးကိုမှတ်တမ်းတင်ရန်အတွက် ဖိုင်ဖွင့်ရန်နှင့် ယင်းဖိုင်အား လုံခြုံစိတ်ချရသည့်နေရာတွင် ထိန်းသိမ်းထားရှိရန်

(၄) စာရင်းသွင်းလက်ခံခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် သတင်းအချက်အလက်များအား မည်သူကို ဖြန့်ဝေမည်/ မည်သူတို့အား ဖြန့်ဝေခြင်းမပြုမည်၊ မည်သည့် မေးခွန်းကိုမဆို ဆန္ဒမရှိပါက ဖြေဆိုရန် ငြင်းဆန်ခွင့်ရှိသည် စသည်တို့ကို လူကုန်ကူးခံရသူအား ရှင်းလင်းပြောကြားရန်

(၅) လူကုန်ကူးခံရသူ၏ အပြုအမူနှင့်သွင်ပြင်သဏ္ဍာန်အား သေချာစွာလေ့လာရန်

(၆) ၎င်း၏ကျန်းမာရေး (စိတ်ကျန်းမာရေးအပါအဝင်)နှင့် လုံခြုံမှုအခြေအနေတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရရှိရန်အတွက် လိုအပ်ချက်များဆိုင်ရာ အကဲဖြတ်ချက်ပုံစံပါမေးခွန်းများအား သိမ်မွေ့စွာမေးမြန်းရန်

(၇) စာရင်းသွင်းလက်ခံခြင်းနှင့် လိုအပ်ချက်ဆိုင်ရာ အကဲဖြတ်ချက်ပုံစံအား ဖြည့်စွက်ပြီးသည်နှင့်တပြိုင်နက် အဓိကတွေ့ရှိချက်များကို လူကုန်ကူးခံရသူအား အသိပေးပြောကြားရန်

(၈) ကူညီပံ့ပိုးမှုခံယူမည့်သူအား ကနဦးကူညီပံ့ပိုးနေစဉ်ကာလအတွင်း ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများ၊ လိုက်နာရမည့် စည်းမျဉ်းများနှင့် ကူညီထောက်ပံ့မှု ရရှိနိုင်မည့် အချိန်ကာလတို့အား အပြည့်အဝ ရှင်းလင်းပြောကြားရန်

(၉) ဆွေးနွေးသဘောတူညီမှု ရယူထားသည့် ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများအား ရယူလိုခြင်း ရှိ/ မရှိကိုဆုံးဖြတ်နိုင်ရန်အတွက် လူကုန်ကူးခံရသူအား သင့်လျော်သော အချိန်ပေးရန်

(၁၀) လူကုန်ကူးခံရသူသည် ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) လုံခြုံစိတ်ချရသည့် အခြားနေရာတစ်ခုခုတွင် နေထိုင်မည်ကို ဆုံးဖြတ်ရန်နှင့် ဆုံးဖြတ်ချက်ကို ဝန်ခံကတိဖော်ပြချက်တွင် လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) ကလေးသူငယ်ဖြစ်ပါက ၎င်းအုပ်ထိန်းသူ၏ သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | ဝင်ခွင့်ပုံစံ |
| အသုံးပြုနည်းအညွှန်း | လူကုန်ကူးခံရသူ၏ကိုယ်ရေးဖိုင် |
| အသုံးပြုနည်းအညွှန်း | ဂေဟာတွင်မိမိသဘောဆန္ဒအရနေထိုင်ခြင်းဆိုင်ရာသဘောတူညီချက် |
| အသုံးပြုနည်းအညွှန်း | စာရင်းသွင်းလက်ခံခြင်းနှင့် လိုအပ်ချက်အကဲဖြတ်ချက်ပုံစံ |



(2) Fill in the Admission sheet;

(3) Open the beneficiary file where all information and documentation of the trafficked victim will be recorded and stored in a protected location;

(4) Explain to the trafficked person the purpose of the intake procedure including who will and will not have access to the information, the right to decline to answer any of the questions;

(5) Observe the behaviour and appearance of the trafficked person;

(6) Subtly pose questions from the needs assessment form to gather information related to health (including mental health) and safety of the trafficked person;

(7) After filling in the intake and needs assessment form, inform the trafficked person about the main findings;

(8) Fully explain to the assisted person the services that can be provided during the first assistance period; the rules to be followed; and the duration of the assistance;

(9) Give the assisted person a period of time to decide upon the services she or he is offered and which will be agreed upon;

(10) The trafficked person shall make her/his decision about staying either in the shelter or in another safe accommodation and sign the related statement; in case of a child victim, the guardian shall sign the agreement.

| | |
|---|---|
| Tool | Intake Form |
| Tool | Trafficked Victim's Personal Data File |
| Tool | Consent Form for voluntary stay in shelter |
| Tool | Registration and Needs Assessment Form |

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

| လုပ်ငန်းစဉ် (၂) | ကာလတိုကူညီပံ့ပိုးမှုအစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း |
|---|---|

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| ကာလတို လုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းနှင့် အကဲဖြတ်ချက်များအရ ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် | ကူညီထောက်ပံ့မည့် အစီအစဉ်များအား လက်ခံ ရယူလိုကြောင်း စာဖြင့် သဘောတူညီချက် ရရှိပြီးနောက် ဆောင်ရွက်ရန် | ပြန်လည်ထူထောင်ရေး ဦးစီးဌာန၊ ယာယီစောင့်ရှောက်ရေး ဂေဟာ / သက်ဆိုင်ရာ ပြန်လည် ထူထောင်ရေး ဦးစီးဌာနရုံး/ လူမှုဝန်ထမ်း ဦးစီးဌာနရုံး | ယာယီစောင့်ရှောက်ရေး ဂေဟာ၊ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာနရုံး/ လူမှုဝန်ထမ်းရုံးများ |

### ဆောင်ရွက်ရမည့်အဆင့်များ

- ကာလတို ထောက်ပံ့မှုအစီအစဉ်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်
- ကာလတိုထောက်ပံ့မှုအစီအစဉ်နှင့် သဘောတူညီချက်ပုံစံအား ဖတ်ရှုရန်အတွက် လူကုန်ကူးခံရသူအား လုံလောက်သည့် အချိန်ပေးရန် (သို့) ၎င်းအားဖတ်ပြရန်
- ကူညီမှုအစီအမံကိုရယူရန် သဘောတူကြောင်း လက်မှတ်ရေးထိုးရန်နှင့် ကလေးသူငယ်ဖြစ်ပါက လက်မှတ် ထိုးထားသည့် မိတ္တူအား အုပ်ထိန်းသူထံပေးရန်
- လူကုန်ကူးခံရသူနှင့်အတူပါလာသည့် ပစ္စည်းများအား မှတ်တမ်းတင်ရန်
- ဝန်ဆောင်မှုများအား သတ်မှတ်ချိန်အတွင်းဆောင်ရွက်ပေးရန်
- ကျန်းမာရေးလိုအပ်ချက်ရှိသူများအား ကျန်မာရေးဝန်ဆောင်မှုပေးသူများနှင့် ဆက်သွယ်ပေးရန် (သဘောတူညီ မှုဖြင့်)
- စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်ရှိသူများအား စိတ်ကျန်းမာရေးစောင့်ရှောက်မှုစင်တာများနှင့် ချိတ်ဆက်ပေးရန်/အကူညီပေး နိုင်သည့်အဖွဲ့သို့ ညွှန်းပို့ရန်
- ဆေးရုံ/အဖွဲ့အစည်းသို့လွှဲပြောင်းသည့်အခါ လုံခြုံရေးအစီအမံများ ဆောင်ရွက်ရန်
- သက်သေခံ အထောက်အထားပျောက်ဆုံးသည့် လူကုန်ကူးခံရသူအတွက် အထောက်အထားအသစ် ရရှိရေး သက်ဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ရန်



## SOP (2): Interim Care

| Procedure 2 | Developing Short-term Assistance Plan and Implementation |
|---|---|

| What | When | Where | Who |
|---|---|---|---|
| Drafting the Short-term Assistance Plan and providing the listed services according | As soon as written consent is received | In the shelter of the Department of Rehabilitation/ relevant Department of Rehabilitation or Department of Social Welfare | The shelter, Department of Rehabilitation/Social Welfare offices in the relevant States/Regions |

### How

- Develop and implement the Short-term Assistance Plan;
- Give the trafficked person sufficient time to read the Short-term Assistance Plan and the acceptance form or read to him/her;
- Ask the assisted person to sign the acceptance form to state that she/he consents to be provided with the Short-term Assistance Plan and give a copy of the signed form to the legal guardian in case of a child;
- Record all personal belongings of the trafficked person;
- Provide services within the set time line.
- In the case of medical needs, contact healthcare service providers (with consent);
- In the case of psychological needs, link up with Mental Health Care Centre and refer to the institution that provides assistance (with consent);
- When the referral is done to hospital/organization, ensure that all security measures are taken;
- In case of lost identity document, contact the relevant departments for the issuance of a new identity document.

## လုပ်ငန်းစဉ်(၂)။ ကာလတိုကူညီပံ့ပိုးမှု အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

၄၃။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** ကာလတိုကူညီပံ့ပိုးမှုအစီအစဉ်ရေးဆွဲခြင်းနှင့် အကဲဖြတ်ထားသည့်လိုအပ်ချက်များ အရ လူကုန်ကူးခံရသူအတွက် ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

၄၄။ **ဆောင်ရွက်ရမည့်အချိန်။** စာရင်းသွင်းလက်ခံခြင်းနှင့် လိုအပ်ချက်များ အကဲဖြတ်သည့် လုပ်ငန်းစဉ်ပြီးဆုံး၍ လူကုန်ကူးခံရသူအား ပြန်လည်ထူထောင်ရေးဦးစီးဌာန ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြား သင့်လျော်သောနေရာတစ်ခုတွင် နေရာချထားပေးပြီးနောက် လူကုန်ကူးခံရသူဂေဟာတွင် နေထိုင်မည့် ကာလပေါ် မူတည်၍ ကူညီထောက်ပံ့မည့်အစီအစဉ်များအား လက်ခံရယူလိုကြောင်းကို လူကုန်ကူးခံရသူထံမှ စာဖြင့်သဘော တူညီချက်ရရှိပြီးနောက် တစ်ပတ်အတွင်းရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်သည်။

၄၅။ **ဆောင်ရွက်ရမည့်နေရာ။** ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာနှင့် ဝန်ဆောင်မှုပေးသူများ၏ အဆောက် အဦအတွင်း ဆောင်ရွက်ရမည်ဖြစ်သည်။

၄၆။ **ဆောင်ရွက်ရမည့်သူ။** ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာတာဝန်ခံ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပြန်လည်ထူထောင်ရေး ဦးစီး ဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် သတ်မှတ်ထားသည့် ဝန်ဆောင်မှုများနှင့် အစီအမံများအား ဆောင်ရွက်ပေးနေသည့် ကျွမ်းကျင်သူတို့မှ ဆောင်ရွက်ရမည်ဖြစ်သည်။

၄၇။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးရပါမည်-

(က) ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ တာဝန်ခံ(သို့မဟုတ်) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်လည် ထူထောင်ရေးဦးစီးဌာနရုံး(သို့မဟုတ်) လူမှုဝန်ထမ်းရုံးမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူမှ အကဲဖြတ်ထား သည့်လိုအပ်ချက်များ၊ လူကုန်ကူးခံရသူထံမှ သဘောတူဆုံးဖြတ်ချက်များ၊ ရဲတပ်ဖွဲ့မှ လွှဲပြောင်းပေး သည့် လုံခြုံမှုအစီအစဉ်တို့အပေါ် အခြေခံ၍ ကာလတိုကူညီထောက်ပံ့မှုအစီအစဉ်ကို ရေးဆွဲရန်

(ခ) ကာလတိုကူညီထောက်ပံ့မှုအစီအစဉ်နှင့် သဘောတူညီချက်ပုံစံတို့အား ဖတ်ရှုရန်အတွက် လူကုန်ကူး ခံရသူအား လုံလောက်သည့်အချိန်ပေးရန် (သို့မဟုတ်) ၎င်းအား ဖတ်ပြရန်၊

(ဂ) လူကုန်ကူးခံရသူသည် ကာလတိုကူညီထောက်ပံ့မှုအစီအစဉ်တွင်ဖော်ပြထားသည့် ကူညီမှုအစီအမံများ ကို ရယူရန်သဘောတူညီကြောင်းဖော်ပြထားသည့် ကြေညာချက်အားလက်မှတ်ရေးထိုးရန်နှင့် ကလေး သူငယ်ဖြစ်ပါက လက်မှတ်ထိုးထားသည့် ပုံစံမိတ္တူအား တရားဝင်အုပ်ထိန်းသူသို့လည်း ပေးထားရန်

(ဃ) ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်ရန်ဆုံးဖြတ်ပါက လူကုန်ကူးခံရသူ၏ သဘော တူညီမှုဖြင့် ဂေဟာရှိ လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူ၏ ရှေ့မှောက်တွင် သူ/သူမနှင့်အတူ ပါရှိလာ သည့် ပစ္စည်းများအား မှတ်တမ်းတင်ရန်

(င) လူကုန်ကူးခံရသူမှ ကာလတိုကူညီပံ့ပိုးမှုအစီအစဉ်ကို လက်ခံရယူရန် သဘောတူညီချက်ပုံစံတွင် လက်မှတ် ရေးထိုးသည်နှင့်တပြိုင်နက် ဝန်ဆောင်မှုများအား သတ်မှတ်ထားသည့် အချိန်ကာလ အတိုင်း ဆောင်ရွက်ပေးရန်

(စ) ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်)သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ပြန်လည် ထူထောင်ရေးဦးစီးဌာန(သို့မဟုတ်) လူမှုဝန်ထမ်းရုံးမှတာဝန်ခံ/ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူသည် အစီအစဉ်တွင် သတ်မှတ်ဖော်ပြထားသောလိုအပ်သည့် ဝန်ဆောင်မှုများအတွက် ကျွမ်းကျင်သူများ အား ဆက်သွယ်ဆောင်ရွက်ရန်



## Procedure 2: Developing Short-term Assistance Plan and Implementation

43. **WHAT**: The development of a short-term assistance plan and the provision of listed services to the trafficked person to meet the assessed needs.

44. **WHEN**: After the intake, registration and needs assessment procedure is completed and the trafficked person is accommodated in the the Department of Rehabilitation shelter or in an appropriate place. The plan will be developed within a week after he or she has given her or his written consent to receive assistance and depending on her or his length of stay in the shelter.

45. **WHERE**: In the premises of the shelter and those of the service providers.

46. **WHO**: The shelter manager of the Department of Rehabilitation or the case manager of the Department of Rehabilitation or Department of Social Welfare in the relevant states/regions, and the professionals providing the identified services and measures.

47. **HOW**: The following procedure is to be followed:

(a) The person in charge of the shelter or case manager from states/regions office of the Department of Rehabilitation or Department of Social Welfare develops a Short-term Assistance Plan based on the assessed needs and the decisions agreed upon with the assisted person as well as on the safety plan provided by the police;

(b) The trafficked person is given sufficient time to read or verbally be informed of the Short-term Assistance Plan and the acceptance form;

(c) The assisted person signs an acceptance form stating that she/he consents to be provided with the support measures listed in the Short-term Assistance Plan and a copy of the signed form is given to the legal guardian in case of a child;

(d) Upon consent of the trafficked person who decides to be accommodated in the shelter, her/his personal belongings are recorded in the presence of the shelter case manager;

(e) Once the trafficked person has signed the short-term Assistance Plan Acceptance Form, the services shall be provided according to the set timeline.

(f) The shelter manager/case manager of the states/ regions offfice of the Department of Rehabilitation or Department of Social Welfare contacts professionals for necessary services;

(ဆ) ကျန်းမာရေးဆိုင်ရာ ဆေးကုသမှုလိုအပ်ချက်များရှိပါက စောင့်ရှောက်ရေးဂေဟာမှ သက်ဆိုင်ရာ ဆရာဝန်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသူများနှင့် ဆက်သွယ်ပေးရန်နှင့် ၎င်းတို့နှင့်သွားရောက် တွေ့ဆုံရန်လိုအပ်ပါက လူကုန်ကူးခံရသူနှင့်အတူလိုက်ပါပေးရန်၊ လုံခြုံရေး အခြေအနေကြောင့် လုံခြုံစိတ်ချရသည့် နေရာ/ဂေဟာတွင် စောင့်ရှောက်ထားသည့် လူကုန်ကူးခံရသူများအား လုံခြုံစွာပို့ဆောင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအတွက် တရားဝင်အုပ်ထိန်းသူအား အကြောင်းကြားရန် လိုအပ်ပြီး ဆေးစစ်ချက်များ ဆောင်ရွက်ရာတွင် သူ/ သူမ၏ သဘောတူ ခွင့်ပြုချက်ကိုရယူရန်

(ဇ) အရေးပေါ်စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက လူကုန်ကူးခံရသူအား အစိုးရ၏ စိတ်ကျန်းမာရေး စောင့်ရှောက်မှုစင်တာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ အရေးပေါ် အကူအညီပေးနိုင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂလိကဆေးရုံသို့ ညွှန်းပို့ရန်၊ ထိုသို့လွှဲပြောင်းသည့်အခါ၎င်း၏လုံခြုံမှုနှင့်ပတ်သက်၍စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက်လုံခြုံမှုအစီအမံများ ရရှိစေရေး ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ လွှဲပြောင်းသည့်နေရာသို့ လူကုန်ကူးခံရသူနှင့် အတူလိုက်ပါရန်၊ လူကုန်ကူးခံရသူအတွက် တင်းကြပ်သောလုံခြုံရေးအစီအမံများ လိုအပ်သည့် ကိစ္စများတွင် အရပ်ဝတ်ဝတ်စုံ ဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်မှ အစောင့်အရှောက်အဖြစ် လိုက်ပါပေးရန်

(ဈ) လူကုန်ကူးခံရသူ၏ သက်သေခံအထောက်အထားများ ပျောက်ဆုံးပါက သက်ဆိုင်ရာ ဌာနများသို့ အထောက်အထားအသစ် ထုတ်ပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရန်

(ည) ဝန်ဆောင်မှုများ(သို့မဟုတ်) ဝန်ဆောင်မှုပေးသူများအား စိတ်ကျေနပ်မှုမရှိပါက လူကုန်ကူးခံရသူသည် နှုတ်(သို့မဟုတ်)စာဖြင့် လိုအပ်ပါက အမည်ဖော်ပြခြင်းမပြုဘဲ ပြန်လည်ထူထောင်ရေး ဦးစီးဌာနသို့ အသိပေးရန်၊ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် အသိပေးစာအား စိစစ်၍ အရေးကြီးသည့် ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးခံရသူ ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာ/ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်လည်ထူထောင်ရေးဦးစီး ဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးမှတာဝန်ရှိသူများ၊ အခြားသက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့်ဆွေးနွေးရန်၊ အကယ်၍ လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက ဥပဒေအရ တရားဝင်အုပ်ထိန်းခွင့်ရှိသူသည် ကလေးသူငယ်ကိုယ်စား အသိပေးပြောကြားရန်

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | လူကုန်ကူးခံရသူ၏ ပစ္စည်းများမှတ်တမ်းတင်ခြင်းပုံစံ |
| အသုံးပြုနည်းအညွှန်း | ကနဦးကူညီပံ့ပိုးမှုအစီအစဉ်ပုံစံ |
| အသုံးပြုနည်းအညွှန်း | ကနဦးကူညီပံ့ပိုးမှုအစီအစဉ်သဘောတူညီမှုပုံစံ |
| အသုံးပြုနည်းအညွှန်း | ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုများအပေါ် မကျေနပ်ပါက အသိ ပေးရန် စာပုံစံ |



(g) In the case of medical needs, the shelter contacts the relevant doctors and healthcare service providers and accompanies the trafficked person to the relevant healthcare services, if needed. For high-risk cases accommodated in a safe house/shelter, ATIPD is contacted in order to ensure safe transportation for the assisted person. In case of a child, the legal guardian must be informed and her/his permission must be obtained for the provision of any medical examination.

(h) In the case of urgent psychological needs, the trafficked person shall be transferred to the Government Mental Health Care Centre, a non-governmental organization or a private hospital that provides urgent psychological assistance; while transferring the victim, since safety concerns may arise, the police shall be contacted to ensure that all security measures are taken with due respect to the victim's safety and the trafficked person shall be accompanied to where she/he is transferred to; in case high security measures are needed for the safety of the trafficked person, the police officer who is dressed in civilian clothes must also accompany her/him.

(i) In case of lost identity documents, relevant departments should be contacted for the issuance of a new identity document for the trafficked person.

(j) A trafficked person who is dissatisfied with the services or the individuals involved in providing services can anonymously lodge a complaint verbally or in writing, if required, with the Department of Rehabilitation. The Department of Rehabilitation reviews the complaint and discusses it with the trafficked person, the shelter case manager/contact person responsible from the states/regions office of Department of Rehabilitation or Department of Social Welfare and any other professional concerned so as to overcome problematic issues. When the trafficked victim is a child, the legal guardian is entitled to act on behalf of the child in this regard.

| | |
|---|---|
| Tool | Personal Belongings of the Beneficiary Registration Form |
| Tool | Short-term Assistance Plan Form |
| Tool | Short-term Assistance Plan Acceptance Form |
| Tool | Complaint Form |

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

**လုပ်ငန်းစဉ်(၃)** ⇨ မိသားစုအခြေအနေစုံစမ်းခြင်းနှင့် နိုင်ငံသားစိစစ်ခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| ပြန်လည်မပို့ဆောင်မီ လူကုန်ကူးခံရသူအား တစ်စုံတစ်ဦးနှင့် အဆက်အသွယ်ရရှိရန် ဆန္ဒရှိပါက မိသားစုခြေရာခံခြင်းနှင့် နိုင်ငံသားစိစစ်ခြင်း ဆောင်ရွက်ရန် | အန္တရာယ် အကဲဖြတ်ချက်နှင့် တပြိုင်နက် ဆောင်ရွက်ရန် | ကွင်းဆင်းစုံစမ်း ဆောင်ရွက်ရန် | ယာယီစောင့်ရှောက်ရေးဂေဟာ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်လည်ထူထောင်ရေး ဦးစီးဌာန/ လူမှုဝန်ထမ်း၊ ဆက်စပ်အဖွဲ့အစည်းများ၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန |

### ဆောင်ရွက်ရမည့်အဆင့်များ

- လူကုန်ကူးခံရသူနှင့် ၎င်းမိသားစုများအပေါ်သက်ရောက်နိုင်သည့်အန္တရာယ်များကို ထည့်သွင်း စဉ်းစားရန်၊
- ၎င်းနှင့်နီးစပ်သော ဆွေမျိုးများအတွက် အန္တရာယ်(သို့မဟုတ်) ခြိမ်းခြောက်မှုရှိပါက မိသားစုစုံစမ်းခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်းမပြုရန်
- လူကုန်ကူးမှုဖြစ်စဉ်၌ မိသားစုဝင်များ ပါဝင်ပတ်သက်ခြင်း (သို့မဟုတ်) ဆက်နွယ်နေခြင်း ရှိ/မရှိ အဓိက စစ်ဆေးရန်
- မိသားစုစုံစမ်းခြင်း လုပ်ငန်းစဉ်အား ကွင်းဆင်းစုံစမ်းခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့မှရရှိသည့် အချက်အလက် အထောက်အထားများဖြင့် ဆောင်ရွက်ရန်
- လိုအပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကူညီပံ့ပိုးမှုပေးနေသော အခြားပြည်တွင်း/ နိုင်ငံတကာအဖွဲ့ အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊
- ကလေးသူငယ်ဖြစ်ပါက မိသားစုခြေရာခံခြင်းကိုမဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းကို ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားအတွက်သာ ဦးတည်ဆောင်ရွက်ရန်
- လူကုန်ကူးခံရသူအနေဖြင့် မိမိနိုင်ငံတွင်းမဟုတ်ဘဲ ပြင်ပနိုင်ငံတစ်ခုခုတွင် ရှိနေပါက နိုင်ငံသားစိစစ်ခြင်းကိစ္စကို ဆောင်ရွက်ရန်၊ ယင်းသို့သောဖြစ်ရပ်များတွင် လူကုန်ကူးခံရသူ ရောက်ရှိနေသော သက်ဆိုင်ရာမြန်မာသံရုံး (သို့မဟုတ်) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် လူကုန်ကူးခံရသူ၏အချက်အလက်များကို အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်



## SOP (2): Interim Care

**Procedure 3** ⇨ Family Tracing and National Verification

| What | When | Where | Who |
|---|---|---|---|
| Tracing the family in case the assisted person wishes to establish a contact with someone prior to his or her return | Simultaneously with the risk assessment | In the field | The shelter, states/regions office of the Department of Rehabilitation/ Department of Social Welfare, partner organizations and Department of National Registration and Citizenship |

### How

- Assess the possible risks that family tracing implies for the trafficked person and the family members being traced;
- Do not initiate the tracing process in cases where there may be a danger or a threat to the trafficked person or her/his close relatives;
- Assess if family members were involved or are suspected as accomplices in the process of trafficking;
- Initiate the tracing process through case records (information obtained from the interviews) and active field tracing;
- Cooperate with the Ministry of Home Affairs and the assisting national/international organizations, when necessary;
- Family tracing is essential in case of a child victim and ensure that the family tracing procedures always pursue the best interests of the child;
- When the trafficked person is in a foreign country, not in Myanmar, it is necessary to carry out national verification, and in such cases, the Myanmar Embassy of the host country in which the trafficked victim is or the Department of Rehabilitation shall send the information of the trafficked victim to Department of National Registration and Citizenship in order to carry out verification in accordance with relevant existing law and procedures.

## လုပ်ငန်းစဉ် (၃)။ မိသားစုအခြေအနေစုံစမ်းခြင်းနှင့် နိုင်ငံသားစိစစ်ခြင်း

၄၈။ <u>**ဆောင်ရွက်ရမည့်လုပ်ငန်း။**</u> ကူညီထောက်ပံ့မှုခံယူနေသူသည် သူ/သူမ၏ဆွေမျိုးများနှင့် အဆက်အသွယ်ပြတ်တောက်ခြင်း၊ ၎င်းတို့အား ပြန်လည်မဆက်သွယ်နိုင်ခြင်းနှင့် ပြန်လည်မပို့ဆောင်မီ သူ/သူမအနေဖြင့် တစ်စုံတစ်ဦးနှင့် အဆက်အသွယ်ရရှိလိုသည့် ဆန္ဒရှိပါက မိသားစုခြေရာခံရန်အတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

၄၉။ <u>**ဆောင်ရွက်ရမည့်အချိန်။**</u> အန္တရာယ်အကဲဖြတ်ချက်နှင့် တပြိုင်နက်ဆောင်ရွက်ရမည်။

၅၀။ ဆောင်ရွက်ရမည့်နေရာ။ မိသားစုစုံစမ်းခြင်းလုပ်ငန်းစဉ်အား ကွင်းဆင်းစုံစမ်း ဆောင်ရွက်ရပါမည်။

၅၁။ <u>**ဆောင်ရွက်ရမည့်သူ။**</u> ပြန်လည်ထူထောင်ရေးဦးစီးဌာန (သို့မဟုတ်) လူမှုဝန်ထမ်း ဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဂေဟာတာဝန်ခံတို့သည် လိုအပ်ပါက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် မူရင်းနိုင်ငံ/ဒေသမှ ကူညီထောက်ပံ့မှုပေးသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ရမည်ဖြစ်သည်။

၅၂။ <u>**ဆောင်ရွက်ရမည့်နည်းလမ်း။**</u> အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-

(က) အန္တရာယ်အကဲဖြတ်ချက်နှင့် အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်တို့အပေါ် အခြေခံ၍ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ၊ ဂေဟာတာဝန်ခံနှင့် မူရင်းဒေသ/ ဆိုက်ရောက်ရာ ဒေသတို့မှ တာဝန်ရှိပုဂ္ဂိုလ် (သို့မဟုတ်) လူမှုရေးဝန်ဆောင်မှုပေးသူများမှ မိသားစုအခြေအနေ စုံစမ်းရာတွင် လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုဝင်များအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားရပါမည်။

(ခ) လူကုန်ကူးခံရသူ (သို့မဟုတ်) သူ/သူမ၏ နီးစပ်သော ဆွေမျိုးများအတွက် အန္တရာယ် (သို့မဟုတ်) ခြိမ်းခြောက်မှုရှိပါက မိသားစုစုံစမ်းခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်ခြင်း မပြုရပါ။ ယခုလုပ်ငန်းစဉ်တွင် လူကုန်ကူးမှုဖြစ်စဉ်၌ မိသားစုဝင်များ ပါဝင်ပတ်သက်ခြင်း (သို့မဟုတ်) ဆက်နွယ်နေခြင်း ရှိ/မရှိကို အဓိက စစ်ဆေးရန်ဖြစ်ပါသည်။

(ဂ) မိသားစုအခြေအနေ စုံစမ်းရာ၌ ကူညီပံ့ပိုးမှုခံယူနေသူ (သို့မဟုတ်) ၎င်း၏မိသားစုဝင်များအား အန္တရာယ်မဖြစ်ပေါ်သမျှ ကာလပတ်လုံး မူရင်းဒေသရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန/ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူသည် မိသားစု စုံစမ်းခြင်းလုပ်ငန်းစဉ်အား ကွင်းဆင်းစုံစမ်းခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့မှ ရရှိသည့် သတင်းအချက်အလက် အထောက်အထားများဖြင့် ဆောင်ရွက်ရမည်။ မိသားစု စုံစမ်းခြင်းလုပ်ငန်းစဉ်ကို လိုအပ်ပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကူညီပံ့ပိုးမှုပေးနေသော အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာအဖွဲ့ အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရမည်။



## Procedure 3: Family Tracing and National Verification

48. <u>**WHAT**</u>: The procedure to trace the assisted person's family in case the assisted person lost contact with her/his relatives and wishes to establish a contact prior to his or her return.

49. <u>**WHEN**</u>: To carry out simultaneously with risk assessment.

50. <u>**WHERE**</u>: In the field.

51. <u>**WHO**</u>: The case manager of Department of Rehabilitation or Department of Social Welfare and the shelter manager shall cooperate with ATTF and the assisting agencies of the country/place of origin, when necessary.

52. <u>**HOW**</u>: Implement the following:

(a) Based on the risk assessment and the risk management plan, the case manager, the shelter case manager and the contact person or social service providers in the place of origin/destination place shall assess the possible risks that family tracing implies for the trafficked person and the family members being traced.

(b) In cases where there may be a danger or a threat to the trafficked person or her/his close relatives, the tracing process is not to be carried out. In this process, it is fundamental to check if family members were involved or are suspected as accomplices in the process of trafficking.

(c) As long as family tracing does not pose any danger to the assisted person or the family members, the contact person of the Department of Rehabilitation/Department of Social Welfare of the place of origin initiate the tracing process through case records (information obtained from the interviews and active field tracing). Family tracing process should also be carried out in coordination with the General Administration Department and the assisting NGOs, INGOs, whenever necessary.

(ဃ) လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက ကလေးသူငယ်အတွက် သင့်လျော်သည့် ပြုစုစောင့်ရှောက်မည့်သူတစ်ဦး ရှိ/မရှိ (သို့မဟုတ်) အခြားသောနည်းလမ်းဖြင့် ကလေးသူငယ်အတွက် လုံလောက်သောပြုစုမှုနှင့် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ခြင်း ရှိ/မရှိကို ဆုံးဖြတ်ရန်အတွက် ကလေးသူငယ်ထံမှ ရရှိသည့်အချက်အလက်များမပြည့်စုံပါက စိန်ခေါ်မှုများ ရှိနိုင်သော်လည်း မိသားစု အခြေအနေစုံစမ်းခြင်းအား မဖြစ်မနေဆောင်ရွက်ရပါမည်။ ဓာတ်ပုံဖြင့် ခြေရာခံခြင်း၊ ဗီဒီယို ကြေညာချက်များ စသည့် နည်းလမ်းများသည် ကလေးသူငယ်၏ လုံခြုံရေးအတွက် အန္တရာယ်ဖြစ်ပေါ်နိုင်သဖြင့် ၎င်းနည်းလမ်းများကို ကလေးသူငယ်အတွက် လုံခြုံမှုအပြည့်အဝရှိသည်ဟု တွေ့ရှိမှသာ အသုံးပြုရန် ဖြစ်သည်။ အချို့ကိစ္စများတွင် မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းသည် ကလေးသူငယ်အား အန္တရာယ်ကျရောက်နိုင်သည့်အတွက် မိသားစုအခြေအနေစုံစမ်းခြင်း လုပ်ငန်းစဉ်ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုး စီးပွားအတွက်သာ ဦးတည်ဆောင်ရွက်ရပါမည်။

(င) လူကုန်ကူးခံရသူအနေဖြင့် မိမိနိုင်ငံတွင်းမဟုတ်ဘဲ ပြင်ပနိုင်ငံတစ်ခုခုတွင် ရှိနေပါက နိုင်ငံသား စိစစ်ခြင်းကိစ္စကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယင်းသို့သော ဖြစ်ရပ်များတွင် လူကုန်ကူးခံရသူ ရောက်ရှိနေသော သက်ဆိုင်ရာ မြန်မာသံရုံး (သို့မဟုတ်) ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် လူကုန်ကူးခံရသူ၏ အချက်အလက်များကို အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနမှ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပေးပို့ညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | မိသားစုစုံစမ်းခြင်းနှင့် အခြေအနေ ဆန်းစစ်လေ့လာမှုပုံစံ |



(d) Family tracing is essential in case of a child victim in order to determine whether there is a suitable caregiver or, an alternative way to provide adequate care and protection for the child even though there may be challenges due to the incomplete information that children provide. Techniques that may pose a threat to the child's safety (such as photo tracing, video announcements, etc.) should be used only if it is considered absolutely safe for the child. The family tracing procedures must always ensure the best interests of the child, knowing that – in some cases – the reunification with the family can pose a danger to her/him.

(e) When the trafficked person is in a foreign country not in Myanmar, it is necessary to carry out national verification. In such cases, the Myanmar Embassy of the host country in which the trafficked victim is or the Department of Rehabilitation shall send the information of the trafficked the victim to Department of National Registration and Citizenship in order to carry out the verification in accordance with relevant existing law and procedures.

| | |
|---|---|
| Tools | Family Tracing and Assessment Form |

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

လုပ်ငန်းစဉ်(၄) → မထွက်ခွာမီ အန္တရာယ်အကဲဖြတ်ခြင်းနှင့် အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
| --- | --- | --- | --- |
| မူရင်းဒေသ (သို့မဟုတ်) အခြားနေရာသို့ ပြန်လည်မပို့ဆောင်မီ လူကုန်ကူးခံရသူနှင့် ၎င်း၏ မိသားစုဝင်များ၏ လုံခြုံရေးကို ထိခိုက်နိုင်သည့် အန္တရာယ်ကို ဖော်ထုတ်ရန်၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပြီးနောက် လူကုန်ကူးခံရသူ၊ မိသားစုဝင်များ/ အခြားအရေးပါသူများအတွက် စောင့်ရှောက်မှု အစီအစဉ်များ ဖော်ပြရန် | လူကုန်ကူးခံရသူမှ မူရင်းနေရာ(သို့မဟုတ်) အခြားနေရာသို့ အခြေချနေထိုင်မည်ကို ဆုံးဖြတ်ပြီးနောက် ဆောင်ရွက်ရန် | ပြန်လည်ထူထောင်ရေး ဦးစီးဌာန/ ယာယီစောင့်ရှောက်ရေးဂေဟာ/ သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး/ လူမှုဝန်ထမ်းဦးစီးဌာနရုံး | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ၊ ဂေဟာတာဝန်ရှိသူ |

**ဆောင်ရွက်ရမည့်အဆင့်များ**

- ကိုယ်ရေးဖိုင်များအား သုံးသပ်ခြင်းနှင့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ဝန်ဆောင်မှုကိုရယူသူအား တွေ့ဆုံမေးမြန်းမှုဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက် များအား စုစည်းဆောင်ရွက်ရန်
- ဖြစ်ပေါ်နိုင်သည့်အန္တရာယ်ကို ထည့်သွင်းစဉ်းစားရန်
- ကလေးသူငယ်ဖြစ်လျှင် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူ၏ ရှေ့မှောက်တွင် လေ့ကျင့်ထားသူမှ တွေ့ဆုံမေးမြန်းမှုဆောင်ရွက်ရန်
- ပြန်လည်ပို့ဆောင်ရန် လုံခြုံစိတ်ချမှုရှိကြောင်း သေချာစေမည့် အထောက်အထားများ စုစည်းရန်
- ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား သင့်လျော်စွာ မှတ်တမ်းတင်ရန်
- လျှို့ဝှက်နံပါတ်များ တပ်ထားသည့်ဖိုင်များနှင့် သတင်းအချက် အလက်များဖလှယ်ရန်
- အန္တရာယ်အကဲဖြတ်မှုမှ တွေ့ရှိချက်များအား ပြုစုထားရန်၊
- သတင်းအချက်အလက်များ အသိပေးပြောကြားပြီးနောက် လူကုန်ကူးခံရသူ ကိုယ်တိုင်က ပြန်လိုကြောင်း ဆုံးဖြတ်ပါက အန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရန်
- ကျရောက်နိုင်သည့်အန္တရာယ်အခြေအနေ၊ ၎င်းနှင့်ဆက်စပ်သည့်အန္တရာယ်တုံ့ပြန်ချက်အစီအမံများပါဝင်ရန်
- ပြန်လည်ပို့ဆောင်ပြီးနောက်ပိုင်းတွင်လည်း အစီအစဉ်အား ပုံမှန်ပြန်လည်သုံးသပ်ရန်နှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်



## SOP (2): Interim Care

Procedure 4 → Pre–departure Risk Assessment and Risks Management Plan

| What | When | Where | Who |
| --- | --- | --- | --- |
| Identifying the risks that can affect the safety of the trafficked person and that of her/his family members prior to her/his return to her/his place of origin or another place and ensuring the safety of the trafficked person and that of her/his family or other important members after reintegration | Immediately after the trafficked person decides to return home or to be resettled elsewhere | At the Department of Rehabilitation/shelter/ relevant Department of Rehabilitation Office/ Social Welfare office | Anti–Trafficking Police, Case Manager, Shelter Manager |

**How**

- Gather information through personal data file reviews and by conducting interviews with various institutions, individuals, and the assisted person;
- Consider possible risks;
- In case of a child victim, conduct interviews by a trained person in the presence of her/his legal guardian;
- Gather evidence in order to establish whether return is safe;
- Record all personal data properly;
- Exchange information through encrypted files and documents;
- Draft the report on the findings of the risk assessment;
- Develop the risk management plan once the trafficked person is informed and decides to return;
- Contain detailed potential risk scenarios and the related safety measure responses and management procedures;
- Review and update the plan regularly after return.

**လုပ်ငန်းစဉ် (၄)။ မထွက်ခွာမီ အန္တရာယ်အကဲဖြတ်ခြင်းနှင့် အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်း**

၅၃။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** မူရင်းဒေသ (သို့မဟုတ်) အခြားနေရာတစ်ခုသို့ ပြန်လည်မပို့ဆောင်မီ ကူညီပံ့ပိုးမှုခံယူနေသူ၏ လုံခြုံရေးကို အကဲဖြတ်ရန်အတွက် လေ့လာသုံးသပ်၍ အန္တရာယ်အကဲဖြတ်ချက်မှ ဖော်ထုတ်ရရှိသည့် ဖြစ်နိုင်ဖွယ်ရှိသော အန္တရာယ်များအရ မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်ခြင်း (သို့မဟုတ်) ပြန်လည်ဝင်ဆံ့ ပေါင်းစည်းခြင်း ဆောင်ရွက်ပြီးနောက် ဝန်ဆောင်မှုကိုလက်ခံသူ၊ ၎င်း၏မိသားစုဝင်များ(သို့မဟုတ်) အခြားအရေးပါသည့်ပုဂ္ဂိုလ်များအတွက် ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များ ရေးဆွဲခြင်းဖြစ်သည်။

၅၄။ **ဆောင်ရွက်ရမည့်အချိန်။** လူကုန်ကူးခံရသူမှ မူရင်းနေရာသို့ပြန်မည် (သို့မဟုတ်) အခြားနေရာတွင် အခြေချနေထိုင်မည်ကို ဆုံးဖြတ်ပြီးနောက် ဆောင်ရွက်ရမည်။

၅၅။ **ဆောင်ရွက်ရမည့်နေရာ။** ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားစောင့်ရှောက်ရာနေရာ (သို့မဟုတ်) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးတွင် ဆောင်ရွက်ရပါမည်။

၅၆။ **ဆောင်ရွက်ရမည့်သူ။** လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စုစည်းရမည်ဖြစ်ပြီး လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဂေဟာမှ တာဝန်ရှိသူတို့နှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။ ယခုလုပ်ငန်းစဉ်မှာ ယာယီလက်ခံစောင့်ရှောက်ရာနေရာ၊ မူရင်းနေထိုင်ရာနေရာ (သို့မဟုတ်) အခြေချနေထိုင်ရာနေရာတို့ရှိ အစိုးရအာဏာပိုင်များ၊ နယ်မြေခံရဲများ၊ ဥပဒေအရာရှိများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ကလေး သူငယ်များအတွက် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများစသည့် အဖွဲ့အစည်းများအားလုံး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

၅၇။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-

(က) ကိုယ်ရေးဖိုင်များအား သုံးသပ်ခြင်းနှင့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ဝန်ဆောင်မှုကို လက်ခံသူအား တွေ့ဆုံမေးမြန်းမှု ဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်များအား စုစည်းဆောင်ရွက်ရပါမည် (ဥပမာ- လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဂေဟာမှ တာဝန်ရှိသူတို့သည် စံမေးခွန်းလွှာများအသုံးပြု၍ ဝန်ဆောင်မှုကိုလက်ခံသူနှင့် တွေ့ဆုံမေးမြန်းခြင်း ဆောင်ရွက်ရပါမည်။ ယင်းသို့ဆောင်ရွက်ရခြင်းမှာ ဝန်ဆောင်မှုကို လက်ခံသူ၏ အနီးပတ်ဝန်းကျင်ရှိ အန္တရာယ်များ၊ မူရင်း/ခရီးဆုံးနေရာရှိ အခြေအနေ၊ လူကုန်ကူးမှု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များ၊ စိတ်ဒဏ်ရာရရှိနိုင်မှုစသည့် အဆင့်အသီးသီးတွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များအား ထည့်သွင်းစဉ်းစားလျက် သူ/သူမ၏အတိတ်မှ အကြောင်းအရာများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များ ရရှိနိုင်ရန်ဖြစ်သည်။

(ခ) ကလေးသူငယ်ကိုပြန်လည်ပို့ဆောင်ရန်နှင့် မိသားစု/စောင့်ရှောက်သူနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးရန်အတွက် ဖြစ်နိုင်ခြေရှိမှုနှင့် ကလေးသူငယ်အတွက် လုံခြုံစိတ်ချမှုရှိကြောင်းကို သေချာစေမည့် အထောက်အထားများကို စုစည်းရမည်ဖြစ်သည်။

(ဃ) ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား သင့်လျော်စွာမှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် မျှဝေခြင်းတို့တွင် သတင်းအချက်အလက်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာအခြေခံမှုနှင့်အညီ အကဲဖြတ်ချက်အား ဆောင်ရွက်ရမည်ဖြစ်သည်။ အချက်အလက်များကာကွယ် စောင့်ရှောက်ရန်အတွက် လျှို့ဝှက်နံပါတ်များ တပ်ထားသည့်ဖိုင်များနှင့် အချက်အလက်များဖြင့် သတင်းအချက်အလက်များအား ဖလှယ်ရန်ဖြစ်သည်။



**Procedure 4: Pre-departure Risk Assessment and Risks Management Plan**

53. **WHAT**: A plan that outlines the related protection measures to implement to ensure the safety of the assisted person and that of her/his family members or significant others after the return to the place of origin; or that reintegration is facilitated according to the risks identified through the risk assessment and evaluation to carefully assess the assisted person's safety before returning to the place of origin or somewhere else.

54. **WHEN**: Immediately after the assisted person decides to return home or to be resettled somewhere else.

55. **WHERE**: At the shelter or other care providing place or office of the Department of Rehabilitation or Department of Social Welfare.

56. **WHO**: ATTF police are responsible for collecting information on the possible risks in cooperation with the case manager and the responsible person from the shelter. The procedure is a multi-agency effort since it also involves other actors of the shelter, the place of origin or resettlement, i.e. government authorities, local police, law officers, staff from NGOs and international organizations, legal guardian (in case of a child).

57. **HOW**: Implement the following:

(a) Gather information through personal data file reviews and by conducting interviews with various institutions, individuals, and the assisted person, (for instance, the ATIPD police officer, the case manager and the responsible person from the shelter conduct interviews with the assisted person using standardized questionnaires in order to obtain information about her/his history paying due consideration to possible risks at different levels; risks in the individual's close environment; circumstances in the country of origin or destination place/country; risks caused by the trafficking process, risk of stigmatization, etc.).

(b) In case of a child victim, evidence is gathered in order to establish whether reintegration with the family/caregiver is not only possible, or safe and desirable.

(d) The risk assessment must be carried out in compliance with the data protection principles to ensure that all personal data are properly recorded, stored and shared. In order to ensure data protection and confidentiality, information is to be exchanged through encrypted files and documents.

(င) တာဝန်ပေးအပ်ထားသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် နှင့် လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူတို့သည် အန္တရာယ်အကဲဖြတ်ချက်မှ တွေ့ရှိချက်များနှင့်စပ်လျဉ်းသည့် ရလဒ်များကိုအစီရင်ခံစာပြုစု၍ လုပ်ငန်းစဉ်ပြီးဆုံးပါက လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူမှဝန်ဆောင်မှုကို လက်ခံသူနှင့် ဥပဒေအရာရှိတို့အား ရလဒ်များကို အသိပေးပြောကြားရမည်။ ထို့နောက် လူကုန်ကူးခံရသူကိုယ်တိုင်က ပြန်လိုကြောင်းဆုံးဖြတ်ပါက အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲရပါမည်။

(စ) အန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲရာတွင် တပ်ဖွဲ့ဝင်၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူ၊ ဂေဟာမှတာဝန်ခံနှင့် မူရင်းဒေသ (သို့မဟုတ်) ပြန်လည်နေရာချထားသည့် နေရာမှတာဝန်ရှိသူတို့ ပူးပေါင်း၍ရေးဆွဲရန်ဖြစ်ပြီး ကျရောက်နိုင်သည့် အန္တရာယ်၏ အခြေအနေ၊ ၎င်းနှင့်ဆက်စပ်သည့် အန္တရာယ်တုန့်ပြန်ချက်အစီအမံများပါဝင်မည်ဖြစ်ပါသည်။ ပြန်လည်ပို့ဆောင်ပြီးနောက်ပိုင်းတွင်လည်း အစီအစဉ်အားပုံမှန် ပြန်လည်သုံးသပ်ရန်နှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ |
| အသုံးပြုနည်းအညွှန်း | အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် |



(e) The appointed ATIPD police officer and the case manager are responsible for drafting the report on the findings of the risk assessment and once the assessment process is done, the case manager promptly informs the assisted person as well as the prosecutor about the results. If the assisted person decides to return, then, the risk management plan will be developed.

(f) The police, case manager, the shelter staff and the contact person of the shelter of the place of origin or resettlement draft the plan, which contains detailed potential risk scenarios and the related risk response measures. Upon return, the plan is regularly reviewed and updated.

| | |
|---|---|
| Tool | Risks Assessment Report |
| Tool | Risks Management Plan |

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

လုပ်ငန်းစဉ်(၅) ➡ ပြန်လည်ပို့ဆောင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| မူရင်းနေထိုင်ရာနေရာ (သို့မဟုတ်) အခြားနေရာတစ်ခုသို့ အခြေချနေထိုင်မည့်ရွေးချယ်မှုများနှင့် ဖြစ်ပေါ်နိုင်သည့်အန္တရာယ်တို့အား အသိပေးပြီးနောက် လွတ်လပ်စွာ ဆုံးဖြတ်ချက်ချနိုင်ရန် | လူကုန်ကူးခံရသူမှ ၎င်း၏ဆန္ဒအား ထုတ်ဖော်ပြောဆိုသည်နှင့်တပြိုင်နက် ၎င်း၏ လိုအပ်ချက်ကို စိစစ်ပြီး ဆောင်ရွက်ရန် | ပြန်လည်ထူထောင်ရေးဦးစီးဌာန/ ယာယီစောင့်ရှောက်ရေးဂေဟာ/ သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန/ လူမှုဝန်ထမ်းဦးစီးဌာနရုံး | လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူ၊ ဂေဟာတာဝန်ရှိသူနှင့် ကလေးသူငယ်များအတွက် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူ |

### ဆောင်ရွက်ရမည့်အဆင့်များ

- မထွက်ခွာမီအန္တရာယ် အကဲဖြတ်ချက်လုပ်ငန်းစဉ်များ၊ လိုအပ်သည့် အထောက်အထားများ၊ ခရီးသွားလာမှု လုပ်ငန်းစဉ်များ၊ မထွက်ခွာမီ ကူညီပံ့ပိုးမှုအစီအစဉ်၊ ရရှိနိုင်သည့် လူမှုရေးဝန်ဆောင်မှုများ၊ စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ၊ ဆေးကုသမှု အကူအညီ၊ အခြားသောပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းတို့နှင့်ပတ်သက်သည့် ဖြစ်နိုင်ခြေရှိမှုများ၊ အလုပ်အကိုင်အခြေအနေ၊ မိသားစုအခြေအနေ စုံစမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များစသည့် အချက်အလက်များကို ပံ့ပိုးပေးရန်
- သတင်းအချက်အလက်များအား နှုတ်/စာဖြင့် အသိပေးပြောကြားရန်နှင့်ရရှိနိုင်သည့် ရွေးချယ်မှုများနှင့် လုပ်ငန်းစဉ်များအား အပြည့်အဝ အသိပေးပြောကြားပြီးပါက ကူညီထောက်ပံ့မှု ခံယူနေသူအား ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် သင့်လျော်သည့် အချိန်အတိုင်းအတာ တစ်ခုပေးရန်
- လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက မူရင်းနေရာရှိမိဘ၊ ဆွေမျိုး၊ အစိုးရအဖွဲ့အစည်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများမှ ကလေးသူငယ်အတွက် သင့်လျော်သော စောင့်ရှောက်မှု၊ ကာကွယ်စောင့်ရှောက်မှု အစီအမံများ ဆောင်ရွက်ပေးနိုင်မှသာ ပြန်လည်ပေါင်းစည်းပေးခြင်း/ ပြန်လည်ပို့ဆောင်ခြင်းကို ဆောင်ရွက်ရန်၊ ဆုံးဖြတ်ချက်များ မချမှတ်မီ ကလေးသူငယ်၏အမြင်၊ မျှော်မှန်းချက်များနှင့် ဆန္ဒတို့အား မေးမြန်းရန်နှင့် ထည့်သွင်းစဉ်းစားရန်
- 



## SOP (2): Interim Care

Procedure 5 ➡ Making the Decision to Return

| What | When | Where | Who |
|---|---|---|---|
| The decision to return or resettle made by the trafficked person once she/he has been fully informed on the options and the risks related to return to the place of origin or being resettled in another place | As soon as the trafficked person expresses her/his wish and after her/his needs are analysed | At the Department of Rehabilitation/shelter/ relevant Department of Rehabilitation Office/ Social Welfare office | Case Manager, shelter case manager, legal guardian (in case of a child) |

### How

- Provide detailed information on Pre-departure risk assessment procedures, Necessary documents, Travel procedures, Pre-departure assistance plan, Available social services, Available psychological assistance, Available medical assistance, Possibilities for other education and vocational training, Employment situation, Family tracing and reunification procedures;
- Give information both orally and in writing and allow the trafficked person appropriate amount of time to make her/his decision once fully informed about the available options and procedures;
- In case of a trafficked child, consider re-unification/return only if appropriate care-giving, protection arrangements and responsibilities in the receiving place/country (parent, relative, state institution, child protection agency, etc.) have been identified; elicit and take into consideration the views, expectations and wishes of the child, before reaching any decision.

## လုပ်ငန်းစဉ်(၅)။ပြန်လည်ပို့ဆောင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၅၈။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** မူရင်းနေထိုင်ရာနေရာသို့ ပြန်လည်ပို့ဆောင်မည် (သို့မဟုတ်) အခြားနေရာတစ်ခုတွင် အခြေချနေထိုင်မည်စသည်တို့နှင့်စပ်လျဉ်းသည့် ရွေးချယ်မှုများနှင့် ဖြစ်ပေါ် နိုင်သည့် အန္တရာယ်တို့နှင့်စပ်လျဉ်း၍ လူကုန်ကူးခံရသူအား အပြည့်အဝအသိပေးပြီးနောက် လူကုန်ကူးခံရသူမှ လွတ်လပ်စွာချမှတ်သည့် ဆုံးဖြတ်ချက်ဖြစ်ပါသည်။

၅၉။ **ဆောင်ရွက်ရမည့်အချိန်။** မူရင်းနေထိုင်ရာနေရာသို့ ပြန်လည်ပို့ဆောင်မည် (သို့မဟုတ်) အခြားနေရာတစ်ခုတွင် အခြေချနေထိုင်မည်ကို လူကုန်ကူးခံရသူမှ၎င်း၏ဆန္ဒအား ထုတ်ဖော်ပြောဆိုသည်နှင့်တပြိုင်နက် ၎င်း၏လိုအပ်ချက်များကို စိစစ်ပြီး လုံခြုံစိတ်ချရသည့် ပြန်လည်ပို့ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များအား ပံ့ပိုးပေးရန်ဖြစ်ပါသည်။

၆၀။ **ဆောင်ရွက်ရမည့်နေရာ။** ယာယီစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားစောင့်ရှောက်ရာနေရာတွင် ဆောင်ရွက်ရပါမည်။

၆၁။ **ဆောင်ရွက်ရမည့်သူ။** လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူ၊ ဂေဟာတာဝန်ရှိသူနှင့် ကလေး သူငယ်များအတွက် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူတို့မှ ဆောင်ရွက်ရမည်ဖြစ်သည်။

၆၂။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါတို့ကို ဆောင်ရွက်ရပါမည်–

(က) လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဂေဟာမှတာဝန်ရှိသူတို့သည် လူကုန်ကူးခံရသူအား မူရင်းနေထိုင်ရာနေရာ (သို့မဟုတ်) အခြားနေရာတစ်ခုနှင့်စပ်လျဉ်းသည့်အောက်ပါအသေးစိတ်အချက်အလက်များအား ပံ့ပိုးပေးရမည်ဖြစ်သည်–

(၁) မထွက်ခွာမီ အန္တရာယ်အကဲဖြတ်ချက်လုပ်ငန်းစဉ်များ
(၂) လိုအပ်သည့် အထောက်အထားများ
(၃) ခရီးသွားလာမှုလုပ်ငန်းစဉ်များ
(၄) မထွက်ခွာမီ ကူညီပံ့ပိုးမှုအစီအစဉ်
(၅) ရရှိနိုင်သည့် လူမှုရေးဝန်ဆောင်မှုများ
(၆) ရရှိနိုင်သည့် စိတ်ပိုင်းဆိုင်ရာကူညီပံ့ပိုးမှု
(၇) ရရှိနိုင်သည့် ဆေးကုသမှုအကူအညီ
(၈) အခြားသောပညာရေးနှင့် အသက်မွေးဝမ်းကြောင်းသင်တန်းတို့နှင့်ပတ်သက်သည့်ဖြစ်နိုင်ခြေရှိမှုများ
(၉) အလုပ်အကိုင်အခြေအနေ
(၁၀) မိသားစုအခြေအနေစုံစမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်

(ခ) သတင်းအချက်အလက်များအား နှုတ်/စာဖြင့် အသိပေးပြောကြားရမည်။ ရရှိနိုင်သည့်ရွေးချယ်မှုများနှင့်လုပ်ငန်းစဉ်များအား အပြည့်အဝအသိပေးပြောကြားပြီးပါက ဝန်ဆောင်မှုကိုလက်ခံသူအား ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် သင့်လျော်သည့်အချိန် အတိုင်းအတာတစ်ခုပေးရမည်။



## Procedure 5: Making the Decision to Return

58. **WHAT:** The decision freely made by the trafficked person once s/he has been fully informed on the options and the risks related to return to the place of origin or being resettled in another place.

59. **WHEN:** As soon as the trafficked person expresses her/his wish to return to her/his place of origin or to resettle in another place, information on safe return is provided after her/his needs have been identified.

60. **WHERE:** At the shelter or a care providing place.

61. **WHO:** The case manager, the responsible person from the shelter, the legal guardian (in the case of a child)

62. **HOW:** The following are to be carried out:

(a) The case manager and the responsible person from the shelter provide the trafficked person with detailed information related to their place of origin or another place, on:

(1) Pre–departure risk assessment procedures
(2) Documents needed
(3) Travel procedures
(4) Pre–departure assistance plan
(5) Available social services
(6) Available psychological assistance
(7) Available medical assistance
(8) Possibilities for other education and vocational training
(9) Employment situation
(10) Family tracing and reunification procedures

(b) Information is given both orally and in writing. Once fully informed about the available options and procedures, the trafficked person is given appropriate amount of time to make her/his decision.

(ဂ) လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါကမူရင်းနေရာရှိမိဘ၊ ဆွေမျိုး၊ အစိုးရအဖွဲ့အစည်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများမှ ကလေးသူငယ်အတွက် သင့်လျော်သောကာကွယ်စောင့်ရှောက်မှု အစီအမံများဆောင်ရွက်ပေးနိုင်မှသာ ပြန်လည်ပေါင်းစည်းပေးခြင်း/ပြန်လည်ပို့ဆောင်ခြင်းကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဆုံးဖြတ်ချက်များမချမှတ်မီ ကလေးသူငယ်အမြင်၊ မျှော်မှန်းချက်များနှင့် ဆန္ဒတို့အားမေးမြန်းရန်နှင့် ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။



(c) In case of a trafficked child, re–unification or return should be considered only if appropriate care–giving and protection arrangements and responsibilities in the receiving place/country (parent, relative, state institution, child protection agency, etc.) have been identified. Before reaching any decision, the views, expectations and wishes of the child must be elicited and taken into consideration.

## စံလုပ်ငန်းအစီအစဉ် (၂) – ကြားကာလ ကာကွယ်စောင့်ရှောက်ခြင်း

လုပ်ငန်းစဉ်(၆) → ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း အစီအစဉ်

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| လူကုန်ကူးခံရသူအတွက် ဆောင်ရွက်ပေးမည့် ခရီးသွားလာမှုနှင့် ပံ့ပိုးမှု လုပ်ငန်းစဉ်များအား အသေးစိတ် ဖော်ပြထားသည့်အစီအစဉ် | အန္တရာယ်အကဲဖြတ်ချက် ဆောင်ရွက်ပြီးနောက် လူကုန်ကူးခံရသူမှ ပြန်လည်ပို့ဆောင်ခြင်းကို လက်ခံကြောင်း ဆုံးဖြတ်ချက်ချမှတ်ပြီးပါက ဆောင်ရွက်ရန် | ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေး ဦးစီးဌာနရုံး/ လူမှုဝန်ထမ်းရုံး | ပြန်လည်ထူထောင်ရေးဦးစီးဌာန/လူမှုဝန်ထမ်းဦးစီးဌာနမှ ဖြစ်ရပ်စီမံခန့်ခွဲသူ |

### ဆောင်ရွက်ရမည့်အဆင့်များ

- လိုအပ်ချက်နှင့်အန္တရာယ်အကဲဖြတ်ချက်မှ တွေ့ရှိချက်များအား ထည့်သွင်းရေးဆွဲရန်
- မူရင်းဒေသရှိ ကူညီပံ့ပိုးပေးနေသည့်အဖွဲ့အစည်းမှ တာဝန်ရှိသူအား တရားဝင်အကူအညီရရှိရန်၊ ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်အား ဆွေးနွေးရန်အတွက် ဆက်သွယ်ညှိနှိုင်းရန်
- ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကူအညီအတွက် ညှိနှိုင်းရာတွင် လူကုန်ကူးခံရသူ၏အမည်၊ မွေးသက္ကရာဇ်နှင့် မူရင်းဒေသတွင် နေထိုင်ရာနေရာ၊ စောင့်ရှောက်မှုပေးမည့်သူ၏အမည်နှင့် နေထိုင်ရာနေရာ၊ ခရီးသွားလာရန် ကျန်းမာကြောင်း ဆေးစစ်ချက်၊ လုံခြုံရေးနှင့် အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာများ၊ အကူအညီလိုအပ်ချက်များ၊ ထွက်ခွာမည့် ခန့်မှန်း နေ့ရက်နှင့် အချိန်တို့ ပါဝင်ရန်
- လက်ခံသည့်အဖွဲ့အစည်းသည် ကူညီထောက်ပံ့မှုခံယူနေသူအမည်၊ မူရင်းဒေသတွင် နေထိုင်သည့် နေရာနှင့် မွေးသက္ကရာဇ်၊ စောင့်ရှောက်မှုပေးမည့်သူ၏ အမည်နှင့် နေထိုင်ရာနေရာ၊ လူကုန်ကူးခံရသူသည် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အကူအညီအတွက် အကျုံးဝင်မှုရှိ/မရှိအတည်ပြုခြင်း၊ ကူညီထောက်ပံ့မည့် အစီအမံနှင့် လိုက်နာရမည့်စည်းမျဉ်းများ အကျဉ်းချုပ်၊ ကလေးသူငယ်များအတွက် အုပ်ထိန်းမှုနှင့် စောင့်ရှောက်တာဝန် လွှဲပြောင်းမှုနှင့်ပတ်သက်၍ ရှင်းလင်းသည့် လမ်းညွှန်ချက်များ၊ လိုအပ်ပါက အခြားသောသတင်း အချက်အလက်များ ပါဝင်သည့်အတည်ပြုပုံစံအားပေးပို့ရန်
- ခရီးသွားအထောက်အထားဆောင်ရွက်ပေးရန်
- ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအစီအစဉ်များရေးဆွဲ၍ အတည်ပြုပြီးသည်နှင့် ဂေဟာမှတာဝန်ရှိသူမှ လူကုန်ကူးခံရသူအား အသိပေးရန်
- အခြားသော ကူညီမှုများ ရယူလိုခြင်းမရှိသူများအတွက် မူရင်း (သို့မဟုတ်) အခြေချမည့် ဒေသရှိ ဝန်ဆောင်မှုပေးနေသူများ၏ စာရင်းအား ပံ့ပိုးပေးရန်၊



## SOP (2): Interim Care

**Procedure 6** → Reintegration Plan prior to Return and Resettlement

| What | When | Where | Who |
|---|---|---|---|
| A plan that clearly details the travel and support steps provided for the victim of trafficking | After the risk assessment is conducted and when the trafficked person decides to receive return/repatriation | At the shelter or relevant office of the Department of Rehabilitation/ Department of Social Welfare | Case Manager from Department of Rehabilitation or Department of Social Welfare |

### How

- Develop a plan based on the findings from needs and risks assessment;
- Contact and coordinate with the person of the assisting agency in the place of origin to formally acquire assistance and discuss the return procedures;
- Include the following information in the request for reintegration: name, date of birth and place of residence in the place of origin of the victim of trafficking, name and place of residence of the care–giver, fit–to–travel medical certificate, security and risk assessment reports, a brief outline of assistance needs, estimated date and time of departure;
- The receiving organization to send a confirmation form that includes: name of the assisted person, date of birth and place of residence in the place of origin, name and place of residence of the care–giver, confirmation that the assisted person qualifies for reintegration assistance, short outline of viable assistance measures and regulations attached, clear instructions concerning the transference of guardianship and care duties, in case of a child and any additional information, if necessary;
- Facilitate travel document;
- Inform the victim once the reintegration plan is finalized;
- Give a list of contacts of the service providers operating in the place of origin or resettlement to those who do not want to receive other assistance.

**လုပ်ငန်းစဉ် (၆)။ ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းအစီအစဉ်**

၆၃။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်မည့်(သို့မဟုတ်) အခြားနေရာတွင် ပြန်လည်အခြေချမည့် လူကုန်ကူးခံရသူအတွက် ဆောင်ရွက်ပေးမည့် ခရီးသွားလာမှုနှင့် ပံ့ပိုးမှုလုပ်ငန်းစဉ်များအား ရှင်းလင်းစွာ အသေးစိတ်ဖော်ပြထားသည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။

၆၄။ **ဆောင်ရွက်ရမည့်အချိန်။** မူရင်းဒေသသို့ပြန်လည်မပို့ဆောင်မီ (သို့မဟုတ်) အခြားနေရာတွင် ပြန်လည်အခြေမချမီ အန္တရာယ်အကဲဖြတ်ချက် ဆောင်ရွက်ပြီးနောက် လူကုန်ကူးခံရသူမှ ပြန်လည်ပို့ဆောင်ခြင်းကို လက်ခံကြောင်း ဆုံးဖြတ်ချက်ချမှတ်ပြီးပါက ဆောင်ရွက်ရမည်ဖြစ်သည်။

၆၅။ **ဆောင်ရွက်ရမည့်နေရာ။** ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (သို့မဟုတ်) အခြားစောင့်ရှောက်ရာနေရာ (သို့မဟုတ်) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး/ လူမှုဝန်ထမ်းရုံးတွင် ဆောင်ရွက်ရပါမည်။

၆၆။ **ဆောင်ရွက်ရမည့်သူ။** ပြန်လည်ထူထောင်ရေးဦးစီးဌာန/လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲသူသည် ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းအစီအစဉ်ကို ဂေဟာမှတာဝန်ရှိသူ၊ ပြန်လည်ပို့ဆောင်မည့် (သို့မဟုတ်) ပြန်လည်အခြေချမည့်နေရာရှိ ကူညီပံ့ပိုးပေးသည့်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ လူကုန်ကူးခံရသူ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲ ရမည်ဖြစ်သည်။

၆၇။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အစီအစဉ်ရေးဆွဲရာတွင် လူကုန်ကူးခံရသူ၏လိုအပ်ချက်နှင့် အန္တရာယ်အကဲဖြတ်ချက်မှ တွေ့ရှိချက်များနှင့် ၎င်း၏ဆန္ဒအား ထည့်သွင်းစဉ်းစားလျက်ရေးဆွဲရမည်။

(ခ) လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူသည် မူရင်းဒေသရှိ ကူညီပံ့ပိုးပေးနေသည့် အဖွဲ့အစည်းမှ တာဝန်ရှိသူအား တရားဝင်အကူအညီရရှိရန်၊ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်များအား ဆွေးနွေးရန်နှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း အစီအစဉ်မူကြမ်းရေးဆွဲသည့် လုပ်ငန်းစဉ်တွင် ညှိနှိုင်းဆောင်ရွက်ရန် ဆက်သွယ်ရပါမည်။

(ဂ) လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ယာယီစောင့်ရှောက်ရေးဂေဟာမှ တာဝန်ခံတို့သည် ပြန်လည်ပို့ဆောင်မည့်နေရာ (သို့မဟုတ်) အခြေချမည့်နေရာရှိ ပြန်လည်လက်ခံမည့် အဖွဲ့အစည်းသို့ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးအကူအညီအတွက် ညှိနှိုင်းရမည်ဖြစ်သည်။ ထိုသို့ညှိနှိုင်းသည့်အခါ အောက်ပါအချက်များ ပါဝင်ရပါမည်-

(၁) လူကုန်ကူးခံရသူ၏အမည်

(၂) မွေးသက္ကရာဇ်နှင့် မူရင်းဒေသတွင် နေထိုင်ရာနေရာ

(၃) စောင့်ရှောက်မှုပေးမည့်သူ၏အမည်နှင့် နေထိုင်ရာနေရာ

(၄) ခရီးသွားလာရန်ကျန်းမာကြောင်းဆေးစစ်ချက်

(၅) လုံခြုံရေးနှင့် အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာများ

(၆) အကူအညီလိုအပ်ချက်များအား အတိုချုပ်ဖော်ပြချက်

(၇) ထွက်ခွာမည့် ခန့်မှန်းနေ့ရက်နှင့်အချိန်



**Procedure 6: Reintegration Plan Prior to return or resettlement**

63. **WHAT:** A plan that clearly details the travel and support to be provided to the assisted person who is going to return home or be settled in another place.

64. **WHEN:** Prior to the return or resettlement and after a risk assessment is conducted.

65. **WHERE:** At the shelter or some other care providing place or relevant office of the Department of Rehabilitation/ Social Welfare.

66. **WHO:** The case manager of the Department of Rehabilitation/Social Welfare drafts the reintegration plan prior to return or resettlement in coordination with the responsible person from the shelter, the contact person of the assisting agency of the place of return or resettlement and the trafficked person.

67. **HOW:** The implementation is as follows:

(a) The plan is drafted taking into consideration the assisted person's needs and the findings of the risk assessment.

(b) The case manager contacts the person of the assisting agency in the place of origin to formally require assistance, discuss the return procedures and coordinate the drafting process of reintegration.

(c) The case manager and the shelter case manager coordinate with the receiving agency of the place of return or resettlement for reintegration assistance. The following information should be included while coordinating:

(1) Name of the victim of trafficking

(2) Date of birth and place of residence in the origin place

(3) Name and place of residence of the care-giver

(4) Fit-to-travel medical certificate

(5) Security and risk assessment reports

(6) A brief outline of assistance needs

(7) Estimated date and time of departure

(ဃ) သတင်းအချက်အလက်များနှင့် တိုက်ရိုက်ဆွေးနွေးမှုများအပေါ် အခြေခံ၍လက်ခံသည့် အဖွဲ့အစည်းမှ လူကုန်ကူးခံရသူအား ကူညီထောက်ပံ့မှုပေးနိုင်ခြင်း ရှိ/မရှိ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ကူညီထောက်ပံ့ပေးနိုင်ပါက လက်ခံသည့် အဖွဲ့အစည်းသည် ဖြစ်နိုင်ဖွယ်ရှိသည့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အကူအညီအတွက် အောက်ပါအချက်များပါဝင်သည့် အတည်ပြုပုံစံအား ပေးပို့ရမည်ဖြစ်သည်–

- (၁) ဝန်ဆောင်မှုလက်ခံသူ၏အမည်
- (၂) မူရင်းဒေသတွင် နေထိုင်သည့်နေရာနှင့် မွေးသက္ကရာဇ်
- (၃) စောင့်ရှောက်ပေးမည့်သူ၏အမည်နှင့် နေထိုင်ရာနေရာ
- (၄) လူကုန်ကူးခံရသူသည် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကူအညီအတွက် အကျုံးဝင်မှု ရှိ/မရှိ အား အတည်ပြုခြင်း
- (၅) ကူညီထောက်ပံ့မည့်အစီအမံနှင့် လိုက်နာရမည့်စည်းမျဉ်းများ
- (၆) ကလေးသူငယ်များအတွက် အုပ်ထိန်းမှုနှင့် စောင့်ရှောက်မှု တာဝန်လွှဲပြောင်းမှုနှင့်ပတ်သက်၍ ရှင်းလင်းသည့် လမ်းညွှန်ချက်များ
- (၇) လိုအပ်ပါက အခြားသောသတင်းအချက်အလက်များ

(င) လူကုန်ကူးခံရသူသည် ခရီးဆုံးနေရာသို့ သွားရောက်ရန်အတွက် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် အထောက်အထား (သို့မဟုတ်) ခရီးသွားအထောက်အထားများ ရှိ/မရှိကို ဂေဟာမှတာဝန်ရှိသူမှ စစ်ဆေးရပါမည်။ အကယ်၍မရှိပါက သက်ဆိုင်ရာသို့ ဆက်သွယ်၍ ပျောက်ဆုံးသွားသည့် အထောက်အထားများအား ပြန်လည်ရရှိရေးအတွက် ချက်ချင်းဆောင်ရွက်ရပါမည်။ လုံခြုံမှုရှိစေရန်အတွက် ကိုယ်ရေးအချက်အလက်များအား သတိရှိစွာဖြင့်စီမံဆောင်ရွက်ရမည်။ လိုအပ်သည့်အထောက်အထားများ(သို့မဟုတ်) ကူညီပံ့ပိုးမှုများကို ရရှိရန်အတွက် သံရုံးနှင့်သံရုံးဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးဦးအား ဆက်သွယ်သည့်အခါ လိုအပ်သော သတင်းအချက်အလက်ကိုသာ ပေးရန်သတိပြုရမည်ဖြစ်သည်။

(စ) ဂေဟာမှတာဝန်ရှိသူနှင့် လက်ခံသည့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်တို့သည် ကူညီထောက်ပံ့မှု ခံယူနေသူ၏ တက်ကြွစွာပါဝင်မှုဖြင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အကူအညီဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးရမည်ဖြစ်သည်။ ထို့ပြင်ဆေးကုသရေး/ ကျန်းမာရေးနှင့် ဥပဒေဆိုင်ရာအကူအညီ၊ ပညာရေး/ အသက်မွေးဝမ်းကျောင်းသင်တန်း/ လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ၊ မိသားစုပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ ကလေးသူငယ်ဖြစ်ပါက စောင့်ရှောက်မှုအစီအစဉ်များစသည်တို့အတွက် ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ကူညီပံ့ပိုးမှု အစီအစဉ်ကို ပူးတွဲရေးဆွဲရပါမည်။



(d) Based on this information as well as on direct consultations, the receiving organization determines whether or not the referred person is eligible for assistance. In case of a positive response, the receiving organization sends a confirmation form for possible reintegration assistance that includes:

- (1) Name of the assisted person,
- (2) Date of birth and place of residence in the place of origin,
- (3) Name and place of residence of the care–giver,
- (4) Confirmation that the victim of trafficking qualifies for reintegration assistance,
- (5) Short outline of viable assistance measures and regulations attached,
- (6) Clear instructions concerning the transference of guardianship and care duties, in case of a child, and
- (7) Any additional information, if necessary.

(e) The shelter case manager also checks if the victim of trafficking possesses identity or travel documents required to reach the place of destination. If s/he does not, then, the case manager promptly facilitates the issuance of the missing documents by contacting the competent authorities. In order to ensure safety, personal data is carefully managed. Therefore, when communicating to a relevant person, including the embassy and diplomatic personnel, caution should be taken to provide only the minimum amount of information required to obtain the necessary documents or assistance.

(f) The shelter case manager and the contact person of the receiving agencies discuss the viable reintegration assistance measures with the active involvement of the assisted person. They jointly draft the reintegration plan prior to return and resettlement, addressing medical/health and legal assistance, education/ vocation/ training/ security concerns, family reintegration, or care arrangements when the victim is a child, etc.

(ဆ) ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း အစီအစဉ်အား အတည်ပြုသည်နှင့် တပြိုင်နက်ဂေဟာမှတာဝန်ရှိသူသည်လူကုန်ကူးခံရသူအားအောက်ပါတို့ကိုအပြည့်အဝအသိပေးရန် လိုအပ်ပါသည်–

(၁) လက်ခံရာနေရာရှိကူညီပံ့ပိုးသည့်အဖွဲ့အစည်းအမည်နှင့်ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အပါအဝင် ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း အစီအစဉ်နှင့်ပတ်သက်သည့် အချက်အလက်များ

(၂) မည်သူမည်ဝါဖြစ်ကြောင်းနှင့် ခရီးသွားအထောက်အထား

(၃) ခရီးသွားလာရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ

(၄) ဖြတ်သန်းရာ/ဆိုက်ရောက်ရာနေရာသို့ရောက်ရှိစဉ်ရရှိမည့်အကူအညီ

(၅) လုံခြုံရေးအစီအမံများ

(ဇ) လူကုန်ကူးခံရသူတစ်ဦးသည် အခြားသော ကူညီမှုများအား ရယူလိုခြင်းမရှိပါက သူ/သူမအား မူရင်း (သို့မဟုတ်) ပြန်လည်အခြေချမည့်ဒေသတွင် ဝန်ဆောင်မှုပေးနေသူများ၏စာရင်းအား ပြန်လည် မပို့ဆောင်မီ ပံ့ပိုးပေးရပါမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အကူအညီတောင်းခံသည့်ပုံစံ |
| အသုံးပြုနည်းအညွှန်း | ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး အစီအစဉ် လက်ခံခြင်းပုံစံ |



(g) Once the reintegration plan is finalized, the shelter case manager fully informs the assisted person about:

(1) All the details of the reintegration plan prior to return and resettlement, including the name of the assisting organization in the receiving place and the details of the contact person,

(2) Status of identity and travel documents,

(3) Travel arrangements,

(4) Assistance procedures during the transit and upon arrival, and

(5) Safety measures.

(h) If a victim of trafficking does not want to receive other assistance, she/he is given a list of contacts of the service providers operating in the place of origin or resettlement, prior to return.

| | |
|---|---|
| Tool | Request for Reintegration Assistance Form prior to Return and Resettlement |
| Tool | Acceptance Form for Reintegration Assistance Form prior to Return and Resettlement |

စံလုပ်ငန်းအစီအစဉ်(၃)

## ပြန်လည်ပို့ဆောင်ခြင်း

မူရင်းနေထိုင်ရာနေရာ (သို့မဟုတ်) အခြားနေရာသို့ သဘောဆန္ဒ အလျောက်ပြန်လိုသည့် လူကုန်ကူးခံရသူများအတွက် ပြန်လည် ပို့ဆောင်ရေးအား စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ပြန်လည်မပို့ဆောင်မီ ရရှိနိုင်သည့် ကူညီထောက်ပံ့မှု ဆိုင်ရာရွေးချယ်မှုများအား အပြည့်အဝ အသိပေးရမည့်အပြင် ၎င်းတို့ လုံခြုံမှုရှိစေရေးအတွက် သင့်လျော်သည့်အစီအမံများကို ဆောင်ရွက်ရမည်ဖြစ်သည်။



SOP (3)

## Repatriation

Repatriation is organized for trafficked persons who voluntarily wish to go back to their place of origin or to resettle in another place after they have been fully informed about the available assistance options and appropriate measures have been made to ensure their safety.

## စံလုပ်ငန်းအစီအစဉ် (၃)– ပြန်လည်ပို့ဆောင်ခြင်း

လုပ်ငန်းစဉ်(၁) ➡ လုံခြုံစိတ်ချရသည့် သယ်ယူပို့ဆောင်ရေး/လွှဲပြောင်းပို့ဆောင်ခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| လူကုန်ကူးခံရသူအား လက်ခံစောင့်ရှောက်ရာ နေရာမှမူရင်းဒေသ (သို့) နေရာသစ်သို့ လုံခြုံ စိတ်ချစွာ သယ်ယူ ပို့ဆောင်ခြင်း/ လွှဲပြောင်းပို့ဆောင်ခြင်း | ပြန်လည်ပို့ဆောင်ခြင်း မပြုမီ ဆောင်ရွက်ရမည့် အစီအစဉ် နှင့် လုပ်ငန်းစဉ်များ ပြီးဆုံး၍ လုံခြုံစိတ်ချမှုရှိပါက ဆောင်ရွက်ရန် | လက်ခံ စောင့်ရှောက်ရာနေရာမှ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်ရန် | မူရင်းဒေသရှိ ကူညီထောက်ပံ့မှု ပေးနေသည့် အဖွဲ့အစည်းများ |

### ဆောင်ရွက်ရမည့်အဆင့်များ

- အောက်ဖော်ပြပါ အခြေခံအချက်အလက်များကို မထွက်ခွာမီပံ့ပိုးပေးရန်၊ (ခရီးသွားလာရေး/ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အထောက်အထားများ၊ ခရီးသွားလက်မှတ်များ၊ အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ ခရီးတစ်ထောက်နားရာနေရာ/ခရီးဆုံးနေရာသို့ ရောက်ရှိစဉ်အတွင်း တွေ့ဆုံမည့်ပုဂ္ဂိုလ်အား မည်ကဲ့သို့ သိရှိလိုကြောင်း သတင်းအချက်အလက်များ၊ တွေ့ဆုံမည့်နေရာနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ရောက်ရှိမည့်ဒေသ၏မြေပုံ၊ လိုအပ်သည့် ဆေးဝါး (သို့) ကျန်းမာရေးဆိုင်ရာအစောင့်ရှောက်များ၊ ကိုယ်ပိုင်ပစ္စည်းများ)
- လေဆိပ်၊ ကားမှတ်တိုင်စသည့် ထွက်ခွာသည့်နေရာများသို့ လိုက်ပါပို့ဆောင်၍ ထွက်ခွာရန် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွင်း လိုအပ်ပါက ကူညီဆောင်ရွက်ပေးရန်
- ကလေးသူငယ်ဖြစ်ပါက ထွက်ခွာရာနေရာမှ ဆိုက်ရောက်ရာနေရာအထိ လိုက်ပါပို့ဆောင်ရန်နှင့် လွှဲပြောင်းမှုပုံစံတွင် လက်ခံမည့်နေရာမှ သက်ဆိုင်ရာ အာဏာပိုင်များအနက်အရာရှိတစ်ဦးမှ လက်မှတ်ရေးထိုးရန်
- အထူးလိုအပ်ချက်ရှိသူများအတွက် သီးခြားလုပ်ငန်းစဉ်များစီစဉ်ရန်
- ပြန်လည်ပို့ဆောင်ရေးတွင် ကူညီထောက်ပံ့ပေးနေသူအတွက် လုံခြုံစိတ်ချရမှုရှိစေရန် ပြန်လည်ပို့ဆောင်ရာနေရာနှင့် လက်ခံရာနေရာအကြား အောက်ပါသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီပေးပို့ရန်၊ (ခရီးသွားလာမှုဆိုင်ရာ အချက်အလက်၊ ခရီးဆုံးနေရာသို့ ဆိုက်ရောက်မည့်ရက်နှင့်အချိန်နှင့် အပြောင်းအလဲများရှိပါက ပြောင်းလဲသည့် သတင်းအချက်အလက်များအား အထူးဦးစားပေးဖော်ပြရန်၊ စောင့်ရှောက်သူအဖြစ် လိုက်ပါမည့်သူများအမည်စာရင်း၊ ဝန်ဆောင်မှုလက်ခံသူမှ ဆိုက်ရောက်ရာနေရာ၌ တွေ့ဆုံမည့်သူ၊ ဆိုက်ရောက်ရာနေရာနှင့် ဖြတ်သန်းရာနေရာသို့ ရောက်ရှိခဲ့ခြင်းအား အတည်ပြုခြင်း)
- လုံခြုံရေးအဆင့်အတန်းအား အမြင့်ဆုံးထားရှိအသုံးပြုရန်
- ကလေးသူငယ် (သို့မဟုတ်) မသန်စွမ်း လူကုန်ကူးခံရသူတစ်ဦးအား ပြန်လည်ပို့ဆောင်ရာတွင် လက်ခံရာနေရာရှိ တာဝန်ရှိသူသည် လက်ခံရာနေရာမှ ခရီးဆုံးနေရာရောက်ရှိသည်အထိ အဖော်လိုက်ပါဆောင်ရွက်ရန်၊ ခရီးဆုံးနေရာတွင် ကလေးသူငယ်အား မိဘ(သို့မဟုတ်) အုပ်ထိန်းသူဖြစ်ကြောင်း လုံလောက်သည့် တရားဝင်အထောက်အထားကို ရယူပြီးမှသာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးကို သက်သေထား၍ လွှဲပြောင်းအပ်နှံရန်။



## SOP (3) – Repatriation

Procedure 1 ➡ Safe Transport/Transfer

| What | When | Where | Who |
|---|---|---|---|
| The safe transport or transfer of the assisted person from the hosting location to the origin or new place | After the plan and procedures are finalized and safety guaranteed before return | Transport starts from the care providing place of the assisted person | Assisting agencies of the origin or resettlement place |

### How

- Implement the following before departure (Travel and/or identity documents, travel tickets, Emergency telephone numbers, Information on how to recognize the person to meet during transit and/or upon arrival, Information on the person to meet and meeting point(s) at the transit and/or arrival, Map of town of arrival, Necessary medication or an escort for special medical conditions, Personal belongings);
- Accompany him or her to the point of departure (e.g. airport, bus station, etc.) and, if necessary, facilitate he/she is assisted during check–in procedures;
- If the victim is a child, the person is escorted from the point of departure to the point of destination where an officer from the competent authorities of the receiving place sign the transfer form;
- Arrange specific procedures for mentally impaired persons and persons with special needs;
- To ensure the safe return of the assisted person, send the following information in a timely manner to ensure a prompt information flow between the sending and receiving organizations (Travel data, Date and time of arrival at the final destination, last minute changes in the schedule, if there are any, Names of escorts, Contact person that the assisted person will meet at the arrival point, Confirmation that the assisted person has arrived and is met at the point of arrival and point(s) of transit);
- Use the highest security level;
- In case of the return of a child victim or a person with disabilities, a designated person from the hosting agency must ensure that the person is accompanied from the receiving point to the final point of destination. At the point of destination, the transfer is to take place in the presence of Ward/Village Administrator only after receiving the official documentation to prove relationship or legal guardianship.

**လုပ်ငန်းစဉ်(၁)။ လုံခြုံစိတ်ချရသည့် သယ်ယူပို့ဆောင်ရေး/လွှဲပြောင်းပို့ဆောင်ခြင်း**

၆၈။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** လူကုန်ကူးခံရသူအား လက်ခံစောင့်ရှောက်ရာနေရာမှ မူရင်းဒေသ (သို့မဟုတ်) နေရာသစ်သို့ လုံခြုံစိတ်ချစွာဖြင့် သယ်ယူပို့ဆောင်ခြင်း (သို့မဟုတ်) လွှဲပြောင်းပို့ဆောင်ခြင်းဖြစ်သည်။

၆၉။ **ဆောင်ရွက်ရမည့်အချိန်။** ခရီးသွားလာရေးအထောက်အထားများနှင့် လက်မှတ်များအား ထုတ်ပေးပြီးနောက် ပြန်လည်ပို့ဆောင်ခြင်းမပြုမီ ဆောင်ရွက်ရမည့်အစီအစဉ်နှင့် လုပ်ငန်းစဉ်များပြီးဆုံး၍ လုံခြုံစိတ်ချမှုရှိပါက ဆောင်ရွက်ရမည်ဖြစ်သည်။

၇၀။ **ဆောင်ရွက်ရမည့်နေရာ။** လူကုန်ကူးခံရသူအား လက်ခံစောင့်ရှောက်ရာနေရာမှ ပြန်လည်ပို့ဆောင်ရေး ဆောင်ရွက်ရပါမည်။

၇၁။ **ဆောင်ရွက်ရမည့်သူ။** မူရင်း (သို့မဟုတ်) ပြန်လည်နေရာချထားသည့်နေရာရှိ ကူညီထောက်ပံ့မှုပေးနေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆောင်ရွက်ရပါမည်။

၇၂။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-

(က) ကူညီထောက်ပံ့မှုခံယူနေသူအား ပြန်လည်ပို့ဆောင်ခြင်းနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါ အခြေခံ သတင်းအချက်အလက်များအား မထွက်ခွာမီ ပံ့ပိုးပေးရန်ဖြစ်ပါသည်-

(၁) ခရီးသွားလာရေး (သို့မဟုတ်) မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အထောက်အထားများ (ဥပမာ- ပြည်ပမှ ပြန်ရောက်လာသူ ဖြစ်ပါက COI၊ ပြည်တွင်း လူကုန်ကူးခံရသူဖြစ်ပါက မှတ်ပုံတင်၊ လူမှုဝန်ထမ်းဦးစီးဌာန/ပြန်လည်ထူထောင်ရေး ဦးစီးဌာန/ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ စု/စိတ် စသည်တို့မှ ပို့ဆောင်ရေးအတွက် တာဝန်ပေးအပ်သည့်ရုံးစာ)

(၂) ခရီးသွားလက်မှတ်များ

(၃) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

(၄) ခရီးတစ်ထောက်နားရာနေရာ/ ခရီးဆုံးနေရာသို့ ရောက်ရှိစဉ်အတွင်း တွေ့ဆုံမည့်ပုဂ္ဂိုလ်၊ တွေ့ဆုံမည့်နေရာနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ

(၅) ရောက်ရှိမည့်ဒေသ၏ မြေပုံ(ရောက်ရှိမည့်ဒေသအား မရောက်ဖူးပါက)

(၆) လိုအပ်သည့်ဆေးဝါး (သို့မဟုတ်) အထူးကျန်းမာရေးအခြေအနေအတွက် ကျန်းမာရေးဆိုင်ရာ အစောင့်ရှောက်များ

(၇) ကိုယ်ပိုင်ပစ္စည်းများ

(ခ) လူကုန်ကူးခံရသူအား လေဆိပ်၊ ကားမှတ်တိုင်စသည့် ထွက်ခွာသည့်နေရာများသို့ လိုက်ပါပို့ဆောင်ရန်နှင့်လေဆိပ်၊ ခရီးတစ်ထောက်နားရာနေရာ (သို့မဟုတ်) နယ်စပ်ဖြတ်သန်းရာနေရာများ၌ ထွက်ခွာရန်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတွင်း လိုအပ်ပါကကူညီဆောင်ရွက်ပေးရမည်။ လုံခြုံမှုအစီအမံများလိုအပ်ပါက (သို့မဟုတ်) လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက ထွက်ခွာရာနေရာမှ ဆိုက်ရောက်ရာနေရာအထိ လိုက်ပါပို့ဆောင်ရမည်။ ခရီးဆုံးနေရာသို့ ရောက်ရှိသည်နှင့် လက်ခံမည့်နေရာမှ သက်ဆိုင်ရာအာဏာပိုင်များအနက် အရာရှိတစ်ဦးမှ လွှဲပြောင်းမှုပုံစံတွင် လက်မှတ်ရေးထိုးရန်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ရှိသူများနှင့် အထူးလိုအပ်ချက်ရှိသူများအတွက် သီးခြားလုပ်ငန်းစဉ်များကို စီစဉ်ရမည်။



**Procedure 1: Safe Transport/Transfer**

68. **WHAT:** The safe transport or transfer of the assisted person from the hosting location to the origin or new place.

69. **WHEN:** After the travel documents and tickets are issued, the plan and procedures are finalized and safety guaranteed before return.

70. **WHERE:** Transport starts from the care providing place of the assisted person.

71. **WHO:** Designated persons from the assisting agencies of the origin or resettlement place

72. **HOW:** Implement the following:

(a) Before the departure, the assisted person is provided with all necessary basic means for her/his return:

(1) Travel and/or identity documents (for example, COI in a case of returned persons, National ID card in a case of persons trafficked within the country, an official letter designated for transport by DSW/Department of Rehabilitation/ATTF)

(2) Travel tickets,

(3) Emergency telephone numbers,

(4) Information on the person to meet and meeting point(s) at the transit and/or arrival,

(5) Map of town of arrival, if unknown,

(6) Necessary medication or an escort for special medical conditions, and

(7) Personal belongings.

(b) The person is accompanied to the point of departure (e.g. airport, bus station, etc.) and, if necessary, s/he is assisted during check–in procedures at airports as well as in transit or at border crossings. If safety measures are required or the victim is a child, the person is escorted from the point of departure to the point of destination where an officer from the competent authorities of the receiving place signs the transfer form. Also for mentally impaired persons and persons with special needs, specific procedures must be arranged.

(ဂ) ပြန်လည်ပို့ဆောင်ရေးတွင် ကူညီထောက်ပံ့ပေးနေသူအတွက် လုံခြုံစိတ်ချရမှုရှိစေရန် ပြန်လည်ပို့ဆောင်ရာနေရာနှင့် လက်ခံရာနေရာအကြား အောက်ပါသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီဆက်သွယ်ပေးပို့ရပါမည်–

(၁) ခရီးသွားလာမှုဆိုင်ရာ အချက်အလက် (ခရီးသွားလာမှုနည်းလမ်းများ၊ ယာဉ်အမည်စသည်)

(၂) ခရီးဆုံးနေရာသို့ ဆိုက်ရောက်မည့်ရက်နှင့်အချိန်

(၃) ထွက်ခွာပြီးနောက် လက်ခံမည့်အဖွဲ့အစည်းထံသို့ သတင်းအချက်အလက်များကို အတည်ပြုပေးပို့ရန်နှင့် အကယ်၍ အပြောင်းအလဲများရှိပါက ပြောင်းလဲသည့် သတင်းအချက်အလက်များအား အထူးဦးစားပေးဖော်ပြရန်

(၄) စောင့်ရှောက်သူအဖြစ် လိုက်ပါမည့်သူများ အမည်စာရင်း

(၅) ကူညီပံ့ပိုးမှုခံယူနေသူမှ ဆိုက်ရောက်ရာနေရာ၌ တွေ့ဆုံမည့်သူ

(၆) ကူညီပံ့ပိုးမှုခံယူနေသူသည်ဆိုက်ရောက်ရာနေရာနှင့် ဖြတ်သန်းရာနေရာသို့ ရောက်ရှိခဲ့ခြင်းအား အတည်ပြုခြင်း

(ဃ) သတင်းအချက်အလက်များကို ဆက်သွယ်ပေးပို့ရာတွင် လုံခြုံရေးအဆင့်အတန်းအား အမြင့်ဆုံးထားရှိ အသုံးပြုရန်ဖြစ်သည်။ လူကုန်ကူးခံရသူသည် သူ/သူမကိုယ်တိုင် အဖွဲ့အစည်းရှိသည့်နေရာသို့ ရောက်ရှိလာခြင်း (သို့မဟုတ်) အကူအညီပေးသည့် အဖွဲ့အစည်းတစ်ခုမှ လွှဲပြောင်းပေးပို့လာခြင်း ဖြစ်နိုင်ပါသည်။

(င) ခရီးစဉ်အတွင်း မမျှော်လင့်ဘဲတွေ့ကြုံလာနိုင်သော ကျန်းမာရေးခြေအနေ ဆိုးရွားမှု၊ သဘာဝ/မတော်တဆမှုစသည့် ဘေးအန္တရာယ်၊ သေဆုံးမှုတို့ ဖြစ်ပွားပါက ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းမှ ဝန်ထမ်းသည် မိမိအဖွဲ့အစည်းနှင့် အခြားသက်ဆိုင်ရာတာဝန်ရှိသူများကို အမြန်ဆုံးအကြောင်းကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(စ) ကလေးသူငယ် (သို့မဟုတ်) မသန်စွမ်း လူကုန်ကူးခံရသူတစ်ဦးအား ပြန်လည်ပို့ဆောင်ရာတွင် လက်ခံရာနေရာရှိ တာဝန်ရှိသူသည် လက်ခံရာနေရာမှ ခရီးဆုံးနေရာ ရောက်ရှိသည်အထိ အဖော်လိုက်ပါဆောင်ရွက်ရမည်။ ခရီးဆုံးနေရာတွင် ကလေးသူငယ်အား မိဘ (သို့မဟုတ်) အုပ်ထိန်းသူထံသို့ လွှဲပြောင်းပေးရာတွင် တော်စပ်ပုံ (သို့မဟုတ်) အုပ်ထိန်းသူဖြစ်ကြောင်း လုံလောက်သည့် တရားဝင်အထောက်အထားကိုရယူပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကို သက်သေထား၍ လွှဲပြောင်းအပ်နှံရမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | လွှဲပြောင်းမှုပုံစံ |
| အသုံးပြုနည်းအညွှန်း | တော်စပ်ပုံ(သို့မဟုတ်)အုပ်ထိန်းသူဖြစ်ကြောင်း တရားဝင်အထောက် အထားပုံစံ |
| အသုံးပြုနည်းအညွှန်း | ခရီးသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်ပုံစံ |



(c) To ensure the safe return of the assisted person, a prompt information flow between the sending and receiving organizations is ensured and the following information is communicated in a timely manner:

(1) Travel data (means of travel, carrier's name, etc.),

(2) Date and time of arrival at the final destination,

(3) Following the physical departure, immediate confirmation should be sent to the receiving organization. If any last minute changes in the schedule occur, they should be highlighted and communicated

(4) Names of escorts, if applicable,

(5) Contact person that the assisted person will meet at the arrival point,

(6) Confirmation that the assisted person has arrived and is met at the point of arrival and point(s) of transit.

(d) All information is communicated by using the highest security level. The trafficked person may reach the agency by herself/himself or an assisting agency may transfer the person.

(e) Contact person from the assisting organization shall promptly inform and coordinate with other responsible persons if unexpected situations occur during the journey, such as a serious health condition, natural disaster/ accidents or deaths.

(f) In case of the return of a child victim or a person with disabilities, a designated person from the host agency must ensure that the person is accompanied from the receiving point to the final point of destination. At the point of destination, the transfer is to take place in the presence of Ward/Village Administrator only after receiving the official documentation to prove relationship or legal guardianship.

| | |
|---|---|
| Tool | Referral Form |
| Tool | Official Documentation to prove relationship or legal guardianship |
| Tool | Travel Information Form |

### စံလုပ်ငန်းအစီအစဉ် (၄)

## ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ခြင်း

ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့်ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်သည် မိမိကိုယ်ကို တန်ဖိုးထားမှု စိတ်ဓာတ်ပြန်လည် ရရှိစေရန်အတွက် အကူအညီပေးရန်၊ လူကုန်ကူးမှု ထပ်မံမဖြစ်ပွားစေရေး ကာကွယ်ရန်၊ လူကုန်ကူးခံရသူတစ်ဦးအတွက် စီးပွားရေးခိုင်မာမှု၊ လုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် လူမှုအသိုင်းအဝိုင်း၌ ဝင်ဆံ့ခြင်းဟူသော ကောင်းမွန်သည့် လူနေမှုဘဝတစ်ခုရရှိစေရန် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။



### SOP (4)

## Reintegration and Rehabilitation

Reintegration Assistance is the process of making trafficked persons feel valued and important, preventing re-trafficking and securing a sound standard of living by ensuring the socio-economic integration and safety and dignity of a trafficked person.

## စံလုပ်ငန်းအစီအစဉ် (၄)- ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း

ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး အကူအညီများ ပံ့ပိုးပေးခြင်း

| ဆောင်ရွက်ရမည့်လုပ်ငန်း | ဆောင်ရွက်ရမည့်အချိန် | ဆောင်ရွက်ရမည့်နေရာ | ဆောင်ရွက်ရမည့်သူ |
|---|---|---|---|
| လူကုန်ကူးခံရသူ တစ်ဦးအတွက် စီးပွားရေး ခိုင်မာမှု၊ လုံခြုံမှုနှင့် လူမှုအသိုင်းအဝိုင်း၌ ဝင်ဆံ့နိုင်စေရန် လိုအပ်သည့် အထောက်အပံ့များပံ့ပိုးပေးခြင်း | မူရင်းနိုင်ငံ/မူရင်းဒေသသို့ လူကုန်ကူးခံရသူ ပြန်လည်ရောက်ရှိချိန် | လူကုန်ကူးခံရသူနေထိုင်သောနေရာ (သို့) သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေး ဦးစီးဌာန/ လူမှုဝန်ထမ်းဦးစီးဌာန နှင့် မိတ်ဘက်အဖွဲ့အစည်းများ နှင့် သင့်တော်သောနေရာ | လူကုန်တား၊ ထွေ/အုပ်၊ ပြန်/ထူ ရုံးများ/ လူမှုရုံးများ၊ မ/သက်မွေး၊ မိတ်ဖက်အဖွဲ့အစည်းများ (ယူနီဖောင်းမဝတ်ရန်) |

### ဆောင်ရွက်ရမည့်အဆင့်များ

- လူကုန်ကူးခံရသူအား မိဘ/ အုပ်ထိန်းသူ/ မိသားစုဝင်များထံ ပြန်လည်အပ်နှံ/ ပို့ဆောင်ပြီး အဖြစ်နိုင်ဆုံး (၁)ပတ်အတွင်း ပထမအကြိမ် နောက်ဆက်တွဲစောင့်ရှောက်မှု ဆောင်ရွက်ရန်
- သွားရောက်တွေ့ဆုံရာ၌မိတ်ဆက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ လာရောက်သည့် အကြောင်းရင်းများ ရှင်းလင်းခြင်း၊ မိသားစု/ပတ်ဝန်းကျင် လေ့လာခြင်းများ ပြုလုပ်ရန်
- လူကုန်ကူးခံရသူသည် ကလေးဖြစ်ပါက မိဘ/အုပ်ထိန်းသူသဘောတူညီချက်ဖြင့် နောက်တစ်ကြိမ် တွေ့ဆုံရေးချိန်းဆိုရန် ထပ်မံတွေ့ဆုံရန်ငြင်းဆိုပါက ပြန်/ထူဌာနသို့တင်ပြ အမှုပိတ်သိမ်းရန်၊ အချက်အလက်များ မှတ်တမ်းတင်ရေးသွင်းခွင့်၊ သိမ်းဆည်းခွင့်၊ လွှဲပြောင်းခွင့်ရယူရန်
- တစ်ဦးချင်းစီ၏ လိုအပ်ချက်အပေါ် အကူညီပေးရန်/ပံ့ပိုးပေးရန် (အထောက်ပံ့ကို ငြင်းခွင့်ရှိ)၊ ကလေးဖြစ်ပါက ထပ်မံ လူကုန်ကူးခံရမည့် အန္တရာယ်မရှိချိန်၊ ရင့်ကျက်မှုရှိသည့်အသက်ရွယ်ထိ ထောက်ပံ့ပေးရန်
- ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုဆောင်ရွက်ပေးရန်၊ ဝေးလံဒေသရှိ နေထိုင်သူများအတွက် တယ်လီဖုန်းဖြင့် နှစ်သိမ့်ဆွေးနွေးပေးရန်
- ပညာရေးပြီးမြောက်မှုမရှိသူများအတွက် ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်
- လိုအပ်ချက်အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးရန်
- အသေးစားစီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေရလုပ်ငန်းအတွက် ငွေသားထောက်ပံ့ခြင်းမပြုဘဲပစ္စည်းဝယ်ပေးရန်
- ပြန်လည်ထူထောင်ရေးထောက်ပံ့ပြီး (၁)လလျှင်(၂)ကြိမ် ပုံမှန်နောက်ဆက်တွဲစောင့်ရှောက်ရန်၊ လိုအပ်ချက်ပေါ် မူတည်၍ (၃)လ(၁)ကြိမ် ဆက်လက်ဆောင်ရွက်ရန်
- ထောက်ပံ့မှုအပေါ်လေ့လာဆန်းစစ်၍ လုံလောက်မှုမရှိပါက ဒုတိယအကြိမ်၊ တတိယအကြိမ် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ထပ်မံထောက်ပံ့ရန်
- လုပ်ငန်းစဉ်တိုင်းအတွက် လူမှုဝန်ထမ်းသမားတစ်ဦးမှဆောင်ရွက်၍ ၎င်းပြောင်းရွှေ့ချိန်တွင် အခြားလူမှုဝန်ထမ်းတစ်ဦးအား လွှဲပြောင်းကြောင်းအသိပေးရန်
- သင်တန်းကျောင်းတွင် ထားရှိစောင့်ရှောက်ခြင်းကို နောက်ဆုံးနည်းလမ်းအနေဖြင့်ဆောင်ရွက်ရန်
- လူကုန်ကူးခံရသူများအား ခွဲခြားဆက်ဆံခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်းတို့ကို မပြုလုပ်မိစေရန် ရပ်ရွာလူထုအား အသိပညာပေးသည့် လုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်



## SOPs (4): Reintegration and Rehabilitation

**Procedure 1** → Reintegration and Rehabilitation Assistance

| What | When | Where | Who |
|---|---|---|---|
| Providing necessary assistance to ensure the trafficked person's socio-economic integration and safety | When the trafficked person returns to her/his country/place of origin | The place where the trafficked person resides, relevant Department of Rehabilitation/ Department of Social Welfare offices and partner organizations or an appropriate place | ATTF, GAD, offices of Department of Rehabilitation/ Department of Social Welfare , Vocational Training Centers, and partner organizations (without uniform) |

### How

- Make an initial follow-up visit one week after victim's return to her/his parents/guardian/family members;
- During the visit, make introductions, build trust, explain the reason for the visit, and monitor the family and environment;
- Make an appointment for the next visit with the consent of the trafficked person or the consent of the parent/guardian in case of a child victim. If the trafficked person refuses to receive a second visit, report to the Department of Rehabilitation to close the case; obtain consent to record the information and transfer it;
- Provide assistance corresponding to the needs of the individual victim (Right to refuse it). In case of a child, offer assistance until there is no risk of re-trafficking or s/he reaches his or her level of maturity;
- Provide Health care service and psychological support. Support must be arranged over the phone for those who live in remote areas;
- Arrange possibilities to continue education for those who have not completed their education;
- Vocational training should be tailored to individual needs;
- Instead of cash, purchase assets to run a small business and for income generation;
- Provide regular follow-up assistance twice a month after assistance is made for rehabilitation and once every three months for continuous assistance if required;
- Provide support in collaboration with partner organizations for the second and third time after monitoring the assistance;
- The same social worker should regularly carry out every step of the process and if s/he is transferred, transfer the case to another social worker;
- Consider care arrangements at the training center as a last resort; and
- Cooperate with partner organizations to raise public awareness to prevent discrimination against and psychological abuse to victims of trafficking.

## လုပ်ငန်းစဉ် (၁)။ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး အကူအညီများပံ့ပိုးပေးခြင်း

၇၃။ **ဆောင်ရွက်ရမည့်လုပ်ငန်း။** ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်သည် လူကုန်ကူးခံရသူအား လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းရန် အတွက် လိုအပ်သောအကူအညီနှင့် အထောက်အပံ့များ ပံ့ပိုးပေးခြင်းနှင့် လူကုန်ကူးမှု ထပ်မံမဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်းတို့ ဖြစ်ပါသည်။

၇၄။ **ဆောင်ရွက်ရမည့်အချိန်။** မူရင်းဒေသသို့ လူကုန်ကူးခံရသူ ပြန်လည်ရောက်ရှိချိန်တွင် စတင်သည်။

၇၅။ **ဆောင်ရွက်ရမည့်နေရာ။** လူကုန်ကူးခံရသူနေထိုင်သောနေရာ (သို့မဟုတ်) သက်ဆိုင်ရာပြန်လည် ထူထောင်ရေးဦးစီးဌာန/လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဘက်အဖွဲ့အစည်းများနှင့် သင့်လျော်သောနေရာတွင် ဆောင်ရွက်ရပါမည်။

၇၆။ **ဆောင်ရွက်ရမည့်သူ။** လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြန်လည်ထူထောင်ရေး ဦးစီးဌာနရုံး/ လူမှုဝန်ထမ်းရုံးများ၊ လူကုန်ကူးခံရသူများအား ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာများမှဝန်ထမ်းများ၊ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရာစင်တာမှဝန်ထမ်းများ၊ မိတ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများမှ ဆောင်ရွက်ရမည်ဖြစ်သည်။ လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက ကလေးသူငယ်ဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲသူမှ ဆောင်ရွက်ရမည်ဖြစ်သည်။

၇၇။ **ဆောင်ရွက်ရမည့်နည်းလမ်း။** အောက်ပါနည်းလမ်းများအတိုင်းဆောင်ရွက်နိုင်ပါသည်-

(က) လူကုန်ကူးခံရသူအား မိဘ/ အုပ်ထိန်းသူ/ မိသားစုဝင်များထံ ပြန်လည်အပ်နှံ/ ပို့ဆောင်ပြီး အဖြစ်နိုင်ဆုံး (၁)ပတ်အတွင်း ပထမအကြိမ် နောက်ဆက်တွဲစောင့်ရှောက်မှုကို စတင်ဆောင်ရွက်ရန်ဖြစ်သည်။ တာဝန်ရှိဝန်ထမ်းမှ ယူနီဖောင်းဝတ်ဆင်ခြင်းမပြုဘဲ လူကုန်ကူးခံရသူ နေထိုင်ရာနေရာသို့ သွားရောက်တွေ့ဆုံပြီး ၎င်းနှင့်အတူ မိသားစုကိုပါမိတ်ဆက်ခြင်း၊ စကားပြောခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ လာရောက်ရသည့် အကြောင်းအရာများအား ရှင်းလင်းခြင်း၊ မိသားစုအတွင်းဆက်ဆံရေး၊ ဝင်ငွေရလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ အိမ်အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့အား လေ့လာခြင်းကိုပြုလုပ်ရမည်ဖြစ်သည်။ လူကုန်ကူးခံရသူ၏သဘောတူညီချက်၊ လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက မိဘ/အုပ်ထိန်းသူ၏ သဘောတူညီချက်ရယူပြီး နောက်တစ်ကြိမ် တွေ့ဆုံမည့်ရက်အား ချိန်းဆိုရန်ဖြစ်သည်။ အကယ်၍ လူကုန်ကူးခံရသူမှ ထပ်မံ တွေ့ဆုံရန် ငြင်းဆန်ပါက တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ပြန်လည်ထူထောင်ရေးဦးစီးဌာနရုံး (သို့မဟုတ်) လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် ပြန်လည် ထူထောင်ရေးဦးစီးဌာနရုံးချုပ်သို့တင်ပြ/အကြောင်းကြားပြီး အဆိုပါအမှုကိစ္စအားပိတ်သိမ်းရန်ဖြစ်သည်။ တာဝန်ရှိဂန်ထမ်းနှင့် လူကုန်ကူးခံရသူတို့ ဘာသာစကားမတူညီပါက/ နားမကြားပါက သင့်လျော်သော ဘာသာပြန်တစ်ဦး/ လက်သင်္ကေတဘာသာစကားပြန်နှင့် ချိတ်ဆက်ရန်၊ အချက်အလက်များအား သိမ်းဆည်းခွင့်၊ မှတ်တမ်းတင်ရေးသွင်းခွင့်နှင့် အခြားသင့်လျော်သည့် အဖွဲ့အစည်းများသို့ လွှဲပြောင်းခွင့်ကို သဘောတူညီချက်ရယူထားရန် ဖြစ်ပါသည်။

(ခ) လူကုန်ကူးခံရသူဟု သတ်မှတ်ခံရသည့်မည်သူမဆို ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အထောက်အပံ့များကို ခံစားခွင့်၊ ငြင်းပယ်နိုင်ခွင့် ရှိပါသည်။ လူကုန်ကူးခံရသူ ကလေးသူငယ်ဖြစ်ပါက ၎င်းအား ထပ်မံလူကုန်ကူးခံရမည့် အန္တရာယ်မရှိသည့်အချိန်၊ ရင့်ကျက်တည်ငြိမ်မှုရှိသည့် အသက်အရွယ် (ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသည့် အသက်အရွယ်အထိ ထောက်ပံ့ပေးရန်ဖြစ်ပါသည်။အုပ်ထိန်းသူမရှိသည့်ကလေးသူငယ်များအားကာကွယ်စောင့်ရှောက်မှုပေးရန်ဖြစ်ပါသည်။



## Procedure 1: Reintegration and Rehabilitation Assistance

73. **What**: The Reintegration and Rehabilitation process involves providing necessary assistance and support to the trafficked persons for his/her integration into a social community and preventing him/her from being re–trafficked.

74. **When**: The time when the trafficked person returns to her/his place of origin

75. **Where**: At the place where the trafficked person resides or relevant office of the Department of Rehabilitation/Department of Social Welfare or partner offices or at an appropriate place.

76. **Who**: Staff from State and Regional level Department of Rehabilitation/Department of Social Welfare offices, staff from shelters and Information Center for Victims of trafficking, and responsible persons from partner organizations in collaboration with ATTF, GAD, and Child Social Worker in case of a trafficked child.

77. **How**: The process must be carried out as follows:

(a) The first follow–up visit starts one week after the trafficked person is reunited with the parents/guardian, family members. Without wearing a uniform, a staff member responsible for the visit makes a visit to the house of the trafficked person, introduces him/her along with the family members, talks with them to build trust, explains the reason for the visit, and observes the trafficked person's situation including, family relations, income generation and social inclusion. The staff member makes an appointment for the next visit with the consent of the trafficked person or the consent of the parent/guardian in case of a child victim. If the trafficked person refuses to receive a second visit, the staff member reports to the head quarters of the Department of Rehabilitation through the Region/State/District/Township Department of Rehabilitation or Department of Social Welfare Offices to close the case. An interpreter/sign language interpreter is called, if the staff member and the trafficked person do not speak the same language or if she/he is deaf. Consent is obtained to keep and record the information and transfer it to other relevant organizations.

(b) Every trafficked person has the right to refuse or receive reintegration assistance. In case of a child victim, assistance will be offered until there is no risk of re–trafficking or s/he reaches her/his level of maturity (the age of maturity stated in the Convention on the Rights of the Child). Children without a guardian shall be given protection.

(ဂ) လူကုန်ကူးခံရသူ တစ်ဦးချင်းစီ၏ လိုအပ်ချက်များအပေါ်မူတည်၍ အောက်ပါပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကူအညီ အမျိုးအစားများအား ပံ့ပိုးပေးရမည်–

(၁) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ

(၂) နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း

(၃) ပညာသင်ကြားနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်း

(၄) ဘဝတွက်တာ ကျွမ်းကျင်စရာ/အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးခြင်း

(၅) အသေးစားစီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေရရှိရေးဆောင်ရွက်မှုများ

(၆) နိုင်ငံသားစိစစ်ရေးကတ်/ ယာယီခရီးသွားထောက်ခံစာ/ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကဲ့သို့သော သက်သေခံအထောက်အထားများပျက်စီး/ ပျောက်ဆုံးသွားပါက ပြန်လည်ရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း

(ဃ) လူကုန်ကူးခံရခြင်း၏ အကျိုးဆက်ကြောင့် လူကုန်ကူးခံရသူထံတွင် ကျန်းမာရေးပြဿနာများ၊ အထူးသဖြင့်– HIV/AIDS၊ လိင်မှတဆင့်ကူးစက်တတ်သောရောဂါများနှင့် PTSD တို့ကဲ့သို့သော ကျန်းမာရေး ပြဿနာများကြုံတွေ့နိုင်ပါသည်။ ထိုကဲ့သို့သော ကျန်းမာရေးပြဿနာရှိသည့် လူကုန်ကူးခံရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးရာတွင် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်မှုပေးပြီး ၎င်း၏သဘောတူညီချက်အရ ကုသပေးနိုင်ရေးအတွက် လူကုန်ကူးခံရသူများနေထိုင်ရာဒေသရှိပြည်သူ့ဆေးရုံ၊ အခြားသောဝန်ဆောင်မှုပေးနိုင်သည့် မိတ်ဖက်/အရပ်ဖက်/ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

(င) လူကုန်ကူးခံရသူအား နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို ကျွမ်းကျင်ပညာရှင်မှ စနစ်တကျနှစ်သိမ့်အကြံပြုခြင်း ဆောင်ရွက်ပေးရန်ဖြစ်သည်။ အဆိုပါဝန်ဆောင်မှုမျိုး မရှိသော်လည်း သွားရောက်စီစဉ်ပေး၍ ရနိုင်မည့်အရပ်များ၌ လူမှုဝန်ထမ်း၊ စိတ်လူမှုရေးအဖွဲ့မှ သွားရောက်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဝေးလံခေါင်ဖျားသော အရပ်ဒေသများရှိ လူကုန်ကူးခံရသူများအတွက် တယ်လီဖုန်းဖြင့်နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း ပြုလုပ်ပေးရမည်။

(စ) ပညာရေးပြီးမြောက်မှုမရှိသည့် လူကုန်ကူးခံရသူများအား ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် လူကုန်ကူးခံရသူ၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ပေးရမည် ဖြစ်သည်။ အခြေခံပညာကျောင်းများ/ ကျောင်းပြင်ပပညာရေးအစီအစဉ်များ၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် တက္ကသိုလ်တို့တွင်ပညာသင်ကြားခွင့်ရရှိရေးအတွက် လိုအပ်သော ညှိနှိုင်းချိတ်ဆက်မှုများကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ လိုအပ်ပါက ပညာသင်ကြားရေးတွင် အထောက်အကူပြုနိုင်ရေးအတွက် ငွေကြေးထောက်ပံ့ခြင်းကို မိတ်ဘက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ စာရေးတတ်၊ ဖတ်တတ်အောင်သင်ကြားလိုသူများအတွက် စာသင်ဝိုင်းများ၊ ပရဟိတအဖွဲ့များနှင့် ၎င်းတို့အားလပ်ချိန်တွင်သင်ကြားနိုင်အောင် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးရမည်။



(c) The following types of reintegration assistance will be provided in accordance with the need of each trafficked victim:

(i) Health care services,

(ii) Psychosocial support,

(iii) Educational assistance,

(iv) Life Skills/Vocational training,

(v) A small business and income generation programmes, and

(vi) Arrangement for the issuance of the documents in case the documents such as National identity card/ temporary travel document/identity document are lost/damaged

(d) Trafficked persons may have trafficking related health issues such as HIV/ AIDS, sexually transmitted diseases and Post–traumatic stress disorder (PTSD). Health care services for such trafficked persons may include psychological counseling and for medical treatment. Such services can be provided by contacting public hospitals and other service providing organizations such as partner/civil society/non–governmental organizations in the place where the trafficked persons live, with the trafficked person's informed consent.

(e) Psychosocial support must be provided systematically by professionals. If such a psychosocial support service is not available, the social workers from the Psychosocial team must arrange a place accessible by the trafficked person. Psychosocial support must be arranged over the phone for those who live in remote areas.

(f) With their consent, possibilities to continue education must be arranged for the trafficked persons who have not completed their education. There is also a need for coordination with education sectors for them to access their education at Basic Education Schools/Non–formal Education programs, Degree colleges, colleges and universities. Financial assistance is arranged with the help of partner organizations to support education where necessary. Non–formal education services should be arranged for those who want to read and write during their free time with learning clubs and philanthropic groups.

(ဆ) လူကုန်ကူးခံရသူအား ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းတွင် အသက်မွေးဝမ်းကျောင်းလေ့ကျင့်သင်ကြားမှုများသည် အရေးကြီးသောလိုအပ်ချက်ဖြစ်သည်။ လူကုန်ကူးခံရသူ၏ ကျွမ်းကျင်မှု၊ ပညာအရည်အချင်း၊ လူကုန်ကူးခံရသူနေထိုင်သည့်ဒေသအခြေအနေနှင့် လူကုန်ကူးခံရသူ၏ လိုအပ်ချက်တို့အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးခြင်းတို့အားဆောင်ရွက်ပေးရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်ကြားပေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးရပါမည်။

(ဇ) အသေးစားစီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေရရှိရေး ဆောင်ရွက်မှုများအား လူကုန်ကူးခံရသူကိုယ်တိုင်ဆန္ဒပြု၍ အစီအစဉ်များရေးဆွဲရန်ဖြစ်သည်။ လူကုန်ကူးခံရသူ ဆောင်ရွက်ရန်ဆန္ဒရှိသည့် လုပ်ငန်းများသည် ၎င်းတို့နေထိုင်ရာဒေသ၊ ၎င်းတို့၏ အခြေအနေနှင့်ကိုက်ညီမှု ရှိ/မရှိ၊ အားသာချက်/အားနည်းချက်များ ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ လူကုန်ကူးခံရသူ ဆောင်ရွက်လိုသည့် လုပ်ငန်းများအတွက် ငွေသား ထောက်ပံ့ခြင်းမပြုဘဲ ပစ္စည်းဝယ်ပေးခြင်းအား လူမှုဝန်ထမ်းသမားများ ကိုယ်တိုင်၎င်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးရန် ဖြစ်သည်။ ပြန်လည်ထူထောင်ခြင်းအတွက် ထောက်ပံ့ပြီး(၁)လ (၂)ကြိမ်ပုံမှန် နောက်ဆက်တွဲ စောင့်ရှောက်မှု ဆောင်ရွက်ပေးရန်၊ လိုအပ်ချက်ပေါ်မူတည်၍(၃)လ(၁)ကြိမ် ဆက်လက်ဆောင်ရွက်ရန်၊ ပထမအကြိမ် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးပြီးနောက် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာဆန်းစစ် အကဲဖြတ်ခြင်းနှင့်လိုအပ်ပါက မအောင်မြင်ရသည့် အကြောင်းရင်းများကို ဖော်ထုတ်ရန်ဖြစ်ပြီး လုပ်ငန်းသစ်ပူးပေါင်းရေးဆွဲ၍ အရင်းအနှီးလုံလောက်မှုမရှိပါက မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒုတိယအကြိမ်၊ တတိယအကြိမ်ထပ်မံ ထောက်ပံ့ပေးရန်၊ အောင်မြင်သော ဘဝ ရပ်တည်နိုင်ရန်အတွက် ဆက်လက်ကူညီပံ့ပိုးရန်ဖြစ်ပါသည်။

(ဈ) ဘဏ္ဍာငွေအသုံးပြုမှုတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ပြန်လည် ထူထောင်ရေးဦးစီးဌာနနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင်အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ဘဏ္ဍာငွေကိုအသုံးပြု၍ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကူအညီများ ပေးရမည် ဖြစ်သည်။ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ ကူညီထောက်ပံ့မှုနှုန်းထားများအား တပြေးညီသတ်မှတ်မှုမရှိပါ။ လူကုန်ကူးခံရသူတစ်ဦးချင်းစီ၏ လိုအပ်ချက်များပေါ်မူတည်၍ ထောက်ပံ့မှုပေးရမည်။ ထောက်ပံ့မှုနှုန်းထားများအား လူမှုဝန်ထမ်းသမားများ၏တွေ့ရှိချက်၊ ထောက်ပံ့ကြေးနှုန်းထား အကြံပြုချက်၊ လူကုန်ကူးခံရသူ ဆောင်ရွက်လိုသည့် လုပ်ငန်းများအပေါ်အခြေခံ၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ နေပြည်တော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှသတ်မှတ်ပေးရန်ဖြစ်သည်။



(g) Vocational training is essential in the process of reintegration. Vocational training should be tailored to the needs of the victims of trafficking, their skills, educational level, and the situation of the place where they live. This should be done with the support of training providing government agencies, departments and NGOs, and Civil Society Organizations.

(h) Income generation plans should be planned by the victims of trafficking themselves. They should identify the strengths/weaknesses of their business plan and find out if the plan is relevant in the area where they live. Cash grants will not be provided to run the business. Instead, assets for the business will be purchased by the social workers together with the victims of trafficking. Regular follow–up assistance will be made twice a month after assistance is made for rehabilitation and once every three months for continuous assistance if required. After the first rehabilitation service is provided, the implementation of the business plan should be monitored. This should be done to identify the root causes if the plan is unsuccessful, and to draw up a new business plan if needed. Support will be provided for a second business plan and a third time, supporting the victim's successful rehabilitation.

(i) Funds from ATTF, Department of Rehabilitation, and other anti–trafficking non–governmental organizations including INGOs will be used for reintegration assistance. The amount of grants for reintegration is not equally set. The grant is made corresponding to the needs of individual victims of trafficking. The amount of the grant will be determined by the Department of Rehabilitation, Nay Pyi Taw and relevant organizations based upon the findings and recommendations made by the social workers and types of business the victims of trafficking would like to run.

(ည) ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကူအညီများ ပံ့ပိုးပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်အား လူကုန်ကူးခံရသူကိုယ်တိုင်က မိမိကိုယ်တိုင်ရပ်တည်နိုင်ချိန် (သို့မဟုတ်) အကူအညီမလိုအပ်တော့ဟု ပြောချိန် (သို့မဟုတ်) သေဆုံးချိန် (သို့မဟုတ်) ရွှေ့ပြောင်းသွားချိန်တို့တွင် လူမှုဝန်ထမ်းသမားနှင့် လူကုန်ကူးခံရသူတို့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းစဉ် အဆုံးသတ်ရန်ဖြစ်ပါသည်။ လုပ်ငန်းစဉ်တိုင်းအတွက် လူမှုဝန်ထမ်းသမားတစ်ဦးက တသမတ်တည်းတာဝန် ယူဆောင်ရွက်ရန်နှင့် ၎င်းရွှေ့ပြောင်းချိန်တွင် အခြားလူမှုဝန်ထမ်းသမားအား လွှဲပြောင်းကြောင်း လူကုန်ကူးခံရသူအား အသိပေး ချိတ်ဆက်ပေးရန်ဖြစ်ပါသည်။ မိသားစု/ အုပ်ထိန်းသူနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း ဆောင်ရွက်ရန် မသင့်လျော်သော အခြေအနေတွင် သင်တန်းကျောင်းတွင် စောင့်ရှောက်ခြင်းကို နောက်ဆုံးနည်းလမ်းအနေဖြင့် ဆောင်ရွက်ရပါမည်။

(ဋ) လူကုန်ကူးခံရသူများအနေဖြင့် လူမှုအသိုင်းအဝန်းအတွင်းသို့ လူမှုရေးအရ ဂုဏ်သိက္ခာရှိစွာ ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူများအတွက် စိတ်လူမှုရေးဆိုင်ရာမြှင့်တင်မှုများ ဆောင်ရွက်ပေးရုံသာမက လူကုန်ကူးခံရသူများအား ခွဲခြားဆက်ဆံခြင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်စေခြင်းတို့ကို မပြုလုပ်မိစေရန် ရပ်ရွာလူထုအား အသိပညာပေးသည့် လုပ်ငန်းများကို မိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။

| | |
|---|---|
| အသုံးပြုနည်းအညွှန်း | ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအကဲဖြတ်ပုံစံ |
| အသုံးပြုနည်းအညွှန်း | ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းအစီအစဉ် |



(j) With the mutual consent of the social worker and the victim of trafficking, the process of reintegration assistance terminates when the victim of trafficking can stand on her or his own feet or when she/he says she/he no longer needs the assistance, when she/he is deceased or has moved to another place. The same social worker should regularly follow up and carry out every step of the process and if she/he is transferred, case is handed over to another social worker. When reintegration back to family/guardian is not suitable, as a last resort, the victim of trafficking has to be taken care of at the vocational training center.

(k) To ensure that the trafficked persons is reintegrated into their society with dignity, cooperation with partner organizations should be done not only to provide psychosocial support to the trafficked persons but also to raise public awareness to prevent any discrimination against and psychological abuse to the victims of trafficking.

| | |
|---|---|
| Tool | Reintegration Assessment Form |
| Tool | Income Generation Plan |

**စောင့်ကြည့်လေ့လာခြင်းနှင့်သုံးသပ်ခြင်း**

၇၈။ ဤစံလုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုအား စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ရေးအဖွဲ့ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ယင်းအဖွဲ့က ဤစံလုပ်ငန်း အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လေ့လာဆန်းစစ် အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက မအောင်မြင်ရသည့်အကြောင်းရင်းများကို ဖော်ထုတ်ရန်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပြင်ဆင်ရေးဆွဲရန်ဖြစ်သည်။

**နိဂုံး**

၇၉။ မြန်မာနိုင်ငံ၏ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးဆိုင်ရာ နိုင်ငံအဆင့်စံလုပ်ငန်းအစီအစဉ်သည် ကနဦးညွှန်းပို့ခြင်း၊ လူကုန်ကူးခံရသူအဖြစ် ကနဦးနှင့် တရားဝင်ဖော်ထုတ်သတ်မှတ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ကနဦးနှင့် ထပ်မံကူညီ ပံ့ပိုးမှု၊ ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူ လူကုန်ကူးခံရသူများအား ၎င်းတို့၏ သဘောဆန္ဒအရ ကူညီပံ့ပိုးမှုဖြင့် ပြန်လည်ပို့ဆောင်ခြင်းစသည့်ကာလများအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ ပညာရှင်များအတွက် အဆင့်တစ်ခုချင်းအတွက် လမ်းညွှန်မှုများကို ဖော်ပြထားပါသည်။ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများအကြား လူကုန်ကူးမှုကိစ္စရပ်များနှင့်ပတ်သက်၍ တူညီသော ဝေါဟာရနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များရှိစေရန်အတွက် လုပ်ငန်းသုံး ဝေါဟာရများကိုလည်း ထည့်သွင်းထားသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ နယ်ပယ်အဆင့်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း/နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝန်ဆောင်မှုပေးသူများအပါအဝင် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများနှင့် ကျွမ်းကျင်သူများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသည့် လုပ်ငန်းလမ်းညွှန်တစ်ခုဖြစ်မည်ဟု ယုံကြည်ပါသည်။

၈၀။ ဤစံလုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများအား လူကုန်ကူးခံရဖွယ်ရှိသူ၊ လူကုန်ကူးခံရ သူဟု ယူဆရသူနှင့် လူကုန်ကူးခံရသူအဖြစ်သတ်မှတ်ထားသူတို့နှင့်ပတ်သက်၍ နေ့စဉ်လုပ်ငန်း ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် မွမ်းမံသင်တန်းများကို ပုံမှန်ဖွင့်လှစ် ဆောင်ရွက်သင့်ပါသည်။ ထိုသင်တန်းများတွင် လူကုန်ကူးမှုပုံစံအမျိုးမျိုး၏ လမ်းကြောင်းသစ်များ၊ လူကုန် ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ဥပဒေပြဋ္ဌာန်းမှုများ၊ နည်းဗျူဟာများ၊ လုပ်ငန်းဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ငန်းအစီအမံများကိုလည်း ထည့်သွင်းပို့ချရသင့်ပါသည်။ ထို့ပြင် စိတ်ဒဏ်ရာရှိသူများကို စီမံခန့်ခွဲခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုများ၊ ကလေးသူငယ်များနှင့် သင့်လျော်သည့် လုပ်ငန်းစဉ်များ၊ ဂျင်ဒါ (ကျား/မဆိုင်ရာ အမြင်သဘောထား)၊ ကဏ္ဍစုံချဉ်းကပ်မှုနှင့် လူ့အခွင့်အရေးစံနှုန်း စသည်တို့အပါအဝင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာကဏ္ဍအလိုက် အထူးပြုသင်တန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။



**Monitoring and Evaluation**

78. A monitoring and Evaluation Team shall be formed with the representatives from the working group on Repatriation, Reintegration and Rehabilitation of Trafficked Victims established under Anti-trafficking in Persons Law. The team will monitor and evaluate the implementation of the SOPs and identify challenges and shortcomings and revise the SOPs as necessary.

**Conclusion**

79. The Standard Operating Procedures of Myanmar on the Return/Repatriation and Reintegration of Trafficked Victims provides step-by-step guidance to anti-trafficking stakeholders and professionals involved during the initial referral, early and formal identification, protection, initial and further assistance, return and reintegration, and assisted voluntary return of children and adults. In addition, a Working Terminology is provided to establish a common language concerning trafficking related issues to ensure that all anti-trafficking actors adopt the same terminology and definitions. Finally, the SOPs are conceived as a working tool for practitioners and specialists of governmental, non-governmental and international organizations engaged in the field of anti-trafficking at different levels in Myanmar.

80. To implement the SOPs, professionals working in the anti-trafficking field shall regularly be trained and provided with refresher courses on issues concerning potential, presumed and identified victims of trafficking. The courses shall cover new trends of different forms of human trafficking; local, national, regional, and international legislation; strategies and operational tools and measures. They shall be provided with specialised training related to their mandates in anti- trafficking work as well as training on the management of trauma and cultural challenges, child friendly procedures, gender perspectives, multi-disciplinary and multi-agency approaches, and human rights standards.

**နောက်ဆက်တွဲ "က"**

## လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများနှင့် ပြည်တွင်း/ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တာဝန်များ

၁။ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန**သည် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရန်အတွက် မိသားစု၏ အခြေအနေကို စုံစမ်းမှုပြုလုပ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်း၊ လူကုန်ကူးခံရသူတို့အား ယင်းတို့၏သဘောတူညီချက်ဖြင့် ဆေးစစ်ဆေးခြင်း၊ ကုသမှုခံယူရန်လိုအပ်ပါက သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ ညွှန်းပို့ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေးအတွက် ပညာရေးနှင့် ကျွမ်းကျင်မှုအခြေခံသော အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို အခြားသော သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း လိုအပ်သလို ညွှန်းပို့ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ **ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လူထုအသိပညာပေးသင်တန်းများကို ဦးစီးဌာန၏ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းမှ ဖွင့်လှစ်သော သင်တန်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပို့ချခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့များတွင် တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေး လူထုအသိပညာပေးလုပ်ငန်းများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရ အဖွဲ့၏ အစီအစဉ်ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရပါမည်။

၃။ **ပြည်ထဲရေးဝန်ကြီးဌာန**သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အား ဖွဲ့စည်း၍ လူကုန်ကူးမှုမှုခင်းများ ကြိုတင်ကာကွယ်ခြင်း၊ ပြစ်မှုစုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူအားဖမ်းဆီးအရေးယူခြင်း၊ လူကုန်ကူးမှုများနှင့် ပုံစံလမ်းကြောင်း များနှင့်ပတ်သက်သည့် အချက်အလက်များအား ပုံမှန်အစီရင်ခံစာများ ထုတ်ဝေခြင်း၊ လူကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအတွက် လူကုန်ကူးမှုအန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို အများပြည်သူသို့ အသိပညာပေးခြင်းနှင့် သတင်းဖြန့်ချိခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါ သည်။

၄။ **ပြည်ထောင်စုရှေ့နေချုပ်ရုံး**သည် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးမှုကျူးလွန်သူ များကို ထိရောက်ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နိုင်ရန် ဥပဒေနှင့်အညီ ခိုင်လုံသော အထောက်အထားများဖြင့် တရားစွဲဆိုတင်ပို့စေရေးအတွက် သက်ဆိုင်ရာတရားစွဲ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဥပဒေအရ တရားစွဲဆိုမှုများတွင် လူကုန်ကူးခံရသူများနှင့် သက်သေများ၏လုံခြုံမှုအတွက် သက်ဆိုင်ရာတရားရုံး၊ တရားစွဲအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဥပဒေအရာရှိများမှတဆင့် လူကုန်ကူးခံရသူများအား ၎င်းတို့၏အခွင့်အရေးများကိုအသိပေးခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။



**Annex A**

## Roles of the Ministries and NGOs/INGOs working in the anti-trafficking field

1. The Department of Rehabilitation, Ministry of Social Welfare, Relief and Resettlement takes the role of secretary of the Working Group on Return/Repatriation and Reintegration. The Department is responsible for family tracing, return, providing medical examinations with the informed consent of the trafficked persons, making referrals to appropriate Departments and Organizations if medical care is needed, providing counseling, coordinating with other relevant Departments or referring where necessary and for the rehabilitation of trafficked persons including access to education, vocational training, and job opportunities.

2. The General Administration Department, Ministry of the Office of the Union Government includes a subject on raising public awareness on the Prevention of Trafficking in persons in a series of trainings conducted by the Institute of Development Administration. The region/ state administrators serve as the vice-chairpersons in the state/region body for the suppression of human trafficking; and organizes an awareness raising talk on Prevention of Trafficking in persons according to the programme of state/region government.

3. The Ministry of Home Affairs carries out functions and duties of the Central Body for Suppression of Trafficking in Persons and Working Group on Prevention of Trafficking in Persons and Protection of Victims of Trafficking in Persons. The Myanmar Police Force has set up an Anti-Trafficking in Persons Division (ATIPD) to be responsible for Trafficking Crime prevention, Criminal investigative activities, Arrest of perpetrators, Issuing regular reports on data on trafficking cases and trends, and raising the awareness of the public and disseminating information on the risk and consequences of trafficking in persons to be able to prevent trafficking in persons.

4. The Union Attorney General Office is responsible to conduct the functions and duties of the Working Group on Legal Framework and Prosecuting Measures. The Union Attorney General coordinates with related prosecution bodies to ensure effective and severe punishment against human traffickers within the framework of the law after obtaining strong evidence; during legal prosecution process, the Attorney General Office collaborates with related law offices and prosecution bodies to lay down necessary plans to ensure the safety of trafficked persons and witnesses as well as to provide them with information of their rights and protection.

၅။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**သည် လူကုန်ကူးခံရသူများအား ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ရောဂါကုသမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် ဆေးဘက်ဆိုင်ရာ လူမှုရေးအခက်အခဲ ပြဿနာများကို ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့အပြင် လူကုန်ကူးမှုကိစ္စများအား ဆေးပညာနယ်ပယ်မှ ကျွမ်းကျင်သူများ သိရှိနိုင်ရန်နှင့် လူကုန်ကူးခံရသူများအား ကုသမှုပေးရာတွင် ၎င်းတို့၏ ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် သင်တန်းနှင့် အသိပညာပေးမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ **ပညာရေးဝန်ကြီးဌာန**သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များကို အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာကျောင်းများဖြစ်သော ဒီဂရီကောလိပ်/ ကောလိပ်/ တက္ကသိုလ်များနှင့် ကျောင်းပြင်ပပညာရေး သင်ရိုးညွှန်းတမ်းများတွင် ပေါင်းစပ်သည့် နည်းလမ်း၊ သင်ရိုးညွှန်းတမ်း ပြင်ပလှုပ်ရှားမှုများစသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် လူကုန်ကူးမှုကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး၊ အရေးပါသော အခန်းကဏ္ဍတစ်ရပ်လည်းဖြစ်ပါသည်။ ထို့အပြင် ကြိုတင်ကာကွယ်ရေးအရ အခြေခံပညာသင်ယူမှု မပြီးဆုံးမီ ကျောင်းထွက်မှုများအတွက် လုပ်ငန်းများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် လူကုန်ကူးခံရသူ ကလေးများ/ လူကုန်ကူးခံရသူများ၏ မိသားစုဝင်ကလေးများ တက်ရောက်ခြင်း၊ လူကုန်ကူးခံရသူ လူငယ်များအတွက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက အသက်မွေးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာပညာတို့ကိုပေးဝေခြင်းအားဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းတွင် ကူညီပံ့ပိုးရမည်ဖြစ်ပါသည်။

၇။ **နိုင်ငံခြားရေးဝန်ကြီးဌာန**သည် ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသူများအား လူကုန်ကူးခံရသူ ဟုတ်၊ မဟုတ် ကနဦးစိစစ်ခြင်း၊ လူကုန်ကူးခံရသူများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူ နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်၍ လိုအပ်သည့် အထောက် အထားများရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ လူကုန်ကူးခံရသူများ ဆိုက်ရောက်နိုင်ငံများရှိ ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ရှိနေစဉ်အတွင်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများရရှိနိုင်ရေးအတွက် ဆိုက်ရောက်နိုင်ငံရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများ တရားစွဲဆိုရေးလုပ်ငန်းစဉ်၌ သက်သေအဖြစ်ထွက်ဆိုရာတွင် သက်ဆိုင်ရာနိုင်ငံဆိုင်ရာ မြန်မာသံရုံးဝန်ထမ်းများ/ အလုပ်သမားသံအရာရှိများမှ တရားရုံးသို့သွားရောက်ခြင်း၊ ကျွမ်းကျင်သည့် ဘာသာပြန်များရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းစသည့် လိုအပ်သော ကူညီပံ့ပိုးမှုများရရှိနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈။ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသား ဦးစီးဌာန**သည် ပြည်ပနိုင်ငံများတွင် လူကုန်ကူးခံရသူများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံသားစိစစ်ခြင်း၊ ပြန်လည်လက်ခံသူများအား မိဘအုပ်ထိန်းသူထံ ပြန်လည်ပို့ဆောင်ရာ တွင် လိုအပ်သည့်ခရီးသွား ထောက်ခံချက်များ ထုတ်ပေးခြင်း၊ လိုအပ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနသည် ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရာတွင် အဆင်ပြေချော မွေ့စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။



5. The Ministry of Health and Sports plays an important role in protecting trafficked persons by providing them with health care services including physical, psychological and psychiatric treatment and helping them to address medical social issues. The Ministry also organizes training and information services for medical professionals to raise their awareness of trafficking issues and to improve them with skills in providing treatment to victims of human trafficking.

6. The Ministry of Education plays an important role in the prevention of human trafficking by integrating awareness raising programmes on the Prevention of Trafficking in persons into the curricula of Basic Education Schools and Higher Education Schools such as Degree Colleges, Colleges, Universities, and Non–formal Education and by implementing extra–curricular activities. Furthermore, as a preventive measure, plans should be set up and implemented for basic education dropout students. The Ministry supports the process of reintegration through enrollments of trafficked children/ children of trafficked persons in mainstream basic and professional/vocational education provided by the Department of Technical and Vocational Education and Training.

7. The Ministry of Foreign Affairs initially verifies whether a person abroad is truly a victim of trafficking; cooperates and collaborates with related Departments and organizations in the host country to ensure necessary protection for victims at temporary shelters; during the legal prosecution process provides assistance to staff and labor officers of relevant Myanmar Embassies abroad who bear witness and give evidence; supplies expert interpreters and gives necessary support to victims.

8. The Ministry of Labour, Immigration and Population, and National Registration and Citizenship Department is responsible for initiating the process of National verification to repatriate the trafficked persons, issue necessary travel documents for returnees, and when needed obtain National Registration Cards for trafficked persons. The Department of Immigration collaborates with relevant Departments for the facilitated and conducive repatriation of trafficked victims.

၉။ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြား ရေးဦးစီးဌာန**သည် လူကုန်ကူးခံရသူများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားခြင်း နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Office) များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၀။ **ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ**သည် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုးခြင်း ဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ကလေးသူငယ်များ အပါအဝင် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကူညီပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများရှိရမည်ဖြစ်ပါသည်။



9. Ministry of Labour, Immigration and Population, Department of Labour is responsible to provide skills development training to victims of trafficking and to coordinate with Labour Exchange Offices which are under the Department of Labour for job opportunities.

10. UN Agencies and Non–Governmental organizations play an important role in providing protective care and assistance to trafficked persons through the collaboration with relevant Ministries in Myanmar. Coordination with Non–Governmental Organizations and Civil Society Organizations is essential to ensure a range of protection and assistance measures for trafficked persons including children.

## လူကုန်ကူးခံရသူများအတွက် ပံ့ပိုးပေးသင့်သောဝန်ဆောင်မှုများ၊ ဆောင်ရွက်နိုင်မည့် ကျွမ်းကျင်သူများနှင့် ဝန်ဆောင်မှုပေးသူများ

| ဝန်ဆောင်မှု/လုပ်ငန်း | ကျွမ်းကျင်သူများ | ဝန်ဆောင်မှုပေးသူများ |
|---|---|---|
| နေရာထိုင်ခင်း | ဂေဟာမှ ဝန်ထမ်းများ | လူကုန်ကူးခံရသူများအတွက် အစိုးရမှ ဖွင့်လှစ်ထားသည့် ယာယီလက်ခံ စောင့်ရှောက်ရေး ဂေဟာများ |
| လူမှုရေးဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း | လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်သူ များ/<br>ဂေဟာမှဝန်ထမ်းများ/<br>ဆေး လူမှုဆက်ဆံရေး ဝန်ထမ်းများ | ကျန်းမာရေးနှင့်အားကစားဝန်ကြီး<br>ဌာန အောက်ရှိ ဆေးရုံ/ ဆေးခန်းများ၊<br>ကလေးသူငယ်ဆိုင်ရာ လူမှုဝန်ထမ်း<br>လုပ်ငန်းဆောင်ရွက်သူများ၊ ဂေဟာများ |
| စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း | စိတ်ပညာရှင်/<br>စိတ်ကုထုံးပညာရှင်/ကျောင်း/<br>ကလေးသူငယ်<br>ဆိုင်ရာ စိတ်ရောဂါအထူးကု ပညာရှင်/<br>ဆေးလူမှုဆက် ဆံရေးဝန်ထမ်းများ | ကူညီထောက်ပံ့နေသည့်အဖွဲ့အစည်း<br>များ၊ ကျန်းမာရေးနှင့် အားကစား<br>ဝန်ကြီး ဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများ၊<br>စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်း ဆောင်ရွက်<br>ပေးနေသည့်အစိုးရ မဟုတ်သော အဖွဲ့အစည်းများ |
| စိတ်ရောဂါပြုစု စောင့်ရှောက်ခြင်း | စိတ်ရောဂါအထူးကု ဆရာဝန်များ | ကျန်းမာရေးနှင့် အားကစားဝန်ကြီး<br>ဌာန အောက်ရှိ ဆေးရုံ/ ဆေးခန်းများ |
| အခမဲ့ဥပဒေဆိုင်ရာ<br>နှစ်သိမ့်ဆွေးနွေးခြင်းနှင့်<br>အကူအညီပေးခြင်း | ရှေ့နေ/<br>လူကုန်ကူးခံရသူအား ကူညီသူ | နိုင်ငံအဆင့်ဥပဒေဆိုင်ရာအကူအညီ၊ တိုင်းဒေသကြီး/<br>ပြည်နယ်များတွင် ပေးသည့် အခမဲ့ဥပဒေဆိုင်ရာ အကူ<br>အညီ၊ ဥပဒေဆိုင်ရာအကူအညီပေး သည့်<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| ဆေးကုသမှုဆိုင်ရာ အကူအညီ | ဆရာဝန်/သူနာပြုများ/<br>ဆေးလူမှုဆက်ဆံရေးမှူးနှင့် အရာရှိများ | ဂေဟာများ၊ ကျန်းမာရေးနှင့် အားကစား<br>ဝန်ကြီးဌာနအောက်ရှိ ဆေးရုံ/ ဆေးခန်း များ၊<br>အသိအမှတ်ပြုပုဂ္ဂလိကဆေးရုံများ |
| စကားပြန်ခြင်း | စကားပြန်များ/<br>လက် သင်္ကေတ ဘာသာ<br>စကားပြန်များနှင့် လိုက်နာရမည့်<br>ကျင့်ဝတ်များ | ဂေဟာများ၊<br>အစိုးရဌာနများ၊<br>အကူအညီပေးသည့်အဖွဲ့အစည်းများ |
| ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ<br>ဝန်ဆောင်မှုများ | ဂေဟာနှင့် လူမှုဝန်ထမ်းမှ<br>လူမှုရေးဆိုင်ရာဖြစ်ရပ် စီမံခန့်ခွဲသူ/<br>ဆေးလူမှု ဆက်ဆံရေးဝန်ထမ်းများ | အစိုးရမှဖွင့်လှစ်သည့် ဂေဟာများ၊ ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီး<br>ဌာနအောက်ရှိ ဆေးရုံ/ဆေးခန်းများ၊<br>ကူညီထောက်ပံ့ပေးသည့် အဖွဲ့အစည်းများ |
| လုံခြုံရေး | ရဲအရာရှိများ | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ |



## Services provided for the victims of trafficking, professionals and service providers

| Service/measure provided | Professionals | Service providers |
|---|---|---|
| Accommodation | Shelter operators/Staff | – State run temporary shelters for VoT |
| Social counselling | Social workers/<br>Shelter operators/<br>Medical social workers | – Hospitals/clinics under Ministry of Health and Sports<br>– CSW<br>– Shelters |
| Psychological counselling | Psychologists/<br>Psychotherapists School/<br>child psychologists<br>Medical social workers | – Assisting agencies,<br>– Hospitals/clinics under Ministry of Health and Sports<br>– NGOs that offer psychological counselling |
| Psychiatric care | Psychiatrists | – Hospitals/clinics under Ministry of Health and Sports |
| Free legal counselling and assistance | Lawyers/ Victim advocates | – National Legal assistance<br>– Free legal assistance in the states/regions<br>– Non-governmental organization which provides legal assistance |
| Medical assistance | Doctors, Nurses, Medical social workers and officers | – Shelters,<br>– Hospitals/clinics under Ministry of Health and Sports<br>– Licensed private hospitals |
| Interpretation | Interpreters/Sign language interpreters following the code of conduct | – Shelters<br>– Government Departments<br>– Assisting organizations |
| Health and social services | Case manager from shelter and Department of Social Welfare/<br>Medical social workers | – State run shelters<br>– Hospitals/clinics under Ministry of Health and Sports<br>– Assisting organizations |
| Security | Police officers | – Anti-Trafficking in Persons Division |

| ဝန်ဆောင်မှု/လုပ်ငန်း | ကျွမ်းကျင်သူများ | ဝန်ဆောင်မှုပေးသူများ |
|---|---|---|
| ဘာသာစကား သင်တန်း | ဘာသာစကား နည်းပြများ | ဒေသဆိုင်ရာကျောင်းများ၊<br>ပုဂ္ဂလိကကျောင်းများ၊<br>စေတနာ့ဝန်ထမ်းများ |
| ပညာရေးဆိုင်ရာ လှုပ်ရှားမှုများ | ကျောင်းအုပ်ကြီး၊ ဆရာ/ ဆရာမများနှင့်<br>ကျောင်းနှင့် ပါဝင်ပတ်သက်သူများ | သက်ဆိုင်ရာဒေသတွင်းရှိ<br>ကျောင်းများ |
| အသက်မွေး ဝမ်းကျောင်းဆိုင်ရာ<br>သင်တန်းများ | အသက်မွေးဝမ်းကျောင်း<br>ဆိုင်ရာနှစ်သိမ့်ဆွေးနွေးသူ | စောင့်ရှောက်ရေးဂေဟာများ၊<br>ပညာရေးဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများ၊<br>တိုင်းဒေသကြီး/ပြည်နယ်အသက်မွေး<br>ဝမ်းကျောင်းသင်တန်းစင်တာများ |
| အလုပ်အကိုင်နေရာ<br>ချထားရေးအကူအညီ | လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်သူ<br>များ/<br>လူမှုရေးဆိုင်ရာ ဖြစ်ရပ်စီမံ ခန့်ခွဲသူ/<br>ဂေဟာဝန်ထမ်းများ<br>ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းများ | စောင့်ရှောက်ရေးဂေဟာများ၊<br>ကလေး သူငယ်ဆိုင်ရာလူမှုဝန်ထမ်း လုပ်ငန်း<br>ဆောင်ရွက်သူများ၊ အစိုးရမဟုတ်သော<br>အဖွဲ့အစည်းများ |
| မိသားစု/<br>ရပ်ရွာ ပြန်လည်<br>ဝင်ဆံ့ ပေါင်းစည်းရေး လုပ်ငန်းများ | လူမှုရေးရာ ဖြစ်ရပ်စီမံ ခန့်ခွဲသူ/<br>လူမှုရေးဆိုင်ရာ<br>လုပ်ငန်းဆောင်ရွက်သူများ/<br>ဂေဟာဝန်ထမ်းများ/ ဆေးလူမှု<br>ဆက်ဆံရေး ဝန်ထမ်းများ | ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန/<br>စောင့်ရှောက်ရေး ဂေဟာများ၊<br>ကလေးသူငယ်ဆိုင်ရာ လူမှုဝန်ထမ်း လုပ်ငန်း<br>ဆောင်ရွက်သူများ၊<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| အပန်းဖြေလှုပ်ရှားမှုများ | ဂေဟာဝန်ထမ်းများ/<br>လူမှုရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်သူများ | စောင့်ရှောက်ရေးဂေဟာများ၊<br>အစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| စောင့်ကြည့်လေ့လာ ခြင်းနှင့်<br>ပြန်လည်သုံးသပ် ခြင်း အကူအညီ | လူမှုရေးဆိုင်ရာ ဖြစ်ရပ် စီမံခန့်ခွဲသူ/<br>ဂေဟာမှ ဖြစ်ရပ်စီမံခန့်ခွဲသူ | ကလေးသူငယ်ဆိုင်ရာ လူမှုဝန်ထမ်း<br>လုပ်ငန်းဆောင်ရွက်သူ၊ စောင့်ရှောက်ရေးဂေဟာများ |



| Service/measure provided | Professionals | Service providers |
|---|---|---|
| Language training | Language instructors | – Local schools<br>– Private schools<br>– Volunteers |
| Educational activities | Principals, Teachers and stakeholders in school | – Local schools |
| Vocational training | Vocational counselors | – Shelters<br>– Education Offices in States/ Regions<br>–Vocational Training Centers in States/Regions |
| Job placement assistance | Social workers<br>Case manager<br>Shelter case manager<br>Shelter staffs<br>Medical social workers | – Shelters<br>– Child Social Workers<br>– NGOs |
| Reintegration into family/ community | Case manager<br>Social workers<br>Shelter staff<br>Medical social workers | – Ministry of Health and Sports<br>– Shelters<br>– Child Social Workers<br>– NGOs |
| Recreational activities | Shelter staffs<br>Social workers | – Shelters<br>– NGOs |
| Monitoring and evaluation assistance | Case manager<br>Shelter case manager | – Child Social Workers<br>– Shelters |

## လုပ်ငန်းသုံးဝေါဟာရများ

၁။ **ဖော်ထုတ်သတ်မှတ်ထားသည့် လူကုန်ကူးခံရသူ။** လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်း လုပ်ငန်းယန္တရားအရ လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ထားသူဖြစ်သည်။

၂။ **လူကုန်ကူးခံရဖွယ်ရှိသူ။** လူကုန်ကူးခံရခြင်းမရှိသော်လည်း သူ/သူမ၏ အချက်အလက်များ (သို့မဟုတ်) အချို့သောအညွှန်းကိန်းများအရ လူကုန်ကူးခံရဖွယ်ရှိသည်ဟု ယူဆရသော အရွယ်မရောက်သေးသူ(သို့မဟုတ်) အရွယ်ရောက်ပြီးသူ မည်သူမဆိုကို ဆိုလိုပါသည်။

၃။ **လူကုန်ကူးခံရသူဟုယူဆရသူ။** လူကုန်ကူးခံရသူတစ်ဦးအဖြစ် ယူဆထားသော်လည်း သက်ဆိုင်ရာ အာဏာပိုင်များမှ လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ခြင်းမပြုရသေးသူ (သို့မဟုတ်) လူကုန်ကူးခံရသူအဖြစ်ဥပဒေအရ ဖော်ထုတ်သတ်မှတ်ခြင်းအားခံယူရန် ဆန္ဒမရှိသူ ဖြစ်သည်။

၄။ **ကူညီပံ့ပိုးမှုရယူသည့်လူကုန်ကူးခံရသူ။** လူကုန်ကူးခံရသူဟု သတ်မှတ်ထားပြီးဌာနဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ နိုင်ငံတကာ (သို့မဟုတ်) အခြားသော သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကူညီပံ့ပိုးမှုများကို သဘောတူလက်ခံသူဖြစ်သည်။

၅။ **ကလေးသူငယ်။** မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ သတ်မှတ်ထားသူကို ဆိုသည်။

၆။ **လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ။** လူကုန်ကူးခံရသူများအတွက် **ပြန်လည်ထူထောင်ရေး ဦးစီးဌာန/လူမှုဝန်ထမ်းဦးစီးဌာန**မှ တာဝန်ပေးအပ်သည့် လူမှုဝန်ထမ်းလုပ်ငန်းဆောင်ရွက်သူကို ဆိုလိုပါသည်။ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူသည် လူကုန်ကူးခံရသူနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအကြား အဓိက ဆက်သွယ်ဆောင်ရွက်ပေးရမည့်သူဖြစ်သည်။ ကူညီပံ့ပိုးမှု လုပ်ငန်းစဉ်တလျှောက်လုံးတွင် လူကုန်ကူးခံရသူအား ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက် ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ကလေးသူငယ် လူကုန်ကူးခံရသူ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆုံးဖြတ်ချက် ချမှတ်သောအခါ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူသည် ဂေဟာမှ တာဝန်ရှိသူ၊ ဥပဒေအရ အုပ်ထိန်းခွင့်ရှိသူနှင့် အခြားသောကျွမ်းကျင်သူများဖြင့် နီးကပ်စွာပူးပေါင်း၍ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် လူကုန်ကူးခံရသူ၏ သဘောတူညီမှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၇။ **ကနဦး/ကာလတို/ကာလရှည် ကူညီပံ့ပိုးမှု။** လူကုန်ကူးခံရသူအား ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးသည့်လုပ်ငန်းများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများဖြစ်သည်။ ၎င်းအစီအစဉ်များတွင် သင့်လျော်သော ယာယီလက်ခံစောင့်ရှောက်သည့်နေရာ၊ ဆေးကုသမှု၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအကူအညီ၊ ပညာရေး၊ ကျွမ်းကျင်မှုသင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဥပဒေဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အကူအညီစသည့်တို့ ပါဝင်သည်။ ကနဦး၊ ကာလတိုနှင့် ကာလရှည်ကူညီပံ့ပိုးမှုများအား ခရီးဆုံးနိုင်ငံ၊ ဖြတ်သန်းရာနိုင်ငံနှင့် မူရင်းနိုင်ငံတို့မှ ဌာနဆိုင်ရာ အဖွဲ့အစည်းများက အစိုးရမဟုတ်သော အဖွဲ့အစည်းများ (သို့မဟုတ်) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

၈။ **လူကုန်ကူးခံရသူအားကူညီစောင့်ရှောက်မှုအစီအစဉ်။** လူမှုရေးဆိုင်ရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ကူညီပံ့ပိုးမှုရယူသည့် လူကုန်ကူးခံရသူတို့ ပူးတွဲရေးဆွဲသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ယင်းအစီအစဉ်တွင် လူကုန်ကူးခံရသူ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် ရည်မှန်းချက်၊ လုပ်ငန်းများနှင့် ဝန်ဆောင်မှုများအား ရှင်းလင်းစွာ ဖော်ပြထားသည်။



## Working Terminology

1. **Identified trafficked person**: A person who has been identified as a victim of trafficking according to an identification mechanism.

2. **Potential trafficked person**: Any person (minor or adult) who has not been trafficked but, given her/his profile or the appearance of certain indicators, may be vulnerable to human trafficking.

3. **Presumed trafficked person**: A person who is presumed to be a victim of trafficking but who has not been formally identified by the relevant authorities or has declined to be formally or legally identified.

4. **Assisted trafficked person**: A person who has been identified as a victim of trafficking and who has agreed to accept assistance from governmental, non–governmental, and international or other relevant organization.

5. **Child**: A person defined as a child under existing Myanmar Law.

6. **Case manager**: She/he is the social worker appointed by the Department of Rehabilitation/Social Welfare for a trafficked person. The case manager acts as the primary point of contact for the trafficked person and all relevant stakeholders. S/he co–ordinates and supervises all services provided to the assisted person throughout the whole support process. The case manager works in close cooperation with the shelter case manager and the child's legal guardian and all other professionals when decisions are to be made about the best interests of the assisted person, whose consent is always sought.

7. **Initial, Short – and Long– term Assistance**: Measures, programmes and services aimed at the recovery of trafficked persons that might include, but are not limited to, appropriate shelter; medical, psychological and material assistance; educational, training and employment opportunities; legal counselling and assistance. Initial, short – and long – term assistance should be offered by governmental organizations in cooperation with non–governmental or international organizations in countries of destination, transit and origin.

8. **Assistance Plan**: It is a written agreement jointly developed by the case manager and the assisted trafficked person where goals, activities and services –tailored to the individual's needs –are clearly defined.

၉။ **အကောင်းဆုံးအကျိုးစီးပွားစိစစ်သတ်မှတ်ခြင်း။** အထူးသဖြင့် ကလေးသူငယ်အား သက်ရောက်မှုရှိသည့် အရေးကြီးသော ဆုံးဖြတ်ချက်များတွင် ကလေးသူငယ်၏အကောင်းဆုံး အကျိုးစီးပွားကို ဆုံးဖြတ်ရန်အတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု အစီအမံများနှင့် လုပ်ငန်းစဉ်များဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်တွင် ကလေးသူငယ်အား ခွဲခြားဆက်ဆံမှုမပြုဘဲ ၎င်း၏ဆန္ဒအလျောက် ပူးပေါင်းပါဝင်မှုရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများ ပါဝင်ရမည်ဖြစ်သည်။ ထို့အပြင် အကောင်းဆုံးရွေးချယ်မှုအား အကဲဖြတ်နိုင်ရန်အတွက် ဆက်စပ်သည့် အချက်အလက်အားလုံးကို ချိန်ညှိရမည်ဖြစ်သည်။

၁၀။ **အကောင်းဆုံးအကျိုးစီးပွားအကဲဖြတ်ခြင်း။** အထက်ဖော်ပြပါအကောင်းဆုံး အကျိုးစီးပွား စိစစ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သည့် ကလေးသူငယ်များမှအပ ကလေးသူငယ်တစ်ဦးချင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့် အကဲဖြတ်ခြင်းတစ်ခုဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအား အဓိကထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။ အကဲဖြတ်ချက်အား ကလေးသူငယ်၏ပါဝင်မှုဖြင့် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူမှ တစ်ဦးတည်း(သို့မဟုတ်) အခြားသောဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၁။ **အန္တရာယ်အကဲဖြတ်ချက်။** မူရင်းနိုင်ငံ၊ ဖြတ်သန်းရာနိုင်ငံနှင့် ဆိုက်ရောက်ရာနိုင်ငံတို့တွင် လူကုန်ကူးခံရသူ၏ အခြေအနေနှင့် ၎င်းတို့အား ကူညီပံ့ပိုးမည့်အစီအစဉ်တို့နှင့်ပတ်သက်၍ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များ ဖော်ထုတ်သတ်မှတ်ရန်နှင့် အကဲဖြတ်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ရမည့် ပုံမှန်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

၁၂။ **အန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** ဖြစ်နိုင်ခြေရှိသောအန္တရာယ်အား ဖြစ်နိုင်ခြေရှိမှု အနိမ့်ဆုံးဖြစ်အောင် လျော့ချနိုင်ရန်နှင့် ကူညီပံ့ပိုးမှုခံယူနေသည့် လူကုန်ကူးခံရသူအတွက် ပြင်ပတွင် နေထိုင်မှုအစီအစဉ်၊ ကူညီပံ့ပိုးမှုဖြင့် ၎င်း၏ သဘောဆန္ဒအရ ပြန်လည်ပို့ဆောင်ခြင်းစသည့် စီစဉ်ထားသည့် လုပ်ငန်းများအား ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ဆောင်ရွက်မည့်အဆင့်များနှင့် လုပ်ငန်းများအား ဖော်ပြထားသည့်အစီအစဉ် တစ်ခုဖြစ်ပါသည်။ အစီအစဉ်အားဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ကူညီထောက်ပံ့မှုခံယူနေသည့် လူကုန်ကူးခံရသူတို့မှ ပုံမှန်သုံးသပ်ရန်နှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီစေရန်အတွက် ဆောင်ရွက်ရန်ဖြစ်သည်။

၁၃။ **ကာကွယ်စောင့်ရှောက်ခြင်း။** မူရင်းနိုင်ငံ၊ ခရီးဆုံးနိုင်ငံ (သို့မဟုတ်) တတိယနိုင်ငံတွင် လူကုန်ကူးခံရသူ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးနှင့်ပတ်သက်၍ အကာအကွယ်ရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

၁၄။ **ကိုယ်ရေးအချက်အလက်။** လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်ထားသော (သို့မဟုတ်) ဖော်ထုတ်သတ်မှတ်နိုင်သောပုဂ္ဂိုလ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ထိခိုက်လွယ်သည့်အချက်အလက်များဖြစ်သည်။

၁၅။ **အချက်အလက်များအား လုံခြုံစွာထိန်းသိမ်းထားရှိခြင်း။** လူကုန်ကူးခံရသူများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့်အသုံးပြုခြင်းတို့တွင် လုံခြုံစွာ ထားရှိခြင်းဖြစ်သည်။

၁၆။ **နားလည်သဘောတူညီမှု။** ကြုံတွေ့နိုင်သည့်အန္တရာယ်နှင့် ရရှိနိုင်သည့် ရွေးချယ်မှုများ အပါအဝင် တွေ့ကြုံရသည့် အခြေအနေများအား ကောင်းစွာသိရှိပြီး အဆိုပြုမှုတစ်ခုကို အခြား သူများ၏ လွှမ်းမိုးမှုမပါဘဲ လူကုန်ကူးခံရသူမှ မိမိသဘောဆန္ဒအလျောက် သဘောတူညီခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်များ မျှဝေခြင်းအပေါ် လူကုန်ကူးခံရသူ၏ သဘောတူညီမှုသည် နားလည်သဘောတူညီမှုတွင် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။



9. **Best interest determination**: It describes child protection processes with procedures designed to determine the child's best interests for particularly important decisions which have an impact on the child. It should facilitate adequate child participation without discrimination, involve decision–makers with relevant areas of expertise, and balance all relevant factors in order to assess the best option.

10. **Best interest assessment**: It is an assessment made with regard to individual children, except the children for whom the best interest determination procedure is required. This assessment is designed to ensure consideration to the child's best interests. The assessment can be done alone by a case manager or in consultation with other staff and experts through the participation of the child.

11. **Risk assessment**: A formal procedure carried out by the relevant actors to identify and assess the risks associated with the trafficked person's situation and the plan of assistance in the country of origin and/or transit and destination.

12. **Risk management plan**: A plan that outlines the steps and measures to take in order to reduce risks and effectively manage the activities planned for the trafficked person assisted (e.g. non– residential programme, voluntary assisted return, etc.). The plan must be regularly reviewed and updated by the case manager and the assisted victim of trafficking in person.

13. **Protection**: Refers to the procedures to ensure the trafficked person's physical safety and safeguard her/his prospects of social inclusion in the place/country of origin, destination, or a third country.

14. **Personal data**: Information or sensitive data related to an identified or identifiable person.

15. **Data protection**: It refers to the implementation of security measures for the protection of personal data collected, stored, and used.

16. **Informed consent**: Any free, voluntary approval made by a victim of trafficking in person, to something proposed after she/he is fully informed about procedures and situations including awareness of any risks involved and any available options. Information sharing is an essential component of "informed consent".

၁၇။ **မိသားစုအခြေအနေစုံစမ်းခြင်း။** လူကုန်ကူးခံရသူ၏ မိသားစုအားရှာဖွေရန်အတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို လူကုန်ကူးခံရသူသည် မိသားစုနှင့် ဆက်သွယ်လိုသည့် ဆန္ဒရှိခြင်း (သို့မဟုတ်) မိသားစုနှင့်အတူ နေထိုင်လိုသည့်ဆန္ဒရှိသာ ဆောင်ရွက်ရမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် မိသားစု (သို့မဟုတ်) မိသားစုဝင်များသည် လူကုန်ကူးခံရခြင်းတွင် အဓိကပါဝင်နေသဖြင့် လူကုန်ကူးခံရသူသည် ကလေးသူငယ်ဖြစ်ပါက မိသားစုအခြေအနေ စုံစမ်းခြင်းကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်မှသာ ဆောင်ရွက်ရန်ဖြစ်သည်။ မိသားစုအခြေ အနေစုံစမ်းခြင်းတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။

၁၈။ **ပြန်လည်ရောက်ရှိခြင်း။** လူကုန်ကူးခံရသူသည် ကူညီထောက်ပံ့မှုများဖြင့် မူရင်းနိုင်ငံ (သို့မဟုတ်) မူလနေရပ်သို့ ပြန်လည်ရောက်ရှိခြင်းဖြစ်သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်း သဘောအရ ပြန်လည်ရောက်ရှိခြင်း လုပ်ငန်းစဉ်တွင် လူကုန်ကူးခံရသူအား နေရပ်သို့ပို့ဆောင် ပေးခြင်းသာမက လူကုန်ကူးခံရသူ၏ သဘောတူညီမှုရယူရန်၊ လူကုန်ကူးခံရသူအား ကူညီပံ့ပိုးပေး ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ဂုဏ်သိက္ခာရှိသော ပြန်လည်ရောက်ရှိမှု ဖြစ်စေရန်တို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများလည်းပါဝင်သည်။

၁၉။ **မိသားစုနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း။** လူကုန်ကူးခံရသူအပေါ် ကျရောက်နိုင်သည့် အန္တရာယ် အကဲဖြတ်ချက်အား သေချာစွာဆောင်ရွက်ပြီးနောက် လူကုန်ကူးခံရသူအား ၎င်း၏မိသားစု နှင့် ပြန်လည်ပေါင်းစည်း ပေးသည့်လုပ်ငန်းဖြစ်သည်။ ကူညီပံ့ပိုးမှုရယူသည့် လူကုန်ကူးခံရသူနှင့် ၎င်း၏မိသားစုဝင်များ၏ အပြည့်အဝဆန္ဒရှိမှု ပေါ်တွင်မူတည်၍ လူမှုရေးအရ ဝင်ဆံ့ပေးခြင်းကို ရေရှည် ဖြေရှင်းမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ မိသားစု ပြန်လည်ပေါင်းစည်းခြင်းနှင့် လူမှုရေးအရ ဝင်ဆံ့ပေးခြင်းလုပ်ငန်းစဉ်နှင့် အထူးသဖြင့် ထပ်မံလူကုန်ကူးခံရမှု အန္တရာယ် မရှိစေရေးကို စောင့်ကြည့်လေ့လာရန်အတွက် နောက်ဆက်တွဲ စောင့်ရှောက်ခြင်းအား ဆောင်ရွက်ရမည်ဖြစ်သည်။

၂၀။ **ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း။** ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်း (သို့မဟုတ်) ဝင်ဆံ့ပေါင်းစည်း ပေးခြင်းဆိုသည်မှာ လူကုန်ကူးခံရသူအား မိသားစု (သို့မဟုတ်) မူလရပ်ရွာတွင် ပြန်လည်ပေါင်းစည်းပေးခြင်း (သို့မဟုတ်) နေရာသစ်တွင် ဝင်ဆံ့ပေါင်းစည်းပေးခြင်းကိုဆိုလိုသည်။ ပြန်လည် ဝင်ဆံ့ ပေါင်းစည်းပေးခြင်း (သို့မဟုတ်) ဝင်ဆံ့ပေါင်းစည်းပေးခြင်းတွင် လူကုန်ကူးခံရသူအား ပြန်လည်ပို့ဆောင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ပေးမှုများအပြင် လူကုန်ကူးခံရသူအား လူမှုပတ်ဝန်းကျင်သို့ ပြန်လည်ပေါင်းစည်းရန်အတွက် ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုရယူသည့် လုပ်ငန်းများပါဝင်သည့် ကာလရှည်ဆောင်ရွက်ရမည့် လူမှုစီးပွား ဆိုင်ရာ ဖြေရှင်းမှုတစ်ခုဖြစ်သည်။

၂၁။ **ပြန်လည်ထူထောင်ခြင်း။** လူကုန်ကူးခံရသူများအား တည်ငြိမ်မှုပြန်လည်ရရှိစေရန်နှင့် စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာအခြေအနေများ ပြန်လည်ကောင်းမွန်လာစေရေး အတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

၂၂။ **နိုင်ငံအဆင့်ညွှန်းပို့ခြင်းဆိုင်ရာလုပ်ငန်းယန္တရား။** လူကုန်ကူးခံရသူများအဖြစ် ဖော်ထုတ် သတ်မှတ်ခြင်း၊ ပြန်လည်ပို့ဆောင်ခြင်းနှင့် ကူညီပံ့ပိုးမှုပေးခြင်းတို့အတွက် ညွှန်းပို့ခြင်းဆိုင်ရာ နိုင်ငံ အဆင့် လုပ်ငန်းယန္တရားဖြစ်ပါသည်။ လုပ်ငန်းယန္တရားသည်ကနဦးလူကုန်ကူးခံရသူအဖြစ်ဖော်ထုတ်သတ်မှတ်ခြင်းမှ ကူညီပံ့ပိုးမှုနှင့် ကာကွယ်စောင့်ရှောက်မှု အထိ လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပါသည်။



17. **Family tracing**: This is the procedure aimed at identifying the family of the trafficked person. The procedure should be put in place only if the trafficked person expresses a wish to contact the family or return home and stay with her/his family. In the case of a child victim, the family should be found only when this is in the best interests of the child, given the fact that sometimes it is the family, or family members, who are at the source of the trafficking. Family tracing involve collaboration of different governmental and non–governmental institutions.

18. **Repatriation/Return**: Refers to the assisted return of a trafficked person to her/his country and/or community of origin. In the context of anti–trafficking work, return involves not only the physical transportation of the victim but also mechanisms to ensure that the return is voluntary, assisted, safe and dignified.

19. **Reintegration into Family**: This is the act of reuniting the trafficked person with her/his family after a thorough risk assessment has been carried out. It should be made upon the full will of both the assisted person and her/his family members as a long–term solution of social inclusion. Follow–up visits should be made to monitor the process of family reunification and social inclusion, particularly with a view to ensure that no risks for re–trafficking are present.

20. **Reintegration**: Reintegration or integration refers to reuniting the victim of trafficking with the family or her/his community, or her/his integration into a new community. In addition to the physical action of the return, it involves cooperation and consent of the victim to her/his reintegration into the social environment and is targeted as a long–term socio–economic solution.

21. **Rehabilitation**: The process by which trafficked persons are stabilized and their well–being restored psychologically, physically and socially.

22. **National referral mechanism**: This refers to the national level victim referral mechanism, which is to identify, return and assist the victims of trafficking. This mechanism refers to the cooperation among different government institutions and non–governmental organizations throughout the process from initial identification of presumed victim of traffickings to providing assistance and protection.

၂၃။ **မူရင်းနိုင်ငံ/ဒေသ။** လူကုန်ကူးခံရသူ စတင်ထွက်ခွာသည့် နိုင်ငံ/ဒေသဖြစ်သည်။

၂၄။ **ဖြတ်သန်းရာနိုင်ငံ/ဒေသ။** ခရီးဆုံးနိုင်ငံ/ဒေသရောက်ရှိရန်အတွက် လူကုန်ကူးခံရသူ ဖြတ်သန်းသွားလာသည့် နိုင်ငံ/ဒေသဖြစ်သည်။

၂၅။ **ဆိုက်ရောက်ရာနိုင်ငံ/ဒေသ။** လူကုန်ကူးခံရသူနောက်ဆုံးရောက်ရှိသည့် နိုင်ငံ/ဒေသ ဖြစ်သည်။



23. **Country/place of origin**: The country/place a trafficked person comes from.

24. **Country/place of transit:** The country/place a trafficked person travels through to reach her/ his final destination.

25. **Country/place of destination**: The country/place that is the ultimate destination of a trafficked person.

**လျှို့ဝှက်**

## အခြေခံစာရင်းသွင်းပုံစံ

စာရင်းသွင်းမှတ်ပုံတင်အမှတ် –

၁။ လူကုန်ကူးခံရသူဟု ယူဆရသူ၏အမည် –
၂။ မိဘအမည် –
၃။ မွေးသက္ကရာဇ်/အသက် –
၄။ ကျား/မ –
၅။ မွေးဖွားရာဇာတိ –
၆။ နိုင်ငံသား –
၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် –
၈။ လူမျိုး/ကိုးကွယ်သည့်ဘာသာ –
၉။ အိမ်ထောင်ရေးအခြေအနေ –
၁၀။ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား –
၁၁။ အသုံးပြုသည့်ဘာသာစကား –
၁၂။ ပညာအရည်အချင်း –
၁၃။ နိုင်ငံကူးလက်မှတ်/ နယ်စပ်ဖြတ်ကျော်လက်မှတ် –
၁၄။ မူရင်းနေထိုင်သည့်လိပ်စာ –
၁၅။ ယခုရောက်ရှိနေသည့် လိပ်စာ –
၁၆။ မူရင်းနေရပ်မှထွက်ခွာခဲ့သည့်ခုနှစ် –
၁၇။ ကနဦးသတင်းအချက်အလက်ကို မည်သူ့ထံမှရရှိသည် –
၁၈။ ဖြစ်ရပ်အမျိုးအစား –

စာရင်းသွင်းသူအမည် –
လက်မှတ် –
ရက်စွဲ –

**လျှို့ဝှက်**



**Confidential**

## Basic Registration Form

Registration No. –

1. Name –
2. Parents' Name –
3. Date of Birth / Age –
4. Male/Female –
5. Place of Birth –
6. Nationality –
7. National Registration Card No. –
8. Ethnicity/Religion –
9. Marital Status –
10. Significant mark in body –
11. Language –
12. Education –
13. Passport No./Visa No. –
14. Permanent Address –
15. Current Address –
16. Year leaving from place of origin –
17. From whom initial information was received –
18. Type of case –

Name of the registrar –
Signature –
Date –

**Confidential**

လျှို့ဝှက်

## လူကုန်ကူးခံရသူဟုယူဆရသူအား လိုအပ်သည်များကို အသိပေး၍ သဘောတူညီချက် ရယူခြင်းပုံစံ

တွေ့ဆုံမေးမြန်းမှုကို ဆောင်ရွက်မည့် တာဝန်ရှိသူသည် ကျွန်ုပ်အား အောက်ပါတို့ကို အသိပေးထားပြီးဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်-

(က) ယခုမေးမြန်းခြင်းသည် သင့်အားအကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ဖြစ်ရပ်ဆိုင်ရာ အချက်အလက်များကို မေးမြန်းခြင်းဖြစ်ကြောင်း

(ခ) သင်၏ သဘောဆန္ဒရှိမှသာ တွေ့ဆုံမေးမြန်းမှုပြုလုပ်မည်ဖြစ်ကြောင်း

(ဂ) လူကုန်ကူးခံရသူအဖြစ် စိစစ်သတ်မှတ်ခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်း လုပ်ငန်းစဉ်များ

(ဃ) သတင်းအချက်အလက်များအား လုံခြုံစွာထိန်းသိမ်းထားရှိမှုဆိုင်ရာ အခြေခံမူနှင့် အခြားသော လုံခြုံရေးဆိုင်ရာအချက်အလက်များ

(င) မေးမြန်းမည့် မေးခွန်းများကို သင့်အနေဖြင့် မည်သည့်အချိန်တွင်မဆို ငြင်းဆိုခွင့်ရှိကြောင်း

(စ) မေးခွန်းများ မေးမြန်းခံရစဉ်အတွင်း သင့်အနေဖြင့် ရရှိမည့်အခွင့်အရေးနှင့် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ

(ဆ) ကနဦးကူညီထောက်ပံ့မှုကာလအတွင်း ရရှိနိုင်သည့်ဝန်ဆောင်မှုများ

တွေ့ဆုံမေးမြန်းသူ၏အမည် -
ရာထူး/ဌာန -
လက်မှတ် -
တွေ့ဆုံမေးမြန်းခံရသူ/လူကုန်ကူးခံရသူဟု ယူဆရသူ၏အမည် -
လက်မှတ် -
ရက်စွဲ -

လျှို့ဝှက်



Confidential

## Form for Receiving informed consent after providing necessary information

I undersign here that I have been provided the below information by the responsible person conducting the interview:

(a) Interview about the case data is for assistance purpose;

(b) Interview is voluntary;

(c) Identification of the victim of trafficking and interview process;

(d) Basic policy concerning information privacy of the victim and other information about personal security;

(e) Right to refuse to answer the question at each stage of the interview;

(f) Rights and responsibilities of the trafficked victim during the interview;

(g) Services provided to the victim during initial assistance.

Name of interviewer -
Position/Organization -
Signature -
Name of interviewee -
Signature -
Date -

Confidential

**လျှို့ဝှက်**

## အသက်စိစစ်မှုအစီရင်ခံစာပုံစံ

လူကုန်ကူးခံရသူဟုယူဆရသူ၏ စာရင်းသွင်းအမှတ်စဉ်–

၁။ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်နှင့် ရင့်ကျက်မှုမှ လေ့လာသုံးသပ်ချက်

..........................................................................................................

..........................................................................................................

၂။ တွေ့ဆုံမေးမြန်းရာတွင် ၎င်း၏ပြောကြားချက်များမှ လေ့လာသုံးသပ်ချက်

